www.burmeseclassic.com

ဓမ္မအမြုတေစာစဉ်(၆)

# ရဝေနွယ် (အင်းမ)


# မေတ္တာအတွေးများ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)က ရဝေနွယ် (အင်းမ)သို့
စာအုပ်မွေဒါန နဝကမ္မဝတ္ထုငွေ လှူဒါန်းပွဲ၌ရေစက်သွန်းချ အမျှပေးဝေစဉ်

## ကိုယ်တိုင်ရေးရာဇဝင်

ပဲခူးတိုင်း၊ သဲကုန်းမြို့နယ်၊ အင်းမမြို့၊ အဖဦးသိန်းနီစိန်၊ အမိဒေါ်ကျင်နုတို့က ၁၉၆၉ ခုနှစ်၊ ဇွန်လ (၁၈)ရက်၊ ဗုဒ္ဓဟူးနေ့တွင် မွေးဖွားသည်။

၁၉၇၉ ခုနှစ်တွင် ပထမအကြိမ်ရှင်သာမဏေပြုသည်။ ၁၉၈၀ခုနှစ်တွင်ဒုတိယအကြိမ် ရှင်သာမဏေပြုသည်။ဘွဲ့အမည်မှာအရှင်ရာဇိန္ဒဖြစ်သည်။ ၁၉၈၉ ခုနှစ်တွင် ရဟန်းအဖြစ်သို့ရောက်သည်။

ရန်ကုန်မြို့၊ မဟာဝိသုဒ္ဓါရုံ ပါဠိတက္ကသိုလ် ရွှေကျင်ကျောင်းတိုက်တွင် ပညာသင်ကြားခဲ့ပြီး ၁၉၉၀ ခုနှစ်တွင် ပထမကြီးတန်း၊

၂၀၀၀ ခုနှစ်တွင် သာသနဓဇဓမ္မာစရိယဘွဲ့ကို ရရှိခဲ့သည်။

(ဓမ္မာစရိယတန်း၌ ၁၀ နှစ်တိတိကြန့်ကြာခဲ့သည်။)

၁၉၈၅ ခုနှစ်တွင် ပန်မင္ဂဇင်းသို့ ဝတ္ထုတို စတင်ပို့သည်။ ၁၉၈၅၊ ၁၉၈၆၊ ၁၉၈၇၊ ၁၉၈၈၊ ၁၉၈၉ ခုနှစ်အတွင်း ပေးပို့ခဲ့သောစာမူအားလုံး အပယ်ခံရသည်။ ၁၉၉၀ ခုနှစ် ဧပြီလထုတ် မြတ်မင်္ဂလာစာစောင်တွင် ဓမ္မဆောင်းပါး ပထမဆုံးစတင်ဖော်ပြခံရသည်။

မြတ်မင်္ဂလာ၊ သီလဝ၊ သစ္စာ၊ အပ္ပမာဒ၊ မြတ်သတိဝါဒီ၊ သူရဇ္ဇ၊ ရုပ်ရှင်တေးကဗျာ၊ FASHION IMAGE၊ FACES (မှခ)၊ FUTURE LIGHT ပေါ်ပြူလာ၊ အလင်းတန်း၊ အင်တာဗျူး၊ ရွှေပြည်တန် စသည်တို့၌ ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးများရေးသားခဲ့သည်။

၂၀၀၁ ခုနှစ်၊ ဇန်နဝါရီလတွင် ပညာရွှေတောင်စာအုပ်တိုက်မှ "ဘဝတိုင်း ဆုံတွေ့ချင်ပါသလား" ဘာသာရေးစာအုပ်ကို စတင်ထုတ်ဝေခဲ့သည်။

၂၀၀၁ ခုနှစ်တွင် "ရွှေစကားတို့ရဲ့မြစ်ဖျား"

၂၀၀၂ ခုနှစ်တွင် "သံသရာခရီးဖော်"

၂၀၀၃ ခုနှစ်တွင် "ကုသိုလ်ဖြစ်အောင်တွေးမယ်" စာအုပ်များကို ထုတ်ဝေခဲ့သည်။

၂၀၀၄ခုနှစ်အတွက် "မင်္ဂလာအတွေးများ" စာအုပ်ဖြင့် ဓမ္မဗိမာန်စာပေ ပထမဆုနှင့် ဆန်းလွင်စာပေ ပထမဆုကို ရရှိခဲ့သည်။

ယခုအခါ ရန်ကုန်မြို့ ၊ရန်ကင်းမြို့နယ်၊ကျောက်ကုန်း၊သုခါပဋိပဒါသဒ္ဓမ္မရှိသီရိပ်သာကျောင်းတိုက်၌ သီတင်းသုံးလျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| အတွင်းခွင့်ပြုချက် | ၃၂၀၁၈၆၀၅၀၃ |
| မျက်နှာဖုံးခွင့်ပြုချက် | ၃၂၀၁၈၈၀၅၀၄ |
| ထုတ်ဝေသည့်အကြိမ် | ပထမအကြိမ် ၂၀၀၅-ခုနှစ်၊ ဇွန်လ |
| အုပ်ရေ | ၄,၀၀၀ |
| မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း | ဗဂျီလင်းဝဏ္ဏ |
| အတွင်းဖလင် | အေဇက်(ကိုသစ်) |
| ကာလာခွဲ | နယူးဒေး |
| ထုတ်ဝေသူ | ဦးကျော်ဟင်း ယုံကြည်ချက်စာပေ အမှတ်-၁၁၁၊ ၃၃လမ်း၊ ရန်ကုန် |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် | ဒေါ်ခင်အေးမြင့် ရာပြည့်အော့ဖ်ဆက် အမှတ်(၁၉၉)၊ လမ်း(၅၀) ပုဇွန်တောင်မြို့နယ်။ |
| စာအုပ်ချုပ် | ကိုမြင့် |
| ဖြန့်ချိရေး | နေလစာပေ အမှတ်(၂၁၆)၊ ၃၁-လမ်း(ထက်) ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| တန်ဖိုး | ၅၀၀ ကျပ် |

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| က။ | စာရေးသူရဲ့အမှာ | ၄ |
| ၁။ | မေတ္တာအတွေးများ(၁) | ၉ |
| ၂။ | မေတ္တာအတွေးများ(၂) | ၂၁ |
| ၃။ | မေတ္တာအတွေးများ(၃) | ၃၁ |
| ၄။ | မေတ္တာအတွေးများ(၄) | ၄၃ |
| ၅။ | မေတ္တာအတွေးများ(၅) | ၅၅ |
| ၆။ | မေတ္တာအတွေးများ(၆) | ၆၅ |
| ၇။ | မေတ္တာအတွေးများ(၇) | ၇၅ |
| ၈။ | မေတ္တာအတွေးများ(၈) | ၈၉ |
| ၉။ | မေတ္တာအတွေးများ(၉) | ၁၀၁ |
| ၁၀။ | မေတ္တာပို့အစဉ် | ၁၁၄ |
| ဂ။ | စာအုပ်မမွှဒါနအလှူရှင်စာရင်း | ၁၂၀ |

www.burmeseclassic.com

www.burmeseclassic.com



# စာရေးသူရဲ့အမှာ

အလင်းတန်းဂျာနယ်မှာ "မင်္ဂလာအတွေးများ" ရေးနေတုန်းမှာပဲ ရင်းနှီးတဲ့အသိတချို့က "မင်္ဂလာအတွေးများ ပြီးရင် ဘာဆက်ရေးမှာလဲ"လို့ မေးကြပါတယ်။ ဒီတော့ စာရေးသူက "မေတ္တာအတွေးများ ဆက်ရေးမယ်"လို့ ဖြေလိုက်မိပါတယ်။ တစ်ဆက်တည်း ထပ်မေးကြတာက "မင်္ဂလာအတွေး ပုံစံမျိုးလား"တဲ့၊ "အဲဒါတော့ မပြောတတ်သေးဘူး"လို့ ပြန်ဖြေလိုက်ရပါတယ်။မင်္ဂလာအတွေးများ ရေးနေဆဲမှာပဲ ဦးဇင်း အရှင်ဆန္ဒာဓိကနဲ့ မကြာခဏတွေ့ဖြစ်



သလို မကြာခဏလည်း စကားတွေပြောဖြစ်ပါတယ်။ ပြောဖြစ်တဲ့စကားတွေထဲမှာတော့ ရှေ့ဆက်ရေးမယ့် မေတ္တာအတွေးများ အကြောင်းလည်းပါပါတယ်။

ဦးဇင်း အရှင်ဆန္ဒာဓိက ကတော့ မေတ္တာအတွေးများကို အထူးအားပေးသလို "မေတ္တာအတွေးများပြီးရင် ဂုဏ်တော်အတွေးများ ဆက်ရေးပေါ့"လို့တောင် ကြိုတိုက်တွန်း နေပါသေးတယ်။

ဆရာဦးဝင်းငြိမ်းမေးတော့လည်း ဒီအတိုင်းပဲ ဖြေခဲ့ပါတယ်။ ဒါပေမယ့် ဆရာဦးဝင်းငြိမ်းကိုတော့ "အလင်းတန်းမှာ စောင့်ဖတ်နေတဲ့ ပရိသတ်က သီးသန့်ရှိနေတာဆိုတော့ သေချာလေးတော့ အားစိုက်ရေးပေးချင်တယ် ဆရာ"လို့ အဆစ်ကလေးပါ ထည့်ဖြေလိုက်မိပါတယ်။ တကယ်လည်း ဟုတ်ပါတယ်။ မေတ္တာနဲ့ပတ်သက်လို့ စာအုပ်တော်တော်များများကိုဖတ်ပြီးပေမယ့် စာဖတ်ပရိသတ်ကို ဘယ်ပုံစံနဲ့ တင်ပြရမလဲဆိုတာ စဉ်းကို မစဉ်းစားရသေးတာပါ။ မေတ္တာသုတ်ကို တစ်ဂါထာချင်း ဖွင့်ပြီး ရေးသွားမလား? ဒါမှမဟုတ် ပိဋကတ်တော်ထဲက မေတ္တာအကြောင်းတွေ လိုက်ရှာပြီး ကျမ်းခန့်ခန့်တစ်စောင် ရေးမလား?

ကိုယ့်ရှေ့မှာ မေတ္တာနဲ့ပတ်သက်လို့ ရေးထားတဲ့ စာအုပ်တွေကလည်း အများကြီးပါ။ နောက်ဆုံးတော့ လက်တွေ့ ကျင့်သုံးပွားများလို့ရတဲ့ မေတ္တာပွားနည်းကိုပဲ

www.burmeseclassic.com

www.burmeseclassic.com



အခြေခံရေးမယ်။ ဝိသုဒ္ဓိမဂ်ကလာတဲ့ မေတ္တာအဖွင့်ရယ် မေတ္တာသုတ်မှာလာတဲ့ နှစ်ဂါထာခွဲရယ်ကို ကိုင်ပြီးရေးမယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။

ဆုံးဖြတ်တဲ့အထဲမှာ စာအုပ်ထူထူကြီး မဖြစ်ချင်တာလည်း ပါပါတယ်။

* * *

စာရေးတာ ဝါသနာပါလို့ ရေးဖြစ်နေပါတယ်။ ဒါပေမယ့် တတ်နိုင်သရွေ့တော့ စာနဲ့လူလည်း ဟပ်မိနေစေချင်ပါတယ်။ စာနဲ့လူ သိပ်ဟနေမှာတော့ အစိုးရိမ်ဆုံးပါ။ ဒါက ကိုယ့်ကိုယ်ကို သတိပေးတဲ့အနေနဲ့ တွေးပေးရတာပါ။

စာရေးတဲ့နေရာမှာလည်း ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးအတွက်ဆိုတဲ့ အသိကို အမြဲထည့်ပြီး ရေးဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အခု မေတ္တာအတွေးများ ဖတ်ပြီး လူဆယ်ယောက် မေတ္တာပွားဖြစ်သွားတယ်ဆိုရင် တိုင်းပြည်အတွက် လူကောင်းဆယ်ယောက် ထွက်လာတာပါ။ မေတ္တာပွားနေတဲ့သူဟာ သူလည်းလူ ကိုယ်လည်းလူ ဆိုတဲ့အသိနဲ့ လူအချင်းချင်း အနိုင်ကျင့်ညှင်းဆဲမှု၊ လှည့်ပတ်ကောက်ကျစ်မှုတွေ ပြုတော့မှာ မဟုတ်သလို၊ သူတစ်ပါးအကျိုးရှိရာရှိကြောင်းတွေကို အခွင့်သင့်တိုင်း ပြုသွားတော့မှာပါ။ ဒီအသိ ဒီအကျင့်ရှိတဲ့သူ များများပေါ်လာလေ တိုင်းပြည်အတွက် အများကြီး အထောက်အကူ



ပြုလေပါပဲ။

ဘာပဲပြောပြော အဲဒီအသိ အဲဒီစိတ်ဓာတ်နဲ့ စာရေးနေတဲ့အတွက် တိုင်းပြည်အတွက် ကိုယ်ကူညီနိုင်တဲ့ဘက်က ကူညီနေတယ်လို့ ခံယူသလို တစ်ဖက်ကလည်း ကုသိုလ်တွေဖြစ်နေတယ်လို့ ခံယူထားပါတယ်။

* * *

တစ်ခါတလေတော့လည်း အကြောင်းကြောင်းတွေကြောင့် စာမရေးချင်လောက်အောင် စိတ်ဓာတ်ကျရတာတွေ ရှိပါတယ်။ တကယ်စဉ်းစားကြည့်တော့လည်း စာရေးတယ်ဆိုတာ စိတ်ထားတတ်ရင် ထားတတ်သလောက် ကုသိုလ်ရတာပါ။ နောက်ဆုံးတော့ စာဖတ်ပရိသတ်တွေဆီက စာတွေကို ပြန်ဖတ်လိုက်ရင် စာရေးချင်စိတ် ပြန်ဝင်သွားတော့တာပါပဲလေ။

မေတ္တာအတွေးများနဲ့ပတ်သက်လို့ ကူညီကြသူအားလုံးကို ကျေးဇူးတင်ပါတယ်။ အလင်းတန်းဂျာနယ်မှာ သီးသန့်စောင့်ဖတ်တဲ့ စာဖတ်ပရိသတ်ကိုလည်း ကျေးဇူးတင်ပါတယ်။ အထူးသဖြင့် အလင်းတန်းဂျာနယ်မှာ အပတ်စဉ် ထည့်ပေးခဲ့တဲ့ ဆရာဦးဝင်းငြိမ်းကိုတော့ အထူးပဲ ကျေးဇူးတင်ပါတယ်။


**ရဝေနွယ်(အင်းမ)**

www.burmeseclassic.com

www.burmeseclassic.com









# မေတ္တာ ကြွေးမျှား
## (၁)

တစ်ခါတုန်းကပဲ ဆိုပါတော့၊ ဧရာဝတီမြစ်ကမ်းက နယ်မြို့လေး တစ်ခုမှာ ကောင်လေးတစ်ယောက် ရှိပါတယ်။ တစ်နေ့တော့ သူတို့မြို့ရဲ့ ဌာနတစ်ခုက အလုပ်လျှောက်လွှာ ခေါ်ပါတယ်။ အလုပ်ခန့်မယ့် အရေအတွက်

www.burmeseclassic.com

www.burmeseclassic.com



က နည်းနည်း၊ အလုပ်လျှောက်ကြတဲ့လူတွေက များများပါ။

စောစောက ကောင်လေးက သူတို့မြို့ကခေါ်တဲ့ အလုပ်မှာ ဝင်လုပ်လိုပါတယ်။ ဒါပေမယ့် လျှောက်တဲ့ သူတွေက များတော့ ရဖို့သိပ်မသေချာပါဘူး။ ဒါကြောင့် သူ့ဆရာဘုန်းကြီးကို ဒီအကြောင်း သွားပြောပြပါတယ်။ ဒီတော့ ဆရာဘုန်းကြီးက "ဖန်ခွက်ထဲကို ရေသန့်သန့် ထည့်၊ ပြီးတော့ အလုပ်ခန့်မယ့်လူကြီးက ဗုဒ္ဓဟူးသား ဆိုတော့ သူ့ရဲ့နေ့နံဖြစ်တဲ့ ရှက်လှတစ်ရွက်ကို စောစောက ရေခွက်ထဲကိုထည့်၊ ကိုယ်ထိုင်တတ်သလိုထိုင်၊ လက်အုပ်ချီ ရေကိုကြည့်ပြီး "ဤရေ အေးမြသလို ဦး.....ဘယ်သူလည်း စိတ်ကော ရုပ်ကော အေးမြပါစေ"လို့ နေ့တိုင်းမေတ္တာပို့ပေး" လို့ အကြံပေးလိုက်ပါတယ်။

တပည့်ဖြစ်သူကလည်း ဆရာဘုန်းကြီးပြောတဲ့ အတိုင်း နေ့တိုင်း မေတ္တာပို့ပါတယ်။ နောက်ဆုံးတော့ အလုပ်ခန့်တဲ့အထဲမှာ တပည့်ကောင်လေး ပါသွားတော့ တာပဲ ဆိုပါတော့။

ဒီနည်းလေးကို ခင်တဲ့ ချာတိတ်ကောင်လေး တစ်ယောက်ကို ပြောပြမိတော့ "ဒါဆို ကိုယ်ချစ်နေတဲ့ ကောင်မလေးကို ရေမေတ္တာပို့ပေးရင် ကိုယ့်ကိုပြန်ချစ် လာမှာပေါ့နော်"တဲ့။ ဒီတော့ စာရေးသူက "မင်း စမ်းကြည့် ပါလား"လို့ ပြောလိုက်ရပါတယ်။

ဒီနည်းလေးကို စာရေးသူရဲ့ ဆရာတစ်ပါးဖြစ်တဲ့



ဓမ္မဘေရီ အရှင်ဝီရိယ(တောင်ဇွန်း)က ပြောပြထားလို့ သိထားတာ ကြာပါပြီ။ တောင်တန်းသာသနာပြု ဆရာတော် ဘုရားကြီးကတော့ ရေခွက်ထဲကို ကျောက်ခဲလေးတွေ၊ သစ်သားတုံးလေးတွေထည့်ပြီး ကျောက်ခဲ၊ သစ်သားတုံး ကို မေတ္တာအပို့ခံ သတ္တဝါပဲလို့ သင်္ကေတ သဘောမျိုး ထားပြီး ပို့ဖို့ ညွှန်ကြားပါတယ်။ ဆရာတော်ဘုရားကြီးက အထက်လူကြီးက ကိုယ့်ကို မကြည်မဖြူ ဖြစ်နေတဲ့အခါ၊ အချင်းချင်း သပ္ပါယမသင့်ဘဲ အမုန်းပွားနေတဲ့အခါမျိုး တွေမှာ ရေမေတ္တာပို့ပေးဖို့ အထူးပဲ ညွှန်ကြားပါတယ်။ စာမှာ မေတ္တာကို ရေတို့ လတို့ ပန်းတို့နဲ့ ဥပမာ သင်္ကေတ ပြုထားကြတာဆိုတော့ အဲဒီက ယူပုံရပါတယ်။

တကယ်လို့ သစ်ရွက်တွေ ကျောက်ခဲတွေ ပါနေတဲ့ အတွက် လောကီဆန်နေတယ်လို့ ထင်ခဲ့ရင် လောကုတ္တရာ နည်းကျကျပဲ လုပ်ချင်တယ်ဆိုရင်တော့ မြတ်စွာဘုရားကို ရေချမ်းကပ်၊ ကိုယ်မေတ္တာပို့ရမယ့် ပုဂ္ဂိုလ်ကို အာရုံ ညွတ်ပြီး "ဤရေ အေးမြသလို ဦးဘယ်သူလည်း စိတ်ကော ရုပ်ကော အေးမြပါစေ"လို့ ပို့လိုက်ရင် မြတ်စွာဘုရား ရှင်ကို ရေချမ်းကပ်တဲ့အတွက် ဒါနကုသိုလ်လည်းဖြစ်၊ မေတ္တာပို့တဲ့အတွက် မေတ္တာကုသိုလ်လည်း ဖြစ်သွားပါ တယ်။ ပြီးတော့ မြတ်စွာဘုရားရှေ့မှာဆိုတော့ အာရုံယူရ တာလည်း ပိုကောင်းပါတယ်။ ကိုယ်က ဗုဒ္ဓဘာသာ မဟုတ်ဘဲ တခြားဘာသာဝင် တစ်ယောက်ယောက်ဆိုရင်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



လည်း ရေချည်းသက်သက်နဲ့ ပွားလို့ရပါတယ်။

အထက်လူကြီးက ကိုယ့်အပေါ် မကြည်မဖြူ ဖြစ်နေတဲ့အခါ၊ အချင်းချင်း အမုန်းပွားခံနေရတဲ့အခါမျိုး တွေမှာလည်း စမ်းကြည့်ဖို့ ကောင်းပါတယ်။

လောကကြီးမှာ ကိုယ်က သူတစ်ပါးကို မုန်းရတာ မကောင်းသလို၊ သူတစ်ပါးက ကိုယ့်ကို မုန်းနေတာ လည်း မကောင်းပါဘူး။ တစ်စုံတစ်ယောက်ကို မုန်းမိပြီ ဆိုကတည်းက သူ့အကြောင်း မကြာခဏ တွေးနေမိတော့ မှာပါ။ အဲဒီ တွေးတဲ့အတွေးစိတ်ဟာလည်း ကုသိုလ်စိတ် လုံးဝမဟုတ်နိုင်ပါဘူး။ အကုသိုလ်စိတ်ပဲ ဖြစ်နေမှာပါ။ ကိုယ်က သူ့အကြောင်း တွေးပြီး အကုသိုလ်ဖြစ်ရင်း အချိန် ကုန်နေတာဟာ အလိုလိုနေရင်း ကိုယ့်ဘက်က ရှုံးနေတာ ပါ။

မုန်းတဲ့အတွေးကိုတွေးတဲ့ အမုန်းစိတ်ဟာ တွေးပါများရင် အကျင့်ပါသွားတတ်ပါတယ်။ အားအားရှိ တွေးလိုက်၊ အားအားရှိတွေးလိုက်နဲ့ နေရင်းထိုင်ရင်း အကုသိုလ်စိတ်တွေ ဖြစ်နေတာပါ။

ဒီတော့ မုန်းတဲ့အတွေးစိတ် ဝင်တာနဲ့ ချက်ချင်း သိလိုက်ပါ။ ဖြစ်နေတဲ့ အမုန်းစိတ် တွေးနေတဲ့အတွေးစိတ် ကို ပြန်ကြည့်လိုက်ပါ။ (စိတ်ကိုစိတ်နဲ့ ပြန်ကြည့်တာပါ။) ကြည့်လို့ မိပြီဆိုတာနဲ့ အဲဒီအမုန်းစိတ်ကလေးကိုပဲ အာရုံပြုပြီး "အမုန်းစိတ်ဖြစ်တယ်၊ အမုန်းစိတ်ဖြစ်တယ်"



ဆိုပြီး အချက်သုံးဆယ် လေးဆယ်လောက် မှတ်ပစ်လိုက် ပါ။ အသံထွက် ဆိုရမှာ မဟုတ်ပါဘူး။ စိတ်နဲ့ပဲ မှတ်ရပါ တယ်။ မှတ်တတ်တဲ့ အကျင့်လေး များလာရင်၊ ဒါမှမဟုတ် ဝိပဿနာ အားထုတ်ထားဖူးရင်တော့ အဆိုက အမိက မဟုတ်ဘဲ ဖြစ်နေတဲ့စိတ်ကလေးကို သိလိုက်ဖို့ပါ။ သိနေ ဖို့ပါပဲ။

အဲဒီလိုမှ မဟုတ်ဘဲ စိတ်ကိုအလိုလိုက်ပြီး လွှတ်လွှတ်ထားရင် အထုံပါသွားတတ်ပါတယ်။ မတွေး သင့်တဲ့အတွေးကို တွေးတတ်တဲ့အထုံ ပါသွားရင် သံသရာ အထိ ပါသွားတတ်ပါတယ်။ ကျန်ရှိနေတဲ့ လူ့ဘဝ သက်တမ်းလေးမှာ မထားသင့်တဲ့ အတွေးစိတ်တွေ ရှိမနေ သင့်ပါဘူး။ သေခြင်းတရားကိုလည်း ထည့်တွက်ထားရ ပါ့မယ်။

ထားပါတော့၊ မေတ္တာဆိုတာ ပါရမီဆယ်ပါး ထဲမှာ တစ်ပါးအပါအဝင်ပါ။ ပြီးတော့ မေတ္တာပါရမီ အကြောင်း ပြောပြီဆိုရင် ဆရာအဆက်ဆက်က သေယျ ဇာတ်ကို သာဓကပြယုဂ်အဖြစ် ပြကြပါတယ်။ ဒီမှာလည်း မေတ္တာအကြောင်း ပြောနေတာဆိုတော့ ဆရာအဆက်ဆက် သဘောကျတဲ့ သေယျဇာတ်ကလေးကိုလည်း ပြောပြရ အောင်ပါ။

တစ်ခါတုန်းက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ် မင်း အုပ်ချုပ် နေပါတယ်။ အဲဒီ ဗြဟ္မဒတ်မင်းက မင်း

www.burmeseclassic.com

www.burmeseclassic.com


မဖြစ်ခင်ကတည်းက ငါးပါးသီလ၊ ရှစ်ပါးသီလကို စောင့်ထိန်းသလို မေတ္တာကိုလည်း ဝတ်တစ်ခုလို သဘောထားပြီး နေ့စဉ်ပွားများပါတယ်။ မင်းဖြစ်လာတော့လည်း သူ ပြုနေကျဝတ်က ပျက်မသွားပါဘူး။

တစ်နေ့မှာတော့ အပြစ်ကျူးလွန်တဲ့ သူ့ရဲ့အမတ်တစ်ယောက်ကို နန်းတော်က နှင်ထုတ်လိုက်ပါတယ်။ နှင်ထုတ် ခံလိုက်ရတဲ့အမတ်က တခြားတိုင်းပြည်တစ်ခုက ကောသလမင်းထံမှာ သွားပြီးခစားပါတယ်။ ခစားရုံတင် မကပါဘူး။ "အရှင်မင်းကြီး ဗာရာဏသီပြည်ဟာ ပျားကောင်မရှိတဲ့ ပျားလပို့လိုပါပဲဘုရား၊ ပစ္စည်းဥစ္စာလည်း ပေါပါတယ်။ မင်းကလည်း နူးညံ့ပါတယ်၊ စစ်သားအနည်းငယ်နဲ့ပဲ သိမ်းယူလို့ရပါတယ်"လို့ လျှောက်ထားလိုက်ပါတယ်။

ဒါပေမယ့် ရန်သူ ကောသလမင်းက မယုံပါဘူး။ ဒါကြောင့် "သင် သူလျှိုမဟုတ်လား"လို့ မေးလိုက်ပါ တယ်။ နှင်ထုတ်ခံထားရတဲ့ အမတ်ကလည်း "မင်းကြီး မယုံရင် ဗာရာဏသီပြည်ထဲက ရွာငယ်တစ်ခုကို အရှင်မင်းကြီးရဲ့လူတွေကို သွားပြီး လုယက်ခိုင်းလိုက်ပါ။ ဒါဆို အဖြေသိရပါလိမ့်မယ်"လို့ ထပ်လျှောက်လိုက်ပါ တယ်။

ဒီတော့ ကောသလမင်းကလည်း သူ့လူတစ်ချို့ကို ဗာရာဏသီပြည်ထဲက ရွာငယ်တစ်ခုကို သွားလုယက်ခိုင်းလိုက်ပါတယ်။ လုယက်တော့ မိရောဆိုပါတော့။ ဗာရာဏသီမင်းဆီ လုယက်သူတွေကို ဖမ်းခေါ်လာတော့ မင်းက "သင်တို့ ဘာဖြစ်လို့ လုယက်ရတာလဲ"လို့ စမေးပါတယ်။ လုယက်သူတွေကလည်း "စားစရာ မရှိလို့ပါ"လို့ ပြန်ဖြေကြပါတယ်။

အဖြေစကား ကြားရတော့ ဗာရာဏသီမင်းက "စားစရာမရှိရင် လာပြောမှပေါ့၊ နောက်ကို အဲဒီလို မလုပ်ပါနဲ့"လို့ ပြောပြီး ဥစ္စာတွေပေး ပြန်လွှတ်လိုက်ပါတယ်။

ကောသလမင်းကတော့ ဒီလောက်နဲ့ မယုံသေးပါဘူး။ ဒါကြောင့် ဒီထက်နည်းနည်းကြီးတဲ့ရွာကြီးတစ်ရွာကို လုယက်ဖို့ တခြားရဲမက်တွေကို လွှတ်လိုက်ပြန်ပါ တယ်။ မိလို့ ဗာရာဏသီမင်းဆီ ရောက်လာတော့ ရှေ့နည်း အတိုင်း "ဥစ္စာမရှိလို့ လုယက်ကြရတာပဲလေ"လို့ နှလုံး သွင်းပြီး ဗာရာဏသီမင်းက ဥစ္စာပေး ပြန်လွှတ်လိုက်ပြန်ပါ တယ်။

နောက်တတိယအကြိမ်အဖြစ် မြို့တစ်မြို့ကို လွှတ်လိုက်ပြန်ပါတယ်။ ရှေ့နည်းအတိုင်း ဗာရာဏသီမင်းကလည်း ဥစ္စာပေးပြီး ပြန်လွှတ်လိုက်ပြန်ပါတယ်။

ဒီတော့မှ ကောသလမင်းကလည်း အိုကေပြီ ဆိုပြီး ဗာရာဏသီပြည်ကို စစ်ချီလာပါတယ်။

ဒီသတင်းကို ဗာရာဏသီမင်းရဲ့အမတ်တွေ ကြားတော့ အမတ်တွေက ကောသလမင်းကို ကိုယ်က

www.burmeseclassic.com

ဦးအောင် သွားဖမ်းလိုက်မယ်လို့ ဗာရာဏသီမင်းကို လျှောက်ကြပါတယ်။ ဒီတော့ ဗာရာဏသီမင်းက "သူတစ်ပါးကို ညှဉ်းဆဲတတ်တဲ့ မင်းတစ်ပါးအဖြစ် ရာဇဝင်သမိုင်းမှာ တွင်မကျန်ခဲ့ချင်ဘူး"ဆိုပြီး ပယ်ချလိုက်ပါတယ်။

နောက်ဆုံးတော့ ကောသလမင်းက ဗာရာဏသီပြည်ကို စစ်ချီလာပြီး ဗာရာဏသီမင်းနဲ့ သူ့ရဲ့အမတ်တွေကို ဖမ်းဆီးလိုက်ပါတယ်။ ပြီးတော့ ဗာရာဏသီမင်း အပါအဝင် အားလုံးကို သံခြေကျင်းခတ်ပြီး ထောင်ထဲထည့်ထားလိုက်ပါတယ်။

ဗာရာဏသီမင်းဟာ ထောင်ထဲအကျဉ်းချထားခံရပေမယ့် ကောသလမင်းအပေါ် နာကျည်းစိတ် အမုန်းစိတ် လုံးဝမရှိပါဘူးတဲ့။ ဗာရာဏသီမင်းက ရန်သူကောသလမင်းအပေါ်မှာတင် မဟုတ်ပါဘူး။ ဘယ်သူ့ဘယ်သူ့အပေါ်မှကို အမုန်းစိတ် မရှိတာပါတဲ့။ ဗာရာဏသီမင်းက ထောင်ထဲရောက်နေပေမယ့် သူ့ရဲ့ နေ့စဉ်မေတ္တာဘာဝနာကိုတော့ လုံးဝ အပျက်မခံပါဘူး။ ဒါကြောင့် သူပွားများနေကျ မေတ္တာကို ပွားပါတယ်။ အဓိက ဘယ်သူ့ကို မေတ္တာပွားသလဲဆိုတော့ ရန်သူဖြစ်တဲ့ ကောသလမင်းကိုပါ။ ကောသလမင်းကို စိတ်ထဲကနေ တစ်ကိုယ်လုံးပေါ်အောင်ကြည့်၊ စိတ်ထဲကနေ မြင်ပြီဆိုမှ "ကောသလမင်းကိုယ်ဆင်းရဲ ကင်းပါစေ၊ စိတ်ဆင်းရဲ ကင်းပါစေ၊ အစစ



အရာရာ အဆင်ပြေပါစေ"ဆိုပြီး တစ်နေ့လုံး မေတ္တာပို့နေပါတော့တယ်။

မေတ္တာသမာဓိခိုင်လာပြီး ရန်သူကောသလမင်းဆီ ဆက်ကာ ဆက်ကာ ပို့နေတော့ မေတ္တာဓာတ်တွေဟာ ရန်သူကောသလမင်းဆီ အပြည့်ရောက်နေပါတယ်။ ကြာတော့ ရန်သူကောသလမင်းလည်း မနေနိုင်တော့ပါဘူး။ တစ်ကိုယ်လုံး ပူလောင်လာပါတယ်။ ရန်သူမင်းက အဲဒီလို ပူလောင်နေတော့ သူ့ရဲ့အမတ်တွေကို "ဘာဖြစ်လို့ ဒီလိုဖြစ်နေရတာလဲ" မေးကြည့်ပါတယ်။ သူ့ရဲ့အမတ်တွေက "သီလရှိတဲ့မင်းကို ဖမ်းထားလို့ဖြစ်တာပါ"လို့ ပြောပြကြပါတယ်။ ရန်သူမင်းလည်း ဗာရာဏသီမင်းကို ချက်ချင်းလွှတ်စေပြီး သူ့ရဲ့အပြစ်ကိုလည်း တစ်ခါတည်း တောင်းပန်လိုက်ပါတယ်။ ပြီးတော့ "အရှင်မင်းကြီး ... အရှင်မင်းကြီးရဲ့တိုင်းပြည်ကို အေးအေးချမ်းချမ်းသာ အုပ်ချုပ်ပါတော့၊ အရှင်မင်းကြီးကို တစ်စုံတစ်ယောက်က တိုက်ခိုက်လာရင်လည်း ကျွန်ုပ်တာဝန်ထားပါ"လို့ တစ်ဆက်တည်း လျှောက်လိုက်ပါတယ်။

ရန်သူ ကောသလမင်း ပြန်သွားတဲ့အခါကျတော့ ဗာရာဏသီမင်းက သူ့ရဲ့အမတ်တွေကို ခေါ်လိုက်ပါတယ်။

ပလ္လင်ပေါ်မှာထိုင်ရင်းပဲ "ချစ်မိတ်ဆွေ အမတ်အပေါင်းတို့ မေတ္တာတရားကို လက်ကိုင်ထားတဲ့အတွက် အခု အားလုံး လွတ်မြောက်ရပြီ၊ မေတ္တာတရားကို အစဉ်

www.burmeseclassic.com

www.burmeseclassic.com



သဖြင့် လက်ကိုင်ထားရင် လောကကြီးကို တစ်ပေါင်းတည်း ပြုနိုင်တယ်။ လောကသားအချင်းချင်း အစေ့အစပ်ပြုရတာလည်း သိပ်လွယ်ကူတယ်။ ပြီးတော့ သေလွန်တဲ့အခါမှာ နတ်ပြည် ဗြဟ္မာ့ပြည်ကို ရောက်ရတယ်"လို့ မေတ္တာဘာဝနာရဲ့အကျိုးတွေ ဟောပြလိုက်ပါတယ်။

ဓာရာဏသီမင်းက သူ့ရဲ့အမတ်တွေကို တရားဟောပြီးတာနဲ့ မင်းစည်းစိမ်ကို စွန့်ပြီး တောထွက်သွားပါတော့တယ်။

တကယ်တော့ လူတိုင်း လူတိုင်းမှာ ကိုယ်နှစ်သက်ရာ ကိုယ်ပိုင်အကျင့်စရဏလေးတစ်ခုစီတော့ ရှိထားသင့်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒုက္ခတစ်ခုခုနဲ့ ကြုံလာတဲ့အခါ ကိုယ့်ရဲ့ကိုယ်ပိုင်အကျင့်စရဏလေးကိုပဲ အားကိုးရမှာပါ။

ဒုက္ခကြုံခါမှ ထလုပ်တဲ့အကျင့်စရဏမျိုးမဟုတ်ဘဲ နေ့စဉ် ဝတ်တစ်ခုလိုထားပြီး ကျင့်တဲ့စရဏမျိုးပါ။ ဒါဆို ဘာယတြာမှ သီးခြားချေစရာ မလိုတော့ပါဘူး။ ကိုယ့်ရဲ့ကျင့်နေကျစရဏလေးကို ပုံမှန်ထက်ပိုကျင့်သွားဖို့ပါပဲ။

ဝိပဿနာတရားသာ ကျန်တဲ့ဘာသာတွေအနေနဲ့ ကျင့်သုံးဖို့ အခက်အခဲ တွေ့ချင်တွေ့မယ်။ မေတ္တာကတော့ ဘာသာမရွေး၊ လူမျိုးမရွေး ကျင့်သုံးလို့ရပါတယ်။ ကျင့်သုံးလို့ရအောင်လည်း ကြိုးစားရေးသားသွားပါ့မယ်။



တကယ်ပါ။ စောစောကတင် ဒီစာရေးနေတာကို ရပ်ပြီး စာဖတ်ပရိသတ်ကို မေတ္တာပို့ပေးနေပါသေးတယ်။ ကဲ…ဒီအပတ်ကစပြီး မေတ္တာအကြောင်း တွေးကြရအောင်နော်။

အလင်းတန်းဂျာနယ်

၃၁-၁-၂၀၀၅

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com







မြန်မာပြည် သာသနာ့သမိုင်းမှာ မေတ္တာအရာ စံထားရတဲ့ဆရာတော် များစွာ ပေါ်ထွန်းခဲ့ပါတယ်။ အဲဒီ အထဲမှာ မိုးညှင်းဆရာတော်ဘုရားကြီးလည်း တစ်ပါး အပါအဝင်ပါ။

တစ်ခါက ဆရာတော်ဘုရားကြီးဆီကို တရုတ် ပြည်က စာတစ်စောင်ရောက်လာပါတယ်။ တရုတ်ပြည်လုံး ဆိုင်ရာ ဗုဒ္ဓဘာသာဥက္ကဋ္ဌ တရုတ်ဘုန်းတော်ကြီး ဦးထိုင်ဆူး ဆီကပါတဲ့။

ဦးထိုင်ဆူးက သာသနာပြုရာမှာ အစစအရာရာ အဆင်ပြေအောင်နဲ့ တရုတ်ပြည်ကြီး ဘေးရန်ကင်းအောင် ဘယ်လိုလုပ်ရမလဲဆိုတာ တရားနည်းလမ်းကောင်း လှမ်း တောင်းတာပါ။

ဒီတော့ ဆရာတော်ဘုရားကြီးက မေတ္တာ ပွားများဖို့ အဓိကမှာပြီး မေတ္တာပွားပုံကိုလည်း သီးခြားရေးပြပေး လိုက်ပါတယ်။ ပြီးတော့ အလေး အနက်ထား ပြုရမယ့် အချက်(၄)ချက်ကိုလည်း

## မေတ္တာ ပွားများ (၂)

www.burmeseclassic.com

www.burmeseclassic.com



ထည့်ရေးပေးလိုက်ပါတယ်။ အဲဒီ အချက်(၄)ချက်က ...

(၁) မိမိသွားရောက်လိုတဲ့ဌာန။

(၂) မိမိပြုလုပ်လိုတဲ့ကိစ္စများအတွက် မသွားရောက်မီ မပြုလုပ်မီကပင် ထိုဌာန ထိုကိစ္စနှင့်စပ်ဆိုင်ရာ (လူရော၊ နတ်ပါ) သတ္တဝါများအား ဝဲ ယာ ရှေ့ နောက် ထက် အောက် ဖီလာ ကြိုတင်၍ မေတ္တာစိတ်ဓာတ်များ ပို့လွှတ် ပွားများသွားရန်။

(၃) မည်သည့်နေရာမဆို တစ်ဦးနှင့်တစ်ဦး တွေ့ကြုံရလျှင် ထိုမြင်တွေ့ရသူအပေါ်၌ မိမိက အရင်ဦးအောင် မေတ္တာပွားရန်။

(၄) ဆရာတော့်ထံမှ မေတ္တာဓာတ်များ အပြည့်အဝပေးဖို့ လိုအပ်လျှင် ဦးထိုင်ဆူးက ဓာတ်ပုံ (ကိုယ်လုံးပေါ်)တစ်ပုံ ပို့ပေးရန်ပါတဲ့။

အဲဒီအချက်(၄)ချက်ထဲက မိမိသွားရောက်ရမယ့်အရပ်မှာရှိနေတဲ့ အဲဒီအရပ်ကိုစောင့်ရှောက်နေတဲ့ နတ်ကောင်း နတ်မြတ်နဲ့ လူပုဂ္ဂိုလ်တွေကို ကြိုပြီး မေတ္တာပို့ပေးထားရမယ်တဲ့။ ပြီးတော့ ကိုယ့်အလုပ်ကိစ္စနဲ့ ဆက်စပ်နေတဲ့ လူပုဂ္ဂိုလ်တွေကိုလည်း ကြိုမေတ္တာပို့ထားရပါမယ်တဲ့။

ဒီအချက်က အထူးသတိထားရမယ့် အချက်ပါ။

တစ်ခါကတော့ မြို့တစ်မြို့ကို ခရီးထွက်ဖို့ ကြုံလာပါတယ်။ အဲဒါကလည်း ဦးဇင်း အရှင်ဆန္ဒာဓိက (ရွှေပါရမီ



တောရ) ခေါ်လို့ပါ။ တစ်ခါမှ မလုပ်ဖူးတဲ့ ကိစ္စတစ်ခုကို ဆောင်ရွက်ရမှာဆိုတော့ ဖြစ်မှဖြစ်ပါ့မလားလို့ တော်တော်လေး စိုးရိမ်နေမိပါတယ်။ ဒါကြောင့် နောက်ဆုံး အားကိုးရာဖြစ်တဲ့ မေတ္တာကိုပဲ အားကိုးတဲ့အနေနဲ့ အဲဒီမြို့ကို စောင့်ရှောက်နေတဲ့ နတ်ကောင်းနတ်မြတ်တွေရယ်၊ အဲဒီမြို့မှာရှိတဲ့ အလုပ်ကိစ္စနဲ့ ဆက်စပ်နေသူတွေရယ်ကို အချိန်လေးယူပြီး မေတ္တာပို့ပေးနေလိုက်ပါတယ်။ အဲဒီမြို့ကို ရောက်သွားတဲ့အချိန်မှာလည်း မေတ္တာပို့ပေးနေလိုက်ပါတယ်။ နောက်ဆုံးတော့ အဆင်ပြေခဲ့တယ်ပဲ ပြောပါတော့။ စိတ်ထဲမှာလည်း ကိုယ့်အစွမ်းအစထက် မေတ္တာကြောင့်လို့ပဲ လက်ခံထားပါတယ်။

ကိုယ့်အလုပ်ကိစ္စနဲ့ဆက်စပ်သူကို ကြိုမေတ္တာပို့ရမယ်ဆိုတော့ အရှင်အာနန္ဒာရဲ့သူငယ်ချင်း ရောဇကိုလည်း သွားသတိရပါတယ်။

တစ်နေ့မှာ မြတ်စွာဘုရားက နောက်ပါသံဃာတွေနဲ့အတူ အာပဏရွာကနေ ကုသိနာရုံပြည်ကို ကြွလာပါတယ်။ ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကြွလာတော့ တစ်မြို့လုံးက ဝိုင်းကြိုဆိုကြပါတယ်။ ကြိုဆိုတဲ့အထဲမှာ အရှင်အာနန္ဒာရဲ့ သူငယ်ချင်း ရောဇလည်း ပါပါတယ်။ အရှင်အာနန္ဒာက သူ့သူငယ်ချင်း ရောဇကို တွေ့လိုက်ရတော့ တော်တော်လေး ဝမ်းသာသွားပါတယ်။ ကြိုဆိုမှုတွေ ပြီးသွားတဲ့အခါကျတော့ ရောဇက ငယ်သူငယ်ချင်း အရှင်

www.burmeseclassic.com

www.burmeseclassic.com



အာနန္ဒာကို လာတွေ့ပါတယ်။ ဒါကြောင့် အရှင်အာနန္ဒာက "အို ...သူငယ်ချင်း ရောဇပါလား။ အခုလို မြတ်စွာဘုရားကို ကြိုဆိုတာ အလွန်ကောင်းပါတယ်"လို့ နှုတ်ဆက်စကားပြောဆိုလိုက်ပါတယ်။ ဒါပေမယ့် ရောဇက မျက်နှာရှုံ့မဲ့ပြီး ဘယ်လိုပြန်ပြောလိုက်သလဲဆိုတော့ "အရှင်အာနန္ဒာ ... ငါက ဘုရား တရား သံဃာကို ကြည်ညိုလို့ လာကြိုတာ မဟုတ်ဘူး။ မကြိုတဲ့သူကို ဒဏ်ငွေငါးရာ ဆောင်ရမယ်လို့ အမိန့်ထုတ်ထားလို့ မကြိုချင်ဘဲနဲ့ လာကြိုနေရတာ၊ မသိဘဲနဲ့ အရမ်းဝမ်းသာမနေနဲ့"လို့ ပြောလိုက်ပါတယ်။

ရောဇစကား ကြားလိုက်ရတော့ အရှင်အာနန္ဒာလည်း တော်တော်စိတ်မကောင်း ဖြစ်သွားပါတယ်။ ငယ်သူငယ်ချင်းဆိုတော့ အယူအဆ မမှားစေချင်ပါဘူး။ ဒါကြောင့် မြတ်စွာဘုရားဆီသွားပြီး အကျိုးအကြောင်း လျှောက်ပြပါတယ်။ ပြီးတော့ "မြတ်စွာဘုရား ... ရောဇဟာ ကုသိနာရုံပြည်မှာ ထင်ရှားတဲ့ ပုဂ္ဂိုလ်တစ်ဦးပါဘုရား။ တကယ်လို့ သူဟာ ရတနာသုံးပါးကို ကြည်ညိုလာခဲ့ရင် သာသနာအတွက် အများကြီး ကျေးဇူးများမှာပါဘုရား။ ဘုရားတပည့်တော် သူငယ်ချင်းကို ကယ်ပါဦးဘုရား" လို့လည်း လျှောက်လိုက်ပါတယ်။ မြတ်စွာဘုရားရှင်ကလည်း "ကောင်းပြီ ... အာနန္ဒာ၊ ဒီကိစ္စ သိပ်ပြီးမခဲယဉ်းပါဘူး"ဆိုပြီး သတ္တဝါအားလုံးဆီဖြန့်ထားတဲ့ မေတ္တာကို ခဏဖယ်ပြီး ရောဇတစ်ဦးတည်းကိုပဲ ရူးစိုက်ပြီး မေတ္တာပို့



လိုက်ပါတယ်။ မြတ်စွာဘုရားရှင်ရဲ့ မေတ္တာဓာတ်က ရောဇတစ်ယောက်တည်းကိုပဲ ရူးစိုက်ပြီး အပြည့်ပို့လွှတ်နေတော့ ကြမ်းတမ်းနေတဲ့ ရောဇရဲ့စိတ်ဟာ ချက်ချင်း နူးညံ့လာပါတယ်။ သတ္တဝါအားလုံးအပေါ်ထားတဲ့ မေတ္တာကို ရောဇတစ်ဦးတည်းဆီကိုပဲ ညွှတ်ပြီး ပို့လိုက်တော့ ပိုထိရောက်သွားတဲ့ သဘောပါ။ မြတ်စွာဘုရားရဲ့မေတ္တာကို တစ်ယောက်တည်း အပြည့်ခံယူလိုက်ရတဲ့ ရောဇဟာ အိမ်ပြန်မရောက်ခင် လမ်းခုလတ်မှာပဲ မြတ်စွာဘုရားဆီကို ချက်ချင်း လာချင်စိတ်ပေါက်သွားပါတယ်။ နောက်ဆုံးတော့ "မြတ်စွာဘုရား ဘယ်မှာလဲ၊ မြတ်စွာဘုရား ဘယ်မှာလဲ"လို့ အော်ပြီး မိခင်နွားမကြီးနဲ့ကွဲနေတဲ့ နို့စို့နွားငယ်လေးအတိုင်း မြတ်စွာဘုရားရှင်ရှိရာကို ပြေးလာတော့တာပါပဲ။

မြတ်စွာဘုရားဆီရောက်တော့ မြတ်စွာဘုရားက "ချစ်သားရောဇ"လို့ မေတ္တာဓာတ်အပြည့်ထည့်ပြီး ခေါ်လိုက်ပြန်ပါတယ်။ အဲဒီလိုခေါ်လိုက်တော့ ရောဇရဲ့စိတ်ဟာ ထပ်နူးညံ့သွားပြန်ပါတယ်။ နောက် ဒါနအကြောင်း၊ သီလအကြောင်း၊ နတ်ပြည်အကြောင်းကို အရင်စဟောပါတယ်။ ရောဇရဲ့စိတ် ငြိမ်လာပြီဆိုမှ တစ်ဆင့်တက်ပြီး "ချစ်သားရောဇရေ ... မြင်ရင်မြင်တယ်၊ ကြားရင်ကြားတယ် စသည်ဖြင့် ခန္ဓာကိုယ်ကို ဉာဏ်စိုက်ရှုရတယ်"လို့ ဝိပဿနာတရားကို ဆက်ဟောပါတယ်။ ရောဇဟာ မြတ်စွာဘုရားဟောနေဆဲမှာပဲ မြတ်စွာဘုရားပြောတဲ့အတိုင်း ခန္ဓာကို

www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်စိုက်ပြီး ရှုလိုက်တာ နေရာမှာတင် သောတာပန် တည်သွားပါတယ်။ မြတ်စွာဘုရားနဲ့ သံဃာတော်တွေ အပေါ် ဘယ်လောက်အထိ ကြည်ညိုသွားသလဲဆိုရင် မြတ်စွာဘုရားအမှူးရှိတဲ့ သံဃာတော်တွေဟာ သူလှူတဲ့ ပစ္စည်းလေးပါးကိုပဲ အလှူခံပါ၊ တခြားသူရဲ့ ပစ္စည်း လေးပါးကို အလှူမခံပါနဲ့လို့ လျှောက်ထားတဲ့အထိပါပဲ။ ဒါပေမယ့် မြတ်စွာဘုရားက လက်မခံပါဘူး။ "ရောဇရယ် အရိယာပုဂ္ဂိုလ်တွေရဲ့ ဉာဏ်အမြင်နဲ့ တရားမှန်ကို သိသွား သူတိုင်း ဒီလိုပဲ ဖြစ်တတ်ပါတယ်။ သင့်ထံလည်း အလှူ ခံမယ်၊ အခြားဒကာ ဒကာမတွေဆီလည်း အလှူခံမယ်"လို့ ပြန်နှစ်သိမ့်ရပါတယ်။

ဒါပေမယ့် ရောဇဟာ ဒီအတိုင်းရပ်မနေပါဘူး။ ကုသိနာရုံပြည်သားတွေ ဘုရားအမှူးရှိတဲ့ သံဃာတော် တွေကို အလှည့်ကျ ဆွမ်းကပ်နေတဲ့အခါ ရောဇက ဘယ်အိမ်က ဘာဟင်းတွေ၊ ဘာအချိုပွဲတွေ ကပ်တယ် ဆိုတာကို မသိမသာ လိုက်ပြီးလေ့လာပါတယ်။ သူ့သဘော ကတော့ သူများမကပ်သေးတာ ကပ်မယ်ပေါ့လေ။

လိုက်ပြီးလေ့လာတော့ ဘာသွားတွေ့သလဲ ဆိုတော့ ဟင်းရွက်ကြော်ရယ်၊ အမှုန့်နဲ့လုပ်ထားတဲ့ အချိုပွဲ ရယ်ကိုတော့ ဘယ်သူမှ မကပ်ကြဘူးဆိုတာ တွေ့လိုက်ရ ပါတယ်။ ဒါကြောင့် ငယ်သူငယ်ချင်း အရှင်အာနန္ဒာကို ဒီဘောဇဉ်တွေ ကပ်ကောင်း မကောင်း သွားမေးပါတယ်။



အရှင်အာနန္ဒာကလည်း မြတ်စွာဘုရားဆီကို တဆင့် ထပ်မေးပေးပါတယ်။ မြတ်စွာဘုရားက ကပ်ကောင်း ကြောင်း ပြောလိုက်တော့ ရောဇဟာ သူ့အိမ်ရဲ့ဆွမ်းကျွေး မှာ သူများမကပ်တာကို ကပ်လိုက်နိုင်ပါတယ်။

မြတ်စွာဘုရားရှင်ရဲ့တာဝန်က ရောဇကို တရား ဟောဖို့နဲ့ တရားထူးရဖို့ပါ။ ဒါပေမယ့် ဒီအတိုင်းမဟောဘဲ မေတ္တာပို့ပြီးမှ တရားဟောတာ အချိန်အတိုအတွင်း အလုပ် ကိစ္စ ပြီးသွားပါတယ်။

မြတ်စွာဘုရားရှင်တောင်မှ ကိုယ့်အလုပ်နဲ့ဆက်စပ် နေတဲ့ ပုဂ္ဂိုလ်ကို မေတ္တာပို့ပြီးမှ အလုပ်လုပ်တာဆိုတော့ စာရေးသူတို့အတွက်ဆိုရင်တော့ အထူးပြောစရာ မလို တော့ပါဘူး။

ဒီဝတ္ထုလေးကိုထောက်ပြီး ကိုယ့်အလုပ်နဲ့ဆက်စပ် နေတဲ့ ပုဂ္ဂိုလ်ကို မတွေ့ခင် စကားမပြောခင် အရင်မေတ္တာ ပို့ပြီးမှ တွေ့တာ စကားပြောတာဟာ အကောင်းဆုံး လက်နက်တစ်ခုပါပဲ။

ဘဝမှာ အရေးကြီးတဲ့သူတစ်ယောက်နဲ့ တွေ့ရ တော့မယ်ဆိုရင် မတွေ့ခင် တစ်ပတ်လောက်အလို ကတည်းက ကြိုပြီး မေတ္တာပို့ထားရင် အကောင်းဆုံးပါပဲ။ ရေချိုးပြီးစ အဝတ်သစ်ကလေးဝတ်ပြီးစမှာ ပို့ရင် ပိုအစွမ်း ပြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရေချိုးပြီးစဆိုတော့ ရုပ်ကကြည်နေပါတယ်။ ရုပ်ကြည်တော့ စိတ်ကပါ လိုက်

www.burmeseclassic.com

www.burmeseclassic.com



ကြည်နေပါတယ်။ စိတ်ကော ရုပ်ကော ကြည်နေတဲ့အချိန်မှာ မေတ္တာပို့ရတာ အထိရောက်ဆုံးနဲ့ အကောင်းဆုံးပါပဲ။

နောက် မိုးညှင်းဆရာတော်ဘုရားကြီးရဲ့ မေတ္တာအင်္ဂါထဲမှာ ဘယ်နေရာမှာပဲဖြစ်ဖြစ်၊ တစ်ဦးနဲ့တစ်ဦး တွေ့ဆုံရတဲ့အခါ ကိုယ်က အရင်ဦးအောင် မေတ္တာပို့ပါတဲ့။

ကိုယ့်အလုပ်နဲ့ဆက်စပ်သူကို မတွေ့ဆုံခင်သာ ကြိုမေတ္တာပို့ရမှာ မဟုတ်ပါဘူး။ တွေ့ဆုံရတဲ့အခါမှာလည်း ကိုယ်ကဦးအောင် အရင်ပို့ရပါမယ်တဲ့။ လိုရင်းကတော့ ကြိုလည်းပို့ တွေ့တဲ့အခါမှာလည်း ပို့ဖို့ပါ။

မိုးလင်းကနေ မိုးချုပ်အထိ လူမျိုးစုံနဲ့ တွေ့ဆုံနေရတာဆိုတော့ ဘဝအတွက် အရေးကြီးတာလည်း ပါမယ်၊ အရေးမကြီးတာလည်း ပါမယ်၊ တွေ့သမျှလူတိုင်းကိုတော့ အကုန်ဘယ်ပို့နိုင်ပါ့မလဲ၊ ကိုယ့်ဘဝအတွက် အရေးကြီးတဲ့ ပုဂ္ဂိုလ်ကို တွေ့ဆုံရမယ့်အခါမျိုးတွေမှာတော့ အလုပ်တစ်ခုလို သဘောထားပြီး ပို့သင့်ပါတယ်။ ဒါမှမဟုတ် နိုင်ငံခြားတစ်ခုခုကို သွားဖို့ ရှိနေတယ်၊ ဥပမာ အမေရိကန်နိုင်ငံဆိုပါတော့။ မသွားရခင် အမေရိကန်နိုင်ငံကို စောင့်ရှောက်နေရတဲ့ နတ်ကောင်း နတ်မြတ်တွေကို ကြိုမေတ္တာပို့ပေးနေမယ်၊ အမေရိကန်နိုင်ငံသူနိုင်ငံသား အားလုံးကိုလည်း ကြိုမေတ္တာပို့ပေးနေမယ်၊ နောက် သံရုံးမှာတာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေကိုလည်း အစဉ် သဖြင့် မေတ္တာပို့ပေးနေမယ်ဆိုရင် ကိုယ့်အလုပ်ကို မေတ္တာက



တစ်စိတ်တစ်ဒေသ အထောက်အကူ ပြုသွားပါ လိမ့်မယ်။

ဘာပဲပြောပြော ဘဝအတွက် အရေးကြီးတဲ့ကိစ္စတွေကို ဆောင်ရွက်ရတဲ့အခါတွေများမှာ ဘာမှမပင်ပန်းလှတဲ့ မေတ္တာလေးကို ကြိုပို့ထားနိုင်ရင် အကောင်းဆုံးပါပဲ။

အလင်းတန်းဂျာနယ်

၇-၂-၂၀၀၅

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com



လူနှစ်ယောက်ရှိပါတယ်။ တစ်ယောက်က နံနက်မှာ ထမင်းအိုးတစ်ရာချက်ပြီး လှူတယ်။ နေ့လယ်မှာ အိုးတစ်ရာချက်ပြီး လှူတယ်။ ညနေမှာ အိုးတစ်ရာချက်ပြီး လှူတယ်။ တစ်ယောက်ကတော့ နံနက် နို့တစ်ညှစ်စာ၊ နေ့လယ် နို့တစ်ညှစ်စာ၊ ညနေ နို့တစ်ညှစ်စာ မေတ္တာပွားပါတယ်တဲ့။ အဲဒီနှစ်ယောက်မှာ တစ်နေ့အိုးတစ်ရာ သုံးကြိမ်ချက်လှူတဲ့သူထက် တစ်နေ့ နို့တစ်ညှစ်စာ သုံးကြိမ်မေတ္တာပွားသူက ပိုပြီးအကျိုးကြီးကြောင်း နိဒါန သံယုတ်သြက္ခာသုတ်(၄၅၅)မှာ မြတ်စွာဘုရား ဟောပြထားပါတယ်။

နို့တစ်ညှစ်စာဆိုတာ ဘာမှမကြာပါဘူး၊ ဒါကို မဟာစည်ဆရာတော်ဘုရားကြီးက သုံးလေးစက္ကန့် လောက်ပဲရှိပါတယ်လို့ ခန့်မှန်းပေးထားပါတယ်။ တော်တော်လေး အားရဖို့ကောင်းတဲ့စကားပါ။ ဒါနကမှ ပစ္စည်းတွေ ငွေတွေ အလှူခံပုဂ္ဂိုလ်တွေ လိုက်ရှာနေရဦးမှာ ပါ။ မေတ္တာကတော့ ဘာပစ္စည်း ဘာငွေမှ မလိုပါဘူး။ ကြိုက်တဲ့အချိန် ကြိုက်တဲ့နေရာမှာ ပွားများလိုက်ရုံပါပဲ။ အောက်ထစ်ဆုံး အိမ်သာတက်နေရင်းတောင် ပွားလို့ရပါ တယ်။

အထက်က မြတ်စွာဘုရားဟောထားတဲ့ စကားလေးကို မဟာစည်ဆရာတော်ဘုရားကြီးက မှတ်မိလွယ်အောင် လင်္ကာလေးစီထားပါတယ်။

တစ်နေ့သုံးခါ၊ အိုးတစ်ရာဖြင့်၊



ချက်ကာထမင်း၊ ကျွေးလှူခြင်းထက်၊
မယွင်းစင်စစ်၊ နို့တစ်ညှစ်စာ၊
ကြိမ်သုံးခါမျှ၊ မေတ္တာပွားများ၊
ကျိုးကြီးမားသည်၊ ဘုရားမြတ်စွာ မိန့်ခွန်းတည်း။

* * * * *

ပုထုဇဉ်တွေဆိုတော့ အကုသိုလ် ကိလေသာတွေကတော့ အစဉ်သဖြင့် ဖြစ်နေကြမှာပါ။ ထင်ထင်ရှားရှား ဖြစ်တာနဲ့ မထင်မရှားဖြစ်တာပဲ ကွာမှာပါ။ စာမှာကကို ပုထုကိလေသေဇနေတီတိ ပုထုဇ္ဇနော=များစွာသော အကုသိုလ်ကိလေသာတွေ ဖြစ်စေတတ်သောကြောင့် ပုထုဇဉ်ပါတဲ့။

ဆိုင်ရာမဂ်အဆင့်ဆင့်ကို ရသွားမှပဲ အကုသိုလ်ကိလေသာတွေက ကင်းသွားမှာပါ။ ဆိုင်ရာမဂ်တွေကို မရသေးသရွေ့တော့ အကုသိုလ်တွေကတော့ ဖြစ်နေကြမှာပါပဲ။

ဒါပေမယ့် အဘိဓမ္မာသဘောအရ စိတ်ဆိုတာ အာရုံတစ်ခုကိုပဲ ယူလို့ရပါတယ်။ နှစ်ခုယူလို့ မရပါဘူး။ ဒီတော့ ကိုယ်က မေတ္တာပွားနေတဲ့အချိန်မှာ စိတ်က မေတ္တာပို့ရာ သတ္တဝါဆီမှာပဲ ညွတ်နေတဲ့အတွက် အကုသိုလ်စိတ်ဖြစ်ခွင့် မသာတော့ပါဘူး။ အနိုက်အတန့်အားဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ပယ်ထားတဲ့သဘောပါ။

ဒါကိုထောက်ပြီး မေတ္တာပွားနေတဲ့သူဟာ မေတ္တာပွားနေတဲ့အတွက် မေတ္တာကုသိုလ်တွေ ဖြစ်နေသလို တစ်ဖက်က အကုသိုလ်ကို အခိုက်အတန့်အားဖြင့် ပယ်နေပါတယ်။ အကျိုးနှစ်မျိုးကို တစ်ပြိုင်နက် ရနေတာပါ။

အကျိုးနှစ်မျိုးရတဲ့ မေတ္တာကို စကြရအောင်ပါ။

မေတ္တာမှာ စည်းကမ်းအင်္ဂါလေးတွေ ရှိပါတယ်။ အဲဒီစည်းကမ်း အင်္ဂါလေးတွေကို ဝိသုဒ္ဓိမဂ်ကလာတဲ့အတိုင်း ပြောပြသွားရအောင်ပါ။

မေတ္တာပွားမယ့်ပုဂ္ဂိုလ်ဟာ ဆိတ်ငြိမ်ရာအရပ်မှာ ကိုယ်နှစ်သက်တဲ့ ဣရိယာပုထ်နဲ့ ထိုင်ပါတဲ့။ ထိုင်ပြီးတဲ့အခါ မေတ္တာမပွားခင် ပထမဆုံးလုပ်ရမယ့်အလုပ်က ဒေါသရဲ့အပြစ်နဲ့ ခန္တီရဲ့အကျိုးကို ဦးစွာဆင်ခြင်ပါတဲ့။

"ဒေါသထွက်တဲ့ပုဂ္ဂိုလ်ဟာ အကြောင်းအကျိုးကို ခွဲခြားမသိနိုင်ဘူး၊ အမှန်တရားကိုလည်း မမြင်နိုင်ဘူး၊ ရုပ်ကိုလည်း အိုစေတယ်၊ နာမ်ကိုလည်း အိုစေတယ်၊ နောက်ဘဝမှာလည်း ရုပ်ဆိုးတတ်တယ်။

သည်းခံခြင်းဟာ မြတ်သောအကျင့်လို့ မြတ်စွာဘုရား ဟောထားတယ်၊ ခန္တီတစ်လုံး လက်ကိုင်သုံးရင် အစစအရာရာ အဆင်ပြေတယ်။ ဒါကြောင့် ဘယ်အာရုံနဲ့ပဲတွေ့တွေ့ ငါ အစစ အရာရာ သည်းခံမယ်" စသည်ဖြင့် ဆင်ခြင်လို့ ရပါတယ်။ ဒါမှမဟုတ် ကိုယ်နားလည်သလို ဆင်ခြင်တတ်သလို ဆင်ခြင်လို့လည်း ရပါတယ်။



မေတ္တာပွားမယ့်သူတစ်ယောက်အနေနဲ့ ပယ်ရမယ့်တရားက ဒေါသပါတဲ့၊ ယူရမယ့်တရားက ခန္တီပါတဲ့။

ဒေါသဆိုတာ လောကီရှုထောင့်ကကြည့်ကြည့်၊ လောကုတ္တရာရှုထောင့်ကကြည့်ကြည့် ကောင်းကိုမကောင်းတာပါ။

သုဘလုလင်က မြတ်စွာဘုရားကို မေးတဲ့မေးခွန်း ရှိပါတယ်။ ဘယ်လိုမေးသလဲဆိုတော့ … "မြတ်စွာဘုရား၊ တချို့ယောကျာ်း မိန်းမတွေကျတော့ ရုပ်ဆိုးပါတယ်။ တချို့ယောကျာ်း မိန်းမတွေကျတော့ ရုပ်လှပါတယ်။ အဲဒါ ဘာကြောင့်ပါလဲဘုရား"တဲ့။ ဒီတော့ မြတ်စွာဘုရားက … "သုဘလုလင် ဒေါသကြီးတဲ့သူဟာ နောက်ဘဝမှာ ရုပ်ဆိုးရပြီး၊ သည်းခံတဲ့သူကတော့ ရုပ်လှရပါတယ်"လို့ ပြန်ဖြေလိုက်ပါတယ်။

ဒါကို မဟာစည်ဆရာတော်ဘုရားကြီးက … "ဒေါသမီးလျှံ အကျည်းတန်၊ သည်းခံ လှပသည်"လို့ လင်္ကာ စီထားပါတယ်။

နောက်ဘဝကို အသာထား၊ ဒီဘဝမှာတင် ဒေါသကြီးတဲ့ ပုဂ္ဂိုလ်ကို ဘေးကမြင်ရတာတောင် တော်တော်စိတ်ဆင်းရဲဖို့ ကောင်းပါတယ်။ အခြေအနေအရ ဆက်ဆံနေရပေမယ့် ဒေါသကြီးသူကို ဘယ်သူမှ မဆက်ဆံချင်ကြပါဘူး။ မျက်မှောက်လက်တွေ့ဘဝကိုကြည့်ပြီး ဒေါသ

www.burmeseclassic.com

www.burmeseclassic.com



ရဲ့အပြစ်ကို ဆင်ခြင်နိုင်ရပါမယ်။

ဆင်ခြင်တယ်ဆိုတာ ဆိုရုံ နှလုံးသွင်းရုံ မဟုတ်ဘဲ သဘောသဘာဝအထိ နှလုံးသားထဲအထိ အသိထဲအထိ ဆိုက်ရောက်သွားအောင် သိသွားအောင် ဆင်ခြင်ရပါ တယ်။ ဆင်ခြင်ရင်းနဲ့ပဲ ဒေါသရဲ့အကျိုး အပြစ်ကို ထင်ထင် ရှားရှား တွေ့ပြီး ကိုယ်တိုင်လည်း ဒေါသလျှော့လျှော့သွား ပါလိမ့်မယ်။ ကိုယ်ဒေါသထွက်စဉ်ကာလတုန်းက ဆိုးကျိုး တွေကို အာရုံပြုပြီး ဆင်ခြင်လို့လည်း ရပါတယ်။ ဥပမာ- မိတ်ပျက်သွားတာတွေ၊ အလုပ်ပျက် အကိုင်ပျက် ဖြစ်ခဲ့တာ တွေ၊ အိပ်မပျော်ခဲ့တာတွေ စသည်ဖြင့်ပေါ့။

သည်းခံတာလည်း ဒီအတိုင်းပါပဲ။ သည်းခံမှုရဲ့ ရလဒ်ကို အသွင်အပြင်ထက် အနှစ်သာရပိုင်းအထိ လက်ခံ နိုင်အောင် ဆင်ခြင်ရပါမယ်။ ဆင်ခြင်ရင်းနဲ့ပဲ သည်းခံ တတ်တဲ့အကျင့် ဖြစ်သွားပါလိမ့်မယ်။

အဲဒီလို ဒေါသရဲ့အပြစ်နဲ့ ခန္တီရဲ့အကျိုးကို ကိုယ်ဆင်ခြင်တတ်သလို ဆင်ခြင်ပြီးရင် မေတ္တာ စ,ရပါ တော့မယ်။ ဒါပေမယ့် ဝိသုဒ္ဓိမဂ်က မေတ္တာမစ,ရမယ့် ပုဂ္ဂိုလ်၊ မေတ္တာလုံးဝမပို့ရမယ့် ပုဂ္ဂိုလ်၊ မေတ္တာစ,ရမယ့် ပုဂ္ဂိုလ်ဆိုပြီး ခွဲပြထားပေးပါတယ်။

မေတ္တာစပြီး မပွားရမယ့် ပုဂ္ဂိုလ်က (၄)ယောက် ရှိပါတယ်။ အဲဒါတွေက ...

၁။ မုန်းတဲ့သူ၊



၂။ အလွန်ချစ်တဲ့သူ၊

၃။ မချစ် မမုန်း အလယ်အလတ်ပုဂ္ဂိုလ်၊

၄။ ရန်သူတို့ ဖြစ်ပါတယ်။

အဲဒီပုဂ္ဂိုလ်(၄)ယောက်ကို မေတ္တာစပြီး မပွားရ ပါဘူး။ နံပါတ်(၁)က မုန်းတဲ့သူကို စမေတ္တာမပွားပါနဲ့တဲ့။ ဘာဖြစ်လို့လဲဆိုတော့ မုန်းတဲ့သူကို စပြီးမေတ္တာပွားရင် မေတ္တာပွားတယ်ဆိုတာ သူ့တစ်ကိုယ်လုံးကို မြင်ယောင်ပြီး ပွားရတာဆိုတော့ သူ ကိုယ့်အပေါ် မကောင်းတာလုပ်ခဲ့တာ တွေက တစ်ခုချင်း ပေါ်လာပါလိမ့်မယ်။ "ဘယ်တုန်းက တော့ ငါ့ကို ဘယ်လိုကြောခဲ့တာ၊ ဘယ်တုန်းကတော့ ငါ့ကို ဘယ်လိုပြောခဲ့တာ"ဆိုပြီး ဒေါသတွေပဲ ဝင်လာတော့ မှာပါ။ ဒေါသဟာ မေတ္တာရဲ့ရန်သူပါ။ ဒါကြောင့် မုန်းတဲ့ သူကို စပြီး မေတ္တာမပွားရပါဘူး။

နောက်နံပါတ်(၂)က အလွန်ချစ်တဲ့သူကိုလည်း မေတ္တာစ,မပွားရပါဘူးတဲ့။ ဘာဖြစ်လို့လဲဆိုတော့ အလွန် ချစ်တဲ့သူကို စ,မေတ္တာပွားရင် "သူ နေလို့မှကောင်းရဲ့၊ အိပ်လို့မှပျော်ပါရဲ့လား၊ အဆင်မှပြေပါရဲ့လား" စသည်ဖြင့် ကိုယ်ချစ်တဲ့သူအတွက် စိုးရိမ်သောကတွေ ဝင်လာတတ်ပါ တယ်တဲ့။ စိုးရိမ်သောက ဝင်လာရင် မေတ္တာပွားဖို့ ခက်သွား တတ်ပါတယ်။ ဒါကြောင့် အလွန်ချစ်တဲ့သူကိုလည်း စပြီး မေတ္တာမပွားရပါဘူး။

နောက်နံပါတ်(၃)က မချစ်မမုန်း အလယ်

www.burmeseclassic.com

www.burmeseclassic.com



အလတ်ပုဂ္ဂိုလ်ပါ။ အဲဒီအလယ်အလတ်ပုဂ္ဂိုလ်ကိုစပြီး မေတ္တာပွားရင် မေတ္တာဓာတ်ဟာ နွေးနေတတ်ပါတယ်တဲ့။ ဒါကြောင့် မချစ်မမုန်း အလယ်အလတ်ပုဂ္ဂိုလ်ကိုလည်း မေတ္တာစပြီး မပွားရပါဘူး။

နောက်နံပါတ်(၄)က ရန်သူပါတဲ့။ ရန်သူကတော့ အထူးပြောဖို့ မလိုတော့ပါဘူး။

ဒါကြောင့် အထက်ကပုဂ္ဂိုလ်(၄)ယောက်ကို မေတ္တာစပြီး မပို့ရပါဘူး။

ဒါကို အောက်ပါလင်္ကာလေးနဲ့ ကပ်မှတ်ထား လိုက်ပါ။

မုန်းသူ၊ ချစ်သူ၊ လယ်လတ်သူနှင့်၊ ရန်သူကိုသာ၊ ဤလေးဖြာ မေတ္တာ မစ,ရ။

နောက် မေတ္တာ လုံးဝမပွားရတဲ့ ပုဂ္ဂိုလ်နှစ်ယောက်ကတော့ (၁) လိင်အသွင်မတူတဲ့သူရယ် (၂) သေသွားတဲ့သူရယ်ပါ။

လိင်အသွင်မတူတဲ့သူဆိုတာ ယောကျ်ားနဲ့ မိန်းမကို ပြောတာပါ။ ယောကျ်ားက မိန်းမကို မေတ္တာပွားနေရင် ဒါမှမဟုတ် မိန်းမက ယောကျ်ားကို မေတ္တာပွားနေရင် မေတ္တာအစား ရာဂတွေဝင်လာပါလိမ့်မယ်။ ရာဂဟာ မေတ္တာရဲ့ အနီးဆုံးရန်သူပါ။

သီဟိုဠ်ခေတ်က အမတ်တစ်ယောက်ရဲ့သားဟာ သူ့အိမ် ဆွမ်းခံကြွနေတဲ့ မထေရ်တစ်ပါးကို "မေတ္တာပွားတဲ့အခါ ဘယ်သူ့ကို မေတ္တာစပွားရမလဲ"လို့ မေးလျှောက်ပါတယ်။ ဒီတော့ မထေရ်က ... "ချစ်တဲ့သူကို စပွား"လို့ မိန့်ကြားလိုက်ပါတယ်။ အမတ်ရဲ့သားက ငါချစ်တာ ငါ့ဇနီးပဲဆိုပြီး ဥပုသ်စောင့်တဲ့ညမှာပဲ တခြားအခန်း တစ်ခုမှာ ခွဲအိပ်၊ အခန်းတံခါးပိတ်ပြီး သူ့ဇနီးကို မေတ္တာ စပွားပါသတဲ့။

ဒီတော့ မေတ္တာစိတ် မဖြစ်တော့ဘဲ ရာဂစိတ်တွေ ဖြစ်လာပြီး သူ့ဇနီးရှိရာအခန်းကိုသွားဖို့ အားထုတ်တာ တံခါးရှိရာကိုတောင် မမှတ်မိတော့ဘဲ နံရံကို ဝင်တိုးပါသတဲ့။

လိင်အသွင်မတူသူကို မေတ္တာပွားရင် ရာဂဖြစ်လွယ်လို့ သီးသန့်သီးခြား မပွားရပါဘူး။ ဒါပေမယ့် သီးသန့် သီးခြားသာ မပွားရတာ၊ ကိုယ့်ရဲ့မေတ္တာ ခိုင်မာလာတဲ့အခါ သမာဓိကောင်းကောင်း ရလာတဲ့အခါ ပါရမီဖြစ်ကုသိုလ်ဖြစ်တော့ ပွားကောင်းပါတယ်။

လင်မယား ဇနီးမောင်နှံဆိုတော့ အပြန်အလှန်တော့ ကျေးဇူးရှိနေကြပါတယ်။ ချက်ချင်းကြီး သီးသန့် အနေနဲ့သာ မပွားကောင်းတာ၊ ကိုယ့်ရဲ့မေတ္တာ သမာဓိ ခိုင်လာတဲ့အခါ ကျေးဇူးကို အာရုံပြုပြီးတော့ ပွားကောင်းပါတယ်။

နောက်နံပါတ်(၂)က သေသူပါ။ သေသူကိုတော့ လုံးဝကို မေတ္တာမပွားရတာပါ။



www.burmeseclassic.com

www.burmeseclassic.com



မေတ္တာပို့တယ်ဆိုတာ ပုဂ္ဂိုလ် သတ္တဝါကို အာရုံပြုပြီး ပို့ရတာဆိုတော့ သေသူဆိုတာ ပုဂ္ဂိုလ်ထင်ရှား မရှိတော့ပါဘူး။ ကိုယ့်ရဲ့မေတ္တာကိုလည်း မခံယူနိုင်တော့ပါဘူး။ တချို့ကျတော့ သေသွားတဲ့မိဘတွေကို မေတ္တာပို့ပေးနေတတ်ပါတယ်။ ကျေးဇူးရှိလို့ တကယ်ပြုချင်ရင် ကုသိုလ်ပြုပြီး အမျှပဲ ပေးဝေရမှာပါ။

ပြီးတော့ သေသူကို မေတ္တာပို့ရင် အပ္ပနာဈာန်သမာဓိကိုလည်း မရနိုင်ပါဘူး။ ဥပစာရသမာဓိကိုလည်း မရနိုင်ပါဘူးတဲ့။

အပ္ပနာဈာန်ဆိုတာ အာရုံတစ်ခုတည်းကို စွဲကိုင်ထားနိုင်တာပါ။

ဥပစာရသမာဓိဆိုတာက နီဝရဏငါးပါးကင်းပြီး မေတ္တာခံပုဂ္ဂိုလ်အပေါ်မှာသာ ရှုးစိုက်တည်နေတာပါ။

သီဟိုဠ်ခေတ်ကပဲ ဆိုပါတော့၊ ရဟန်းငယ်တစ်ပါးက သူ့ရဲ့ဆရာကို မေတ္တာပွားပါတယ်။ အဲဒီခေတ်ကတော့ ဈာန်သမာပတ်အထိရအောင် ပွားတဲ့ခေတ်ပါ။ ရဟန်းငယ်က ဆရာကို အာရုံပြုပြီး မေတ္တာပွားနေပေမယ့် ရနေကျ ဈာန်သမာပတ်ကို မရဘဲ ဖြစ်နေပါတယ်။ ဒီအကြောင်းကို ဆရာမထေရ်ကြီးတစ်ပါးကို လျှောက်ပြတော့ "မေတ္တာခံ ပုဂ္ဂိုလ်ကို စုံစမ်းကြည့်ပါဦးလေ"ဆိုတော့ စုံစမ်းကြည့်တော့ ဆရာဖြစ်သူက ပျံလွန်တော်မူသွားပါပြီ။ ဒါကြောင့် ရဟန်းငယ်က တခြားပုဂ္ဂိုလ်ကို အာရုံပြုပြီး



ပြန်ပွားတော့ ရနေကျ ဈာန်သမာပတ်ကို ရသွားတယ်လို့ ဆိုပါတယ်။ လိုရင်းကတော့ သေသူဟာ ကိုယ့်ရဲ့မေတ္တာကို မခံယူနိုင်တော့လို့ မေတ္တာလုံးဝကို မပွားရပါဘူး။ သပြေကန်ဆရာတော်ဘုရားကြီးရဲ့ လင်္ကာလေးနဲ့ ကပ်မှတ်ထားလိုက်ပါဦး။

လိင်မတူရာ၊ သေသူမှာ၊ မေတ္တာမပွားနှင့်။

အလင်းတန်းဂျာနယ်

၁၄-၂-၂၀၀၅



www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှာ မေတ္တာမစ,ရမယ့်ပုဂ္ဂိုလ်၊ သီးခြားမပွား ရမယ့်ပုဂ္ဂိုလ်၊ လုံးဝမပွားရမယ့်ပုဂ္ဂိုလ်တွေကို ပြောခဲ့ပြီး ပါပြီ။ ဒီတော့ ဘယ်သူ့ကို အရင်စပွားရမလဲဆိုတော့ အချစ်ဆုံးပုဂ္ဂိုလ်ကို စပွားရပါ့မယ်တဲ့။ အချစ်ဆုံးဆိုတာ ဘယ်သူလဲလို့ ထပ်မေးရင် အတ္တသမံ ပေမံနတ္ထိ = မိမိလောက် ထပ်တူချစ်သောပုဂ္ဂိုလ်မရှိတဲ့။ လူဟာ ကိုယ့်ကိုယ်ကို အချစ်ဆုံးပါတဲ့။ ဒါကြောင့် ကိုယ့်ကိုယ်ကို အရင်စပွား ပါတဲ့။

ဒီနေရာမှာ ကိုယ့်ကိုယ်ကို အချစ်ဆုံးဖြစ်တဲ့ အကြောင်း သာဓကဝတ္ထုလေးတစ်ပုဒ်လောက် ထည့်ပြော





ရအောင်ပါ။

တစ်ခါတုန်းက ကောသလမင်းကြီးနဲ့ မလ္လိကာ တို့ ဇနီးမောင်နှံဟာ ပြာသာဒ်အထက်မှာ ထိုင်နေကြရင်း ကောသလမင်းကြီးက သူ့မိဖုရားကြီးကို ဘယ်သူမှလည်း အနားမှာမရှိတာနဲ့ "မလ္လိကာ ... ဒီလောကကြီးမှာ ဘယ်သူ့ကို အချစ်ဆုံးလဲ"လို့ ခပ်တိုးတိုးလေး ကပ်မေးလိုက်ပါတယ်။

ဒီတော့ မလ္လိကာက ဘယ်လိုပြန်ဖြေလိုက်သလဲ




www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ … “အို … ကျွန်မကိုယ်ကျွန်မ အချစ်ဆုံးပေါ့၊ ကျွန်မထက် ပိုချစ်ရမယ့်သူ တစ်ယောက်မှမရှိဘူးလို့” ပြန်ဖြေလိုက်ပါတယ်။ ဒီအဖြေစကား ကြားလိုက်ရတော့ ကောသလမင်းကြီးက တော်တော်လေး စိတ်ထိခိုက်သွားပါတယ်တဲ့။ ဘာဖြစ်လို့လဲဆိုတော့ သူက “မောင်တော်ဘုရားကို အချစ်ဆုံးပေါ့”ဆိုတဲ့ အဖြေစကားကို မျှော်လင့်ထားသလို မလ္လိကာက “မောင်တော်ကော ဘယ်သူ့ကို အချစ်ဆုံးလဲ”လို့ ပြန်မေးရင် “နှမတော်လေးကိုပေါ့”လို့ မေးလေးကိုင်ပြီး ပြန်ဖြေဖို့ ကြံထားတာပါ။ ဒါပေမယ့် အဖြေက တစ်လွဲစီဖြစ်ကုန်တော့ ကောသလာသမင်းကြီး တော်တော်စိတ်ဓာတ်ကျသွားပါတယ်။

ကောသလမင်းကြီးက စိတ်ထဲလည်း မကျေနပ်တာနဲ့ ဒီအကြောင်းကို မြတ်စွာဘုရား သွားလျှောက်ပြပါတယ်။ မြတ်စွာဘုရားကလည်း မလ္လိကာရဲ့ အဖြေစကားကိုပဲ ထောက်ခံပြီး ဂါထာလေးတစ်ပုဒ် ဟောပြလိုက်ပါတယ်။

သဗ္ဗာဒိသာ အနုပရိဂမ္မ စေတသာ၊
နေဝဇ္ဈဂါပိယတရ မတ္တနာကွစိ။
ဧဝံပိယော ပုထုအတ္တာ ပရေသံ၊
တသ္မာနဟိံသေ ပရမတ္တကာမော။

သဗ္ဗာဒိသာ၊ အလုံးစုံသော အရပ်မျက်နှာသို့။ စေတသာ၊ စိတ်ဖြင့်။ အနုပရိဂမ္မ၊ ရှာဖွေလှည့်လည်၍။



အတ္တနာ၊ မိမိထက်။ ပိယတရံ၊ သာလွန်၍ ချစ်သောသူကို။ ကွစိ၊ တစ်စုံတစ်ခုသော အရပ်၌။ နေဝအဇ္ဈဂါ၊ မရနိုင်ပါ။ ပရေသံ၊ အခြားသူတို့သည်လည်း။ ပုထုအတ္တာ၊ အသီးသီးသော သူတို့ကိုယ်ကို။ ဧဝံ၊ ဤအတူပင်။ ပိယော၊ ချစ်အပ်ပါ၏။ တသ္မာ၊ ထို့ကြောင့်။ အတ္တကာမော၊ မိမိကိုချစ်သောသူသည်။ ပရံ၊ သူတစ်ပါးကို။ နဟိံသေ၊ ကိုယ်ချင်းစာကာ မညှဉ်းဆဲရာ။ အဓိပ္ပါယ်ကတော့

ကမ္ဘာမြေတစ်ခွင် စကြဝဠာအနှံ့ စိတ်မှန်းနဲ့ လိုက်ရှာပေမယ့် ဘယ်အရပ်မှာမှ ကိုယ့်ထက်ပိုချစ်ရမယ့်သူကို မတွေ့နိုင်၊ မိမိကိုယ်သာ အချစ်ဆုံးပါ။ ဒီအတူ ကျန်တဲ့သတ္တဝါတွေလည်း ကိုယ့်ကိုယ်ကို အချစ်ဆုံးပါ။ သူတစ်ပါးလည်း သူတို့ကိုယ်ကို ချစ်တတ်တဲ့အတွက် ကိုယ်ချင်းစာတရားထားပြီး သူတစ်ပါးကို မညှဉ်းဆဲပါနဲ့တဲ့။

* * * * *

ဒီသာဓကဝတ္ထုလေးကိုထောက်ပြီး လူဆိုတာ ကိုယ့်ကိုယ်ကိုသာ အချစ်ဆုံးပါ။ ကိုယ့်ရဲ့ချစ်သူကို “ချစ်တယ် ချစ်တယ်”လို့ တွင်တွင် ဘယ်လောက်ပဲပြောပြော အတွင်းစိတ်ထဲကတော့ ကိုယ့်ကိုယ်ကိုထက် ပိုမချစ်နိုင်ကြပါဘူး။ ကိုယ်သေမှာနဲ့ ကိုယ့်ချစ်သူသေမှာ ဘယ်သူ့ကို ပိုစိုးရိမ်သလဲမေးရင် ကိုယ်သေမှာကိုပဲ စိုးရိမ်ကြပါတယ်။ လူဟာ ကိုယ့်ကိုယ်ကို အချစ်ဆုံးပါ။ ဒါကြောင့် ကိုယ့်ကိုယ်ကို

www.burmeseclassic.com

www.burmeseclassic.com



အရင်စပြီး မေတ္တာပွားရတာပါ။

အဲဒီမှာ မေးစရာတစ်ခု ထပ်ဖြစ်လာပါတယ်။ ဘယ်လိုလဲဆိုတော့ "ကိုယ့်ကိုယ်ကို အရင်ပို့တော့ အတ္တမဆန်ဘူးလား" ပေါ့။

ဝိသုဒ္ဓိမဂ်ရဲ့အဖြေကတော့ တိုတိုပါပဲ။

ကိုယ်ချင်းစာတတ်အောင်ပါတဲ့။

နည်းနည်းချဲ့ပြောရင် ကိုယ်က ကိုယ်ဆင်းရဲ စိတ်ဆင်းရဲကင်းချင်သလို သူတစ်ပါးလည်း ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ကင်းချင်မှာပဲ၊ ကိုယ်ချမ်းသာချင်သလို သူတစ်ပါးလည်း ချမ်းသာချင်မှာပဲ၊ ကိုယ့်ကို သူတစ်ပါးက စော်ကားတာကို မကြိုက်သလို သူတစ်ပါးလည်း ကြိုက်မှာ မဟုတ်ဘူး၊ ကိုယ့်အတင်းပြောရင် မကြိုက်သလို သူတစ်ပါးလည်း သူ့အတင်းပြောရင် ကြိုက်မှာမဟုတ်ဘူး၊ ကိုယ်ပညာတတ်ချင်သလို သူတစ်ပါးလည်း တတ်ချင်မှာ ပဲ။ ကိုယ်အောင်မြင်ချင်သလို သူတစ်ပါးလည်း အောင်မြင် ချင်မှာပဲ၊ ကိုယ်ရာထူးတက်ချင်သလို သူတစ်ပါးလည်း တက်ချင်မှာပဲ၊ ကိုယ်ဂျီအက်(စ်)အမ်(မ်)ဖုန်း ရချင်သလို သူတစ်ပါးလည်း ရချင်မှာပဲ စသည်ဖြင့်ပေါ့။ အဲဒီလို ကိုယ်ချင်းစာစိတ် မွေးတတ်အောင်၊ ကိုယ်ချင်းစာတတ်အောင် ကိုယ့်ကိုယ်ကို အရင်ပွားရတာပါတဲ့။ ဒီတော့ နည်းနည်းပွားကြည့်ရအောင်ပါ။

ဝိသုဒ္ဓိမဂ်မှာ ပါဠိလို ပွားပြထားပါတယ်။ အားလုံးရဖူးကြတဲ့ ပါဠိလေးပါ။



အဟံ အဝေရော ဟောမိ၊

အဗျာပဇ္ဈော ဟောမိ၊

အနီဃော ဟောမိ၊

သုခီ အတ္တာနံ ပရိဟာရာမိ။

ပါဠိကို ဗဟုသုတအဖြစ်ပဲထားပြီး မြန်မာလိုပွားကြရအောင်ပါ။ အဲဒီပါဠိလေးကို မဟာစည်ဆရာတော်ဘုရားကြီး မြန်မာပြန်ပေးထားတဲ့အတိုင်းလေးပဲ ပွားကြရအောင်ပါ။

ကဲ ... တစ်ခါတည်း ပွားလိုက်ကြရအောင်နော်။

ငါသည် ဘေးရန်ကင်းရပါလို၏။

စိတ်ဆင်းရဲ ကင်းရပါလို၏။

ကိုယ်ဆင်းရဲ ကင်းရပါလို၏။

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် မိမိရဲ့ခန္ဓာ ဝန်ကိုရွက်ဆောင်နိုင်ရပါလို၏။

မိမိကိုယ်ကို မေတ္တာပွားပြီးရင် ဒုတိယအဆင့်အနေနဲ့ မိမိရဲ့ချစ်သူကို ပွားရပါတယ်။ မိမိရဲ့ချစ်သူဆိုတာ ကိုယ့်ရဲ့ရည်းစားကိုပြောတာ မဟုတ်ပါဘူး။ ကိုယ့်အပေါ် ကျေးဇူးများတဲ့ မိဘ၊ ဆရာသမား၊ အလုပ်ရှင်၊ မိတ်ဆွေ သူငယ်ချင်း စသည်တွေပါ။

ချစ်သူဆိုတဲ့နေရာမှာ ကိုယ့်အပေါ် ကျေးဇူးများသူကို ပြောတာဆိုတော့ ဦးရေအရေအတွက်က များပါတယ်။ဒါကြောင့် တစ်ယောက်ချင်းကို အကုန်ပွားရပါ တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆယ့်ငါးယောက်ရှိရင်လည်း ဆယ့်ငါးယောက် ကုန်အောင် ပွားပါ။ အယောက်နှစ်ဆယ်ရှိရင်လည်း အယောက်နှစ်ဆယ် ပေါ့။ ပွားတဲ့နေရာမှာလည်း သူတို့ ကိုယ့်အပေါ် ကျေးဇူး ရှိခဲ့ပုံတွေ၊ သူတို့ရဲ့ကောင်းကွက် ကလေးတွေ အဲဒါတွေကို အာရုံပြုပြီး ပွားရပါတယ်။

ကဲ ... ဒါဖြင့် ပွားကြည့်ရအောင်ပါ။

ဘယ်သူ့ကိုပွားမလဲ၊ အမေလုပ်သူကိုပဲ အရင်ပွား လိုက်ရအောင်ပါ။ (အမေနဲ့ ပြီးခဲ့တဲ့လကမှ ရန်ဖြစ်ထား တာလို့တော့ မပြောပါနဲ့)

အမေ ဘေးရန် ကင်းပါစေ။

စိတ်ဆင်းရဲ ကင်းပါစေ။

ကိုယ်ဆင်းရဲ ကင်းပါစေ။

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် မိမိရဲ့ခန္ဓာဝန် ကို ရွက်ဆောင်နိုင်ပါစေ။(ဒါက ဥပမာအနေနဲ့ပွားပြတာပါ။ တခြားကိုယ် ချစ်ခင်ကြည်ညိုရာ ဆရာတော်, ဆရာသမား, အလုပ်ရှင် မိတ်ဆွေ,သူငယ်ချင်းတွေက စပွားလည်း ရပါ တယ်)

တစ်ဆက်တည်း ကိုယ့်ရဲ့အလုပ်ရှင်ကိုပါ မေတ္တာ ပွားလိုက်ရအောင်ပါ။

ငါ၏အလုပ်ရှင် ဦးဘမောင်သည်

ဘေးရန် ကင်းပါစေ၊

စိတ်ဆင်းရဲ ကင်းပါစေ၊



ကိုယ်ဆင်းရဲ ကင်းပါစေ၊

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် မိမိရဲ့ခန္ဓာ ဝန်ကို ရွက်ဆောင်နိုင်ပါစေ။

* * * * *

ကိုယ့်အပေါ် ကျေးဇူးများတဲ့ပုဂ္ဂိုလ်တွေကို တစ်ယောက်ချင်းပို့ပြီးလို့ ကုန်သွားရင် တတိယအဆင့် အနေနဲ့ မချစ် မမုန်း အလယ်အလတ်ပုဂ္ဂိုလ်ကို ပို့ရ ပွားရ ပါတယ်။

အလယ်အလတ် မချစ်မမုန်းပုဂ္ဂိုလ်ဆိုတာ သာမန်အားဖြင့်ပဲ ထိတွေ့ဆက်ဆံနေရတဲ့ ပုဂ္ဂိုလ်တွေပါ။

အလယ်အလတ်ပုဂ္ဂိုလ်ကိုပို့ပြီးရင် စတုတ္ထ အဆင့် အနေနဲ့ ရန်သူကို ပို့ရပါမယ်။ ရန်သူကို ပို့တဲ့အခါ ရချင်လည်း ရမယ်။ မရချင်လည်း မရဘူး။ မရဖို့က များပါ တယ်။ ရန်သူကို မေတ္တာပို့နိုင်ဖို့ဆိုတာ ကိုယ့်ရဲ့မေတ္တာ သမာဓိဟာ တော်တော်လေး ခိုင်မာလာမှပါ။ မခိုင်သေးရင် တော့ ပို့လိုက် ပြုတ်ကျလိုက်၊ ပို့လိုက် ပြုတ်ကျလိုက် ဖြစ်နေမှာပါ။

ဒီရက် ဒီရက်တွေမှာ မရပေမယ့် နောက်ရက်တွေ ကျရင်တော့ ရချင်ရနိုင်ပါတယ်။ ဒါကြောင့် ဘာပဲဖြစ်ဖြစ် မရကာမှနေရော၊ စမ်းတော့ပို့ကြည့်သင့်ပါတယ်။ ရတာ မရတာကတော့ ဉာဏ်ရဲ့အလုပ်၊ ပို့ရမှာ ပွားရမှာကတော့ ကိုယ့်ရဲ့အလုပ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်အဆင့်အထိ ပွားရမလဲဆိုရင် ...

မိမိရယ်၊ မိမိချစ်သူရယ်၊ မချစ်မမုန်း အလယ်အလတ်ပုဂ္ဂိုလ်ရယ်၊ ရန်သူရယ်ကို သီမာသမ္ဘေဒဖြစ်အောင် ပွားရပါမယ်တဲ့။ သီမာသမ္ဘေဒဆိုတာက တစ်သားတည်း ဖြစ်နေတာကို ပြောတာပါ။

သီမာသမ္ဘေဒ = တစ်သားတည်းဖြစ်ပုံကို ဝိသုဒ္ဓိမဂ်က ဒီလိုပြထားပါတယ်။

နေရာဌာနတစ်ခုမှာ မေတ္တာပွားသူ မိမိရယ်၊ မိမိချစ်သူရယ်၊ မချစ်မမုန်းအလယ်အလတ်ပုဂ္ဂိုလ်ရယ်၊ ရန်သူရယ် လေးယောက် နေနေကြပါတယ်တဲ့။ အဲဒီအချိန်မှာ လူဆိုးတွေရောက်လာပြီး "မင်းတို့လေးယောက်ထဲက လူတစ်ယောက် ပေးပါလို့" တောင်းလာပါတယ်။ လေးယောက်အုပ်စုက "ဘာလုပ်ဖို့လဲ"လို့ ပြန်မေးပါတယ်။ ဒီတော့ လူဆိုးတွေက "မင်းတို့ပေးလိုက်တဲ့လူကိုသတ်ပြီး လည်ချောင်းသွေးနဲ့ ယဇ်ပူဇော်ဖို့"လို့ ပြန်ပြောလိုက်ပါသတဲ့။ အဲဒီအခါ မေတ္တာပွားနေတဲ့ ပုဂ္ဂိုလ်က "ကျွန်တော့်ကို ယူပါ"လို့ ပြောလိုက်ပါသတဲ့။ ဒါဆို သီမာသမ္ဘေဒ= တစ်သားတည်း မဖြစ်သေးပါဘူးတဲ့။

ဘာဖြစ်လို့လဲဆိုတော့ တစ်ယောက်ကိုတော့ ယူစေပြီး သုံးယောက်ကိုတော့ မယူစေခြင်းဟာ ခွဲခြားမှု ရှိနေသေးတဲ့အတွက် တစ်သားတည်း မဖြစ်သေးပါဘူးတဲ့။ လေးယောက်ဟာ တစ်ယောက်ထဲ ဖြစ်နေရပါမယ်တဲ့။



နောက်ဆုံး တစ်ယောက်မှပေးစရာ မလိုဘူးလို့ မြင်သွားရပါမယ်တဲ့။ မြင်သွားအောင်လည်း ပွားရပါမယ်တဲ့။

ဒါက ဝိသုဒ္ဓိမဂ်က ဥပမာစကားတစ်ရပ်အနေနဲ့ ပြောတာပါ။ တကယ့်လက်တွေ့နယ်ပယ်ထဲမှာတော့ တကယ့်မေတ္တာကို ခိုင်ခိုင်မာမာ ပွားလာရင် ပွားလာတဲ့အခါ "သူက မြန်မာပဲ၊ သူက ကုလားပဲ၊ သူက တရုတ်ပဲ၊ သူက သူဌေးပဲ၊ သူက ဆင်းရဲသားပဲ" ဆိုတာ မမြင်တော့ဘဲ လူတစ်ဦးအနေနဲ့ပဲ မြင်နေရပါမယ်။ ဒါကို သီမာသမ္ဘေဒ ဖြစ်တယ်လို့ ခေါ်ပါတယ်။

အဲဒီလိုမှ မဟုတ်ဘဲ တွဲမြင်နေသေးတယ် ခွဲခြားမြင်နေသေးတယ်ဆိုရင်တော့ သီမာသမ္ဘေဒ မဖြစ်သေးပါဘူး။

သတ္တဝါတွေရဲ့အကျိုးကို လိုလားစွာနဲ့ ခွဲခြားမှု မရှိတော့ဘဲ လူတစ်ယောက်အနေနဲ့ မြင်သွားပြီ မေတ္တာပွားနိုင်ပြီဆိုရင် ကိုယ့်ရဲ့မေတ္တာဟာ ပါရမီမေတ္တာဖြစ်သွားပါတယ်။

မေတ္တာပို့ရမယ့် အစဉ်လေးကို လင်္ကာလေးနဲ့ ကပ်မှတ်ထားရအောင်ပါ။

မိမိ, ချစ်သူ, လယ်လတ်သူနှင့် ရန်သူတစ်ဖြာ မြတ်မေတ္တာ ပွားကာစဉ်တိုင်းသိ။

အလင်းတန်းဂျာနယ်

၂၁.၂.၂၀၀၅

www.burmeseclassic.com







မေတ္တာပွားတဲ့အခါ ရန်သူကို နောက်ဆုံးမှ ပွားရမယ်လို့ ပြောခဲ့ပြီးပါပြီ။

မေတ္တာပို့ရမယ့်အစဉ်ထဲမှာ ရန်သူလည်း ပါနေတော့ တာဝန်တစ်ခုအနေနဲ့ ပို့လိုက်တာ အကောင်းဆုံးပါ။

ဒါနဲ့ပတ်သက်ပြီး ဆရာကြီးဦးဌေးလှိုင်က သူ့ရဲ့ မေတ္တာဝါဒစာအုပ်မှာ ကိုယ်တွေ့ဝတ္ထုလေး ထည့်ရေးပြထားပါတယ်။ အဲဒီဝတ္ထုလေး အကျဉ်းချုပ် ပြောပြရအောင်ပါ။

တစ်ခါတုန်းက မဟာစည်ဆရာတော်ဘုရားကြီးဆီကို ဒကာမကြီးတစ်ယောက် တရားလာအားထုတ်ပါတယ်။ ဒါပေမယ့် သူက တရားမှတ်လို့မရဘဲ ဖြစ်နေပါတယ်။ ဒါကြောင့် ဆရာတော်ကြီးက မေတ္တာပွားနည်းကို အရင်သင်ပေးပါတယ်။

## မေတ္တာ နွေးများ (၉)



www.burmeseclassic.com

www.burmeseclassic.com



တရားစစ်တဲ့အခါကျတော့ ... ဒကာမကြီးက "တပည့်တော် ကျန်တဲ့သူတွေကို မေတ္တာပို့လို့ရပေမယ့် စီးပွားပြိုင်ဘက် ရန်သူအိမ်နီးချင်း ဒကာမကိုတော့ ပို့လို့မရ ဖြစ်နေတယ်ဘုရား"လို့ လျှောက်ပြပါတယ်။ ဒီတော့ ဆရာတော်ကြီးက "ရန်သူကို နောက်ဆုံးမှ ထားပို့ပါ။ ပို့လည်းပို့ကြည့်ပါဦး။ သံသရာမှာ ဆွေမျိုးမတော်ခဲ့သူ မရှိဘူး။ သူ့ကျေးဇူးလေးတွေကို ရှုပြီး ပို့ပါ"လို့ အကြံပေးလိုက်ပါတယ်။

နောက် သုံးလေးရက်ကြာလာတော့ ဒကာမကြီးက ဆရာတော်ဘုရားကြီးဆီ ပြန်ရောက်လာပြီး "ဆရာတော်ဘုရား တပည့်တော် မေတ္တာပို့လို့ ရသွားပါပြီဘုရား၊ မေတ္တာပို့နေရင်း တပည့်တော်ရဲ့အာရုံထဲမှာ ပို့ရင်း ပို့ရင်းနဲ့ သူ့မျက်နှာက ပြုံးလာပါတယ်ဘုရား။ ပြုံးပြီး တပည့်တော်ကို တောင်းပန်ပါတယ်။ ဒီလောက်နဲ့ တပည့်တော် မအံ့သြသေးပါဘူး၊ အပြင်မှာလည်း တပည့်တော်ကို တရားအာရုံထဲမှာမြင်ရတဲ့ အကြိုလုံချည်နဲ့ လာတောင်းပန်ပါတယ်ဘုရားလို့" သူက လျှောက်ပြပါတယ်။

ဆရာကြီးဦးဌေးလှိုင်က သူ့ကိုယ်တွေ့ကလေးကို ထုတ်ပြထားတာပါ။

ပုထုဇဉ်တွေဆိုတော့ သူ့အတိုင်းအတာနဲ့သူတော့ ရန်သူ မလိုလားသူ သဘောထားမတိုက်ဆိုင်သူတွေကတော့ ရှိနေကြမှာပါပဲ။ ဒီတော့ ဒေါသကလည်း ဝင်လာ



တော့မှာပါ။ ဘယ်လိုနည်းနဲ့ပဲ ဝင်လာဝင်လာ၊ မေတ္တာပွားချင်သူ တစ်ယောက်အနေနဲ့ ဝင်လာတဲ့ဒေါသကို ပယ်ပစ်ရပါ့မယ်။ ဒေါသဟာ မေတ္တာရဲ့ ရန်သူပါ။ ဒီတော့ ဘယ်လိုပယ်မလဲ...?။

ဝိသုဒ္ဓိမဂ်က ဒေါသဝင်လာရင် ဖြေဖျောက်နည်း (၁၁)နည်းကို ဆက်ပြထားပါတယ်။ အဲဒီ(၁၁)နည်းကိုလည်း ဒီမှာခပ်ကျဉ်းကျဉ်းပြောပြရအောင်ပါ။

၁။ မေတ္တာပွား၍ ဖျောက်ခြင်း၊
၂။ မြတ်စွာဘုရား၏ အဆုံးအမ ဩဝါဒကို ဆင်ခြင်၍ ဖျောက်ခြင်း၊
၃။ ရန်သူ၏ကောင်းကွက်ကိုရှာ၍ ဖျောက်ခြင်း၊
၄။ သနား၍ဖျောက်ခြင်း၊
၅။ မိမိကိုယ်ကို ဆုံးမ၍ ဖျောက်ခြင်း၊
၆။ ကမ္မဿကတာဉာဏ်ဖြင့် ဖျောက်ခြင်း၊
၇။ သည်းခံပုံဇာတ်တော်လာနည်းများဖြင့် ဖျောက်ခြင်း၊
၈။ သံသရာတစ်လျှောက်၌ ဆွေမျိုးမတော်ခဲ့သူ မရှိဟု ဆင်ခြင်၍ ဖျောက်ခြင်း၊
၉။ မေတ္တာအကျိုးကို ဆင်ခြင်၍ ဖျောက်ခြင်း၊
၁၀။ ဓာတ်ခွဲ၍ ဖျောက်ခြင်း၊
၁၁။ ဥစ္စာပေးယူ၍ ဖျောက်ခြင်း၊

အားလုံးပေါင်း (၁၁)နည်းပါ။

နံပါတ်(၁)က မေတ္တာပွားပြီး ဖျောက်ရပါ့မယ်။

www.burmeseclassic.com



ရှေ့မှာပြောခဲ့တဲ့အတိုင်း မိမိ၊ ချစ်သူ၊ အလယ်အလတ်ပုဂ္ဂိုလ်၊ ရန်သူကို အစဉ်အတိုင်း ပွားရပါမယ်။ အဲဒီလို ပွားပြီး ဖျောက်ပါတဲ့။

မေတ္တာပွားလို့မှ မပျောက်ရင် နံပါတ်(၂)က မြတ်စွာဘုရားရဲ့ဩဝါဒကို ဆင်ခြင်ပြီး ဖျောက်ရပါမယ်။ ဆင်ခြင်ပုံကတော့ ...

"အို ... ယောဂီ အမျက်ထွက်တာ မကောင်းမှန်း သိပါလျက် အမျက်ထွက်လာသူကို ကိုယ်ကပြန်ထွက်ရင် ပထမ အမျက်ထွက်တဲ့သူထက် ပိုမိုက်တယ်လို့ မြတ်စွာဘုရား ဟောထားတယ်မဟုတ်လား။

ပြီးတော့ သူတစ်ပါး အမျက်ထွက်နေတာကို သိပြီး ကိုယ်ကမထွက်ဘဲ နေလိုက်တာဟာ မိမိ သူတစ်ပါး နှစ်ဦးသား ရဲ့အကျိုးကို ကျင့်လိုက်တာဖြစ်တယ်လို့လည်း မြတ်စွာဘုရား ဟောထားတယ် မဟုတ်လား။

အစွန်းနှစ်ဘက်ကလည်း မီးလောင်၊ အလယ်မှာလည်း မစင်ပေနေ၊ သူသေကောင်ဖုတ်တဲ့နေရာမှာလည်း အသုံးပြုထားတဲ့ ထင်းကုလားတုံးဟာ မြို့ရွာမှာ ဘာမှ အသုံးမဝင်သလို ဒေါသထွက်တဲ့သူဟာလည်း အဲဒီ ထင်းတုံးအတိုင်းပါပဲလို့ မြတ်စွာဘုရားဟောထားပြန်တယ် မဟုတ်လား" စသည်ဖြင့် အဲဒီလိုဆင်ခြင်ပြီး ဖျောက်ပါတဲ့။ ဒါမှမဟုတ် တခြား ကိုယ်ကြားဖူးတဲ့ ဩဝါဒနဲ့လည်း ဆင်ခြင်ပြီးဖျောက်လို့ ရပါတယ်။



အဲဒီလို ဆင်ခြင်လို့မှ မပျောက်ရင် နံပါတ်(၃)က ရန်သူရဲ့ကောင်းကွက်ကလေးကိုရှာပြီး ဖျောက်ပါတဲ့။ "သြော် သူက အပြောသာကြမ်းတာ၊ အတွင်းစိတ်ကတော့ ကောင်းသားပဲ၊ ဘယ်တုန်းကတော့ ငါ့ကို ဘယ်လိုကူညီခဲ့ဖူးတာပဲ" စသည်ဖြင့် ကောင်းကွက် ဒါမှမဟုတ် ပြုခဲ့တဲ့ ကျေးဇူးလေးတွေကို ဆင်ခြင်ပြီး ဖျောက်ရပါတယ်။

နံပါတ်(၄)က သနားပြီး ဖျောက်ပါတဲ့။ "သြော် ... သူ ငါ့အပေါ် မကောင်းတဲ့စိတ်တွေ ထားနေပါလား၊ အဲဒီ မကောင်းတဲ့စိတ်က သူ့ကို မကောင်းကျိုးပေးတော့မှာပဲ၊ အို ... သနားစရာပဲ" အဲဒီလိုသနားပြီး ဖျောက်ပါ။ ကရုဏာထားပြီး ဖျောက်ပါတဲ့။

အဲဒီလိုဆင်ခြင်လို့မှ မပျောက်ရင် နံပါတ်(၅)က ကိုယ့်ကိုယ်ကိုဆုံးမပြီး ဖျောက်ပါတဲ့။

ဝိသုဒ္ဓိမဂ်ကတော့ ဆုံးမပုံနဲ့ပတ်သက်ပြီး ဂါထာ(၁၀)ဂါထာ ပြထားပါတယ်။ ဒီမှာတော့ အဲဒီ(၁၀)ဂါထာလုံးကို မပြောတော့ပါဘူး။ ကိုယ့်ကိုယ်ကို ဆုံးမတတ်သလို ဆုံးမပြီး ဖျောက်လို့ရပါတယ်။ "အို ... ယောဂီ၊ ရန်သူကို အမျက်ပြန်ထွက်ရင် သူ့အကြိုက်ဖြစ်မှာပေါ့။ ကိုယ်အမျက်ထွက်လိုက်လို့ သူ့ရဲ့ဆင်းရဲမှုကို ပြုနိုင်တာလည်းရှိမယ်၊ မပြုနိုင်တာလည်းရှိမယ်။ ဒါပေမယ့် လောလောဆယ် ကိုယ်ကတော့ ဒေါသရဲ့နှိပ်စက်မှုကို ခံနေရပြီ မဟုတ်လား" စသည်ဖြင့် ကိုယ့်ကိုယ်ကို ဆုံးမပြီး ဖျောက်ပါတဲ့။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုဆင်ခြင်လို့မှ မပျောက်ရင် နံပါတ်(၆)က ကမ္မဿကတာဉာဏ်နဲ့ ဖျောက်ပါတဲ့။ ကမ္မဿကတာဉာဏ် ဆိုတာ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိတယ်လို့ သိတဲ့ဉာဏ်ပါ။

"သူ ပြုနေတဲ့ မကောင်းတဲ့ကံဟာ သူ့ရဲ့ ကိုယ်ပိုင် ဥစ္စာ ဖြစ်သွားပြီ၊ အဲဒီကံကပဲ မကောင်းကံအားလျော်စွာ အကျိုးပေးတော့မှာ။ ငါက ဝေဖန်စရာ မလိုဘူး၊ ကံကပဲ သူ့ကို ဝေဖန်ပေးလိမ့်မယ်" အဲဒီလို ကံကိုဆင်ခြင်ပြီး ဖျောက်ရပါ့မယ်။

အဲဒီလိုဆင်ခြင်လို့မှ မပျောက်ရင် နံပါတ်(၇)က သည်းခံမှုဇာတ်တော်တွေကို အာရုံပြုပြီး ဖျောက်ပါတဲ့။ မဟာသီလဝဇာတ်၊ ခန္တိဝါဒီဇာတ်၊ ဆဒ္ဒန္တဇာတ်၊ မဟာကပိဇာတ် စသည်ဖြင့် ကိုယ်ကြားဖူးတဲ့ ဇာတ်တစ်ခုခုကို အာရုံပြုပြီး "ဘုရားအလောင်းဟာ သည်းခံခဲ့တယ်။ အဲဒီလို သည်းခံခဲ့တဲ့အတွက် နောက်ဆုံးတော့ အောင်မြင်တာပဲ။ ဘယ်ကိစ္စမဆို သည်းခံလိုက်ရင် အဆင်ပြေသွားတာပါ" အဲဒီလိုသည်းခံစိတ်မွေးပြီး ဖျောက်ရပါမယ်။

သည်းခံစိတ်မွေးလို့မှ မပျောက်ရင် နံပါတ်(၈)က ဆွေမျိုးစပ်ပြီး ဖျောက်ပါတဲ့။ "ဩော် ... သံသရာမှာ ဆွေမျိုး မတော်ခဲ့တဲ့သူဆိုတာ မရှိဘူး။ ဘဝတစ်ခုမှာ ငါ့ရဲ့အမေ တော်ခဲ့ရင် တော်ခဲ့မှာပဲ။ အမေတော်ခဲ့တုန်းက ကိုးလလွယ် ဆယ်လဖွားပြီး ကိုယ်ဝန်ဆောင်စဉ်မှာလည်း အပူအစပ် တွေလည်း ရှောင်ခဲ့ရမှာပဲ။ အနေအထိုင်



အသွားအလာ လည်း ဆင်ခြင်ခဲ့ရမှာပဲ။ မွေးလာတဲ့အခါမှာ လည်းမေတ္တာအပြည့်နဲ့ နို့ချိုတိုက်ကျွေးပြီး ပြုစုခဲ့မှာပဲ။ ကျင်ကြီးကျင်ငယ်တွေကိုလည်း မရွံမရှာ သုတ်သင်ပေးခဲ့မှာပဲ။ ငါ့ရဲ့အဖေလည်း တော်ခဲ့ချင် တော်ခဲ့မှာပဲ။ ငါ့ရဲ့အဖေ တော်ခဲ့တုန်းက အရပ်တစ်ပါးကို သွားပြီး သက်စွန့်ဆံဖျား စီးပွားရှာပြီး ငါ့ကို ကျွေးမွေးခဲ့ မှာပဲ။ ငါ့အတွက် အသက်ကိုလည်း စွန့်ချင်စွန့်ခဲ့မှာပဲ။ ဒါမှမဟုတ် ငါ့ရဲ့သားသမီး ညီအစ်ကို မောင်နှမလည်း တော်ခဲ့မှာပဲ။ အဲဒီလို ဆွေမျိုးစပ်ပြီး ဖျောက်ပါတဲ့။ အနမတဂ္ဂိယသံယုတ်လာ သုတ်တို့မှာ ပြထားတာက သံသရာမှာ အမိအဘ ညီအစ်ကိုမောင်နှမ မတော်ခဲ့ဖူးတာ ရှိကိုမရှိ ပါဘူးတဲ့။ တစ်မျိုးမဟုတ် တစ်မျိုးတော့ ဆွေမျိုးတော်စပ်ခဲ့ ကြတာပါပဲတဲ့။

အဲဒီလိုဆင်ခြင်လို့မှ မပျောက်ရင် နံပါတ်(၉)က မေတ္တာအကျိုးတွေကို ဆင်ခြင်ပြီး ဖျောက်ပါတဲ့။

မေတ္တာပွားတဲ့သူဟာ ချမ်းချမ်းသာသာ အိပ်ရတယ်၊ ချမ်းချမ်းသာသာ နိုးရတယ်၊ ကောင်းတဲ့အိပ်မက်ကိုပဲ မက်ရတယ်၊ နတ်လည်းချစ်တယ်၊ လူလည်းချစ်တယ်၊ နတ်တွေလည်း စောင့်ရှောက်တယ်၊ မီး အဆိပ် ဓားတွေကို လည်း ရှောင်ရှားပေးတယ်၊ လျင်လျင်မြန်မြန် သမာဓိရတယ်၊ မျက်နှာလည်း ကြည်လင်တယ်၊ သေတဲ့အခါ တွေတွေဝေဝေ မသေရဘူး။ ဗြဟ္မာ့ပြည်လည်း ရောက်နိုင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို မေတ္တာအကျိုးကိုဆင်ခြင်ပြီး ဖျောက်ပါတဲ့။ ဒီမေတ္တာအကျိုး(၁၁)မျိုးကို မဟာစည်ဆရာတော်ဘုရားကြီးရဲ့ လင်္ကာလေးနဲ့ ကပ်မှတ်ထားလိုက်ပါ။

အိပ်နိုးချမ်းသာ၊ ကောင်းစွာအိပ်မက်၊ ချစ်လျက်လူနတ်၊ စောင့်လျက်နတ်များ၊ မီးဆိပ်ဓားတို့၊ ရှောင်ရှားကိုယ်မှာ၊ လျင်စွာစိတ်တည်၊ ရွှင်ကြည်မျက်နှာ၊ သေကာမတွေ၊ လားလေဗြဟ္မာ၊ ဆယ့်တစ်ဖြာသည်၊ မေတ္တာပွားမှုအကျိုးတည်း။

မေတ္တာအကျိုးကို ဆင်ခြင်လို့မှ မပျောက်ရင် နံပါတ်(၁၀)က ခွတ်ခွဲပြီး ဖျောက်ပါတဲ့။

ခွတ်ခွဲပုံကတော့ "နေပါဦး ... အိုယောဂီ၊ သင်အမျက်ထွက်နေတာက ဘာကိုအမျက်ထွက်နေတာလဲ၊ သူ့ရဲ့ဆံပင်ကိုလား၊ အသည်းကိုလား၊ အသားကိုလား၊ အကြောကိုလား၊ ဒါမှမဟုတ် ပထဝီဓာတ်ကိုလား၊ အာပေါဓာတ်ကိုလား၊ ရူပက္ခန္ဓာကိုလား၊ ဝေဒနာက္ခန္ဓာကိုလား" စသည်ဖြင့် အဲဒီလိုဓာတ်ခွဲပြီး ဖျောက်ရပါတယ်။

ဓာတ်ခွဲလို့မှ မပျောက်ရင် နံပါတ်(၁၁)က ဥစ္စာပေးယူပြီး ဖျောက်ပါတဲ့။

သူနှစ်သက်မယ်ထင်တဲ့ ပစ္စည်းဥစ္စာလေးတွေ ပေးပြီး ဖျောက်ပါတဲ့။

သီဟိုဠ်ခေတ်က သံဃိကကျောင်းတစ်ကျောင်းမှာ မထေရ်ကြီးတစ်ပါးက မထေရ်ငယ်တစ်ပါးကို အမျက်



ထွက်ပြီး ကျောင်းတိုက်က ထွက်သွားရအောင် လုပ်နေပါတယ်တဲ့။ ဒီတော့ မထေရ်ငယ်က မထေရ်ကြီးဆီသွားပြီး "ဆရာတော်ဘုရား ဒါက ရှစ်ကျပ်တန် အကောင်းစားသပိတ်ပါဘုရား၊ တပည့်တော် မယ်တော်ကြီးက လှူထားတဲ့အတွက် အပ်အပ်စပ်စပ် ရထားတာပါဘုရား၊ သုံးဆောင်ပါဘုရား" အဲဒီလို သွားပေးလိုက်တော့ မထေရ်ကြီးနဲ့ မထေရ်ငယ်ဟာ အဆင်ပြေသွားပါတယ်တဲ့။ ဒါလည်း ဝိသုဒ္ဓိမဂ်က ပြထားတဲ့ ဝတ္ထုလေးပါ။ ပေးကမ်းခြင်းသည် အောင်မြင်ရာ၏ ဆိုတဲ့ လူတွေပြောနေတဲ့စကားဟာ ဘုရားဟောတစ်ခုပါပဲ။

ကိုယ့်သန္တာန်မှာဖြစ်နေတဲ့ ဒေါသရန်ငြိုးကို အထက်က(၁၁)နည်းထဲက ကိုယ်နှစ်သက်ရာ တစ်နည်းနည်းနဲ့ ဖျောက်ပါတဲ့။ (၁၁)နည်းလုံးနဲ့ ဖျောက်ဖို့ မလိုပါဘူး။

မေတ္တာပွားမယ့် ပုဂ္ဂိုလ်ဟာ ဒေါသရန်ငြိုးကို ဖြစ်တဲ့နည်းနဲ့ ဖျောက်ရပါ့မယ်။ ဒါမှလည်း မေတ္တာပွားလို့ ရမှာပါ။

ကဲ ... စာဖတ်သူတွေ ပြောကြည့်ပါဦး၊ ရန်ငြိုးဖျောက်နည်း(၁၁)နည်းထဲက ဘယ်နည်းကို ကြိုက်တယ်ဆိုတာ။

ဘာပဲပြောပြော ကိုယ်နှစ်သက်ရာ တစ်နည်းနည်းနဲ့တော့ ဖျောက်ကြည့်ဖို့ပါပဲလေ။

အလင်းတန်းဂျာနယ်
၇.၃.၂၀၀၅

www.burmeseclassic.com

www.burmeseclassic.com



# မေတ္တာ ကြွေးများ (၆)







BURMESE CLASSIC .com

**မေတ္တဉ္စသဗ္ဗလောကသ္မိံ၊**
**မာနသံဘာဝယေ အပရိမာဏံ။**
**ဥဒ္ဓံအဓောစ တိရိယဉ္စ၊**
**အသမ္ဗာဓံ အဝေရမသပတ္တံ။**

ဒီဂါထာလေးက မေတ္တသုတ်က ဂါထာလေးပါ။ ဘာပြောတာလဲဆိုတော့ မေတ္တာပွားတဲ့အခါ တစ်လောကလုံး နဲ့အောင်ပွားပါတဲ့။ ဘယ်လောက်အထိ နဲ့ရမလဲ ဆိုရင် အထက်အရူပဘုံ၊ အောက်အဝီစိ၊ အရှေ့အနောက်တောင်မြောက် ဝဲယာ အရပ်ဆယ်မျက်နှာအထိ နဲ့အောင်ပွားပါတဲ့။ အရပ်မျက်နှာအားဖြင့်လည်း အကန့်အသတ်မရှိ၊ ပုဂ္ဂိုလ်အားဖြင့်လည်း အကန့်အသတ်မရှိ အားလုံး

www.burmeseclassic.com

www.burmeseclassic.com



နဲ့အောင် ပွားပါတဲ့။ မိမိချစ်သူစသည် ပြီးသွားရင် ရှေ့ဆက်ပြီး ပို့သွားရမှာပါ။

ကိုယ်က မြန်မာပြည်တွင်းမှာနေနေတဲ့အတွက် မြန်မာပြည်တွင်းမှာရှိတဲ့ သတ္တဝါတွေလောက်သာ ပွားရမှာ မဟုတ်ပါဘူး။ စကြဝဠာတစ်ခုလုံးမှာရှိတဲ့ သတ္တဝါ အားလုံးကို ရောက်အောင် ပွားရမယ်လို့ ဆိုလိုတာပါပဲ။

ကိုယ့်ကြွေးကို ပြန်မပေးတဲ့ ဒေါ်ဘုမတို့ကိုလည်း ချန်ခဲ့လို့ မရပါဘူး။

အဲဒီလို စကြဝဠာတစ်ခုလုံး နဲ့ဖို့အတွက် နည်းလေးတော့ ယူဖို့လိုပါတယ်။ နည်းကတော့ မခက်ပါဘူး။ မေတ္တာသုတ်ကလာတဲ့ နည်းလေးအတိုင်း သွားရအောင်ပါ။

မေတ္တာပို့တဲ့နေရာမှာ သုံးမျိုးပြထားပါတယ်။ သတ္တဝါအားလုံးကို တစ်ပေါင်းတည်းပေါင်းပို့တာရယ်၊ သတ္တဝါအားလုံးကို နှစ်ပုံ ပုံပြီး ပို့တာရယ်၊ နောက်သတ္တဝါအားလုံး သုံးပုံ ပုံပြီး ပို့တာရယ်ပါ။

အဲဒီအတွက် မေတ္တာသုတ်မှာလာတဲ့ နှစ်ဂါထာခွဲကို ကိုင်လိုက်ရင် အကုန်ပြည့်စုံသွားပါတယ်။

မေတ္တာသုတ်မှာလာတဲ့ ဂါထာကိုတော့ အားလုံး ရှုဖူးပါတယ်။

ပထမဂါထာဝက်က

သုခိနောဝ ခေမိနောဟောန္တု၊
သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။



ဒါက ဘာပြောတာလဲဆိုရင် မိန်းမ ယောကျ်ား လူ နတ် ဗြဟ္မာ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် သတ္တဝါအားလုံးကို မခွဲခြားတော့ဘဲ တစ်ပေါင်းတည်း တစ်စုတည်း “သတ္တဝါအားလုံး စိတ်လည်းချမ်းသာကြပါစေ၊ ရုပ်လည်း ချမ်းသာကြပါစေ၊ ဘေးရန်လည်း ကင်းကြပါစေ”ဆိုပြီး ပေါင်းပို့လိုက်တာပါ။ ဒါက တစ်နည်းပါ။ ဒါကို သဗ္ဗသင်္ဂါဟိက မေတ္တာပို့နည်းလို့ ခေါ်ပါတယ်။ သတ္တဝါအားလုံးကို တစ်ပေါင်းတည်း ပို့နည်းပါ။

နောက်ဂါထာတစ်ပုဒ်ကို ကြည့်ရအောင်ပါ။

ယေကေစိ ပါဏဘူတတ္ထိ၊
တသာဝါ ထာဝရာဝ နဝသေသာ။
ဒီဃာဝါယေဝ မဟန္တာ၊
မဇ္ဈိမာ ရဿကာ အဏုကထူလာ။

အနဝသေသာ–အလုံးစုံကုန်သော၊ ယေတသာဝါ– အကြင်ကြောက်လန့်တတ်သော ပုထုဇဉ် သောတာပန် သကဒါဂါမ် ပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ ယေထာဝရာဝါ – အကြင်မကြောက်လန့်တတ်သော အနာဂါမ် ရဟန္တာပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ ယေဒီဃာဝါ – အကြင် ခန္ဓာကိုယ် ရှည်လျားသော သတ္တဝါတို့သည်လည်းကောင်း၊ ယေမဟန္တာဝါ– အကြင်ခန္ဓာကိုယ် ကြီးမားသော သတ္တဝါ တို့သည်လည်းကောင်း၊ ယေမဇ္ဈိမာဝါ – အကြင်မတိုမရှည် မကြီးမငယ် အလယ်အလတ် သတ္တဝါတို့သည်လည်း

www.burmeseclassic.com



ကောင်း၊ ယေရာသကာဝါ – အကြင်ခန္ဓာကိုယ်တိုသော သတ္တဝါတို့သည်လည်းကောင်း၊ ယေအဏုကာဝါ – အကြင် ခန္ဓာကိုယ်သေးငယ်ကြံုလှီသော သတ္တဝါတို့သည်လည်း ကောင်း၊ ယေထူလာဝါ–အကြင်ခန္ဓာကိုယ် ဆူဖြိုးသော သတ္တဝါတို့သည်လည်းကောင်း၊ ယေကေစိ–ခပ်သိမ်းကုန်သော၊ ပါဏဘူတာ–သတ္တဝါတို့သည် အတ္တိသန္တိ–ရှိကုန်၏။ ဣမေပိသတ္တာ–ဤခပ်သိမ်းသော သတ္တဝါတို့သည်လည်း၊ သုခိတတ္တာ–ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း ရှိကြကုန်သည်၊ ဘဝန္တု–ဖြစ်ကြပါစေကုန်သတည်း။

တသပုဂ္ဂိုလ်ဆိုတာက ကြောက်လန့်တတ်တဲ့ ပုထုဇဉ် သောတာပန် သကဒါဂါမ် ပုဂ္ဂိုလ်တွေပါ။

ထာဝရပုဂ္ဂိုလ်ဆိုတာက မကြောက်လန့်တတ်တဲ့ အနာဂါမ် ရဟန္တာပုဂ္ဂိုလ်တွေပါ။

ဒီဃပုဂ္ဂိုလ်ဆိုတာက ခန္ဓာကိုယ် ရှည်လျားတဲ့ သတ္တဝါတွေပါ။ မြွေတို့ နဂါးတို့ ဖွတ်တို့ပါ။

မဟန္တပုဂ္ဂိုလ်ဆိုတာက ခန္ဓာကိုယ်ကြီးတဲ့ သတ္တဝါတွေပါ။ ကုန်းနေဆိုရင် ဆင်၊ ရေထဲကဆိုရင် ဝေလငါးတို့ပါ။

မဇ္ဈိမပုဂ္ဂိုလ်ဆိုတာက ခန္ဓာကိုယ် အလယ်အလတ်ရှိတဲ့ သတ္တဝါတွေပါ။ မြင်း၊ နွား၊ ကျွဲ၊ ဝက်တို့ပါ။

ရဿကပုဂ္ဂိုလ်ဆိုတာက ခန္ဓာကိုယ်တိုတဲ့ သတ္တဝါတွေပါ။ လိပ်တို့ ကြမ်းပိုးတို့ပါ။

အဏုကပုဂ္ဂိုလ်ဆိုတာက သေးငယ်ကြံုလှီတဲ့



ခန္ဓာကိုယ်ရှိတဲ့ သတ္တဝါတွေပါ။ မျက်စိနဲ့မြင်ဖို့ခက်တဲ့ သေးသေးမွှားမွှား သတ္တဝါလေးတွေရယ်၊ တခြားသန်းတို့ ပုရွက်ဆိတ်တို့ရယ်။

ထူလပုဂ္ဂိုလ်ဆိုတာ ခန္ဓာကိုယ် ဆူဖြိုးဝတုတ်တဲ့ ပုဂ္ဂိုလ်တွေပါ။ ဆူဖြိုးတဲ့ ပုဂ္ဂိုလ်တွေကတော့ လူကော တခြားသတ္တဝါကော မျက်လုံးထဲမှာ ကိုယ့်ဟာကိုယ်သာ မြင်ကြည့်လိုက်ပါတော့။

ဂါထာမှာပါတဲ့ ပုဂ္ဂိုလ်တွေထဲက တသပုဂ္ဂိုလ်နဲ့ ထာဝရပုဂ္ဂိုလ်ကို ခဏဖယ်ထားလိုက်ပါဦး။

အရေအတွက်အားဖြင့် ထပ်ပြောရင် ဒီဃ, မဟန္တ, မဇ္ဈိမ, ရဿက, အဏုက, ထူလ အားလုံးပေါင်း ခြောက်ယောက်ပါ။ အဲဒီခြောက်ယောက်ထဲက မဇ္ဈိမပုဂ္ဂိုလ်ကို ခေါင်းပေါ်ခဏတင်ထားလိုက်ပါဦး။ ဒါဆို ငါးယောက်ပဲ ကျန်ပါလိမ့်မယ်။

ဒီဃရယ်၊ မဟန္တရယ်၊ ရဿကရယ်၊ အဏုကရယ်၊ ထူလရယ် ငါးယောက်ပါ။ အဲဒီငါးယောက်ထဲက ဒီဃ အရှည်ရဲ့တွဲဖက်ကို ရှာကြည့်လိုက်ပါ။ အရှည်ရဲ့ တွဲဖက်က ရဿက အတိုပါ၊ ပြီးတော့ သူတို့နှစ်ယောက်ကို ဒီဃ–ရဿက အရှည်–အတိုဆိုပြီး တွဲလိုက်ပါ။

နောက် စောစောက ခေါင်းပေါ်ခဏတင်ထား ခိုင်းတဲ့ မဇ္ဈိမ=အလယ်အလတ်ပုဂ္ဂိုလ်ကို ထည့်လိုက်ပါ။ ဒါဆို ဒီဃ–ရဿက–မဇ္ဈိမ အရှည်–အတို–အလတ်ဆိုပြီး

www.burmeseclassic.com



သုံးယောက်တစ်တွဲ ထွက်လာပါလိမ့်မယ်။

အဲဒီသုံးယောက်ကို တွဲတစ်တွဲအနေနဲ့ မေတ္တာပို့ရပါတယ်။ ဒါကို တိကမေတ္တာဘာဝနာလို့ ခေါ်ပါတယ်။

အခု မပို့ပါနဲ့ဦး။ အရေအတွက် တစ်တွဲအနေနဲ့ပဲ မှတ်ထားလိုက်ပါဦး။ ဒီဃ–ရဿက–မဇ္ဈိမပါ။

ရှေ့ဆက်သွားရအောင်ပါ။

နောက် မဟန္တ=ခန္ဓာကိုယ်ကြီးတဲ့ပုဂ္ဂိုလ်၊ စာစာက ငါးယောက်ထဲကပဲ အကြီးရဲ့တွဲဖက်ကို ရှာလိုက်ပါဦး။ အကြီးရဲ့တွဲဖက်က အဏုက=အငယ်ပါ။ သူတို့နှစ်ယောက်ကို မဟန္တ–အဏုက ကြီး–ငယ်လို့ တွဲလိုက်ပါ။ စာစာက ခေါင်းပေါ်ခဏတင်ထားခိုင်းတဲ့ မဇ္ဈိမအလယ်အလတ်ပုဂ္ဂိုလ်ကို ထပ်ပေါင်းလိုက်ပါဦး။ ဒါဆို မဟန္တ–အဏုက–မဇ္ဈိမ အကြီး–အငယ်–အလတ်ဆိုပြီး သုံးယောက်တစ်တွဲ ထပ်ထွက်လာပါလိမ့်မယ်။ အဲဒီသုံးယောက်ကို တွဲတစ်တွဲအနေနဲ့ မေတ္တာပို့ရပါတယ်။ ဒါကိုလည်း တိကမေတ္တာဘာဝနာလို့ ခေါ်ပါတယ်။

မပို့ပါနဲ့ဦးတဲ့။ တွဲတစ်တွဲအနေနဲ့ပဲ မှတ်ထားလိုက်ပါဦး။

နောက် ထူလ=ခန္ဓာဆူဖြိုးတဲ့ပုဂ္ဂိုလ်ပါ။ ဆူဖြိုးသူရဲ့တွဲဖက်က ကြုံလှီသူပါ။ ဒီတော့ ထူလ–အဏုက–ဆူဖြိုးသူ ကြုံလှီသူပါ။ (အဏုက=သေးငယ်ကြုံလှီသူက တွဲဖက်အနေနဲ့ ထပ်ထည့်တဲ့သဘောပါ။)



ထူလ–အဏုက ဆူဖြိုးသူ–ကြုံလှီသူ နှစ်ယောက်ထဲကို ခေါင်းပေါ်ခဏတင်ထားခိုင်းတဲ့ (စာထဲမှာတော့ ခေါင်းပေါ် ခဏတင်ထားရမယ်လို့ မပါဘူးနော်) မဇ္ဈိမ–အလယ်အလတ်ပုဂ္ဂိုလ်ကို ထပ်ထည့်လိုက်ပါဦး။ ဒါဆို ထူလ–အဏုက– မဇ္ဈိမ–ဆူဖြိုးသူ ကြုံလှီသူ အလယ်အလတ်ဖြစ်သူဆိုပြီး သုံးယောက်တွဲ ထွက်လာပါတယ်။ အဲဒီသုံးယောက်ကိုလည်း တွဲတစ်တွဲအနေနဲ့ ပို့ရပါတယ်။ ဒါကိုလည်း တိကမေတ္တာဘာဝနာလို့ ခေါ်ပါတယ်။

ပြောခဲ့တဲ့အတွဲတွေကို ပြန်စီလိုက်ရင်

ဒီဃ–ရဿက–မဇ္ဈိမ
အရှည်–အတို–အလယ်အလတ်
မဟန္တ–အဏုက–မဇ္ဈိမ
အကြီး–အငယ်–အလယ်အလတ်
ထူလ–အဏုက–မဇ္ဈိမ
ဆူဖြိုး–ကြုံလှီ–အလယ်အလတ်
အားလုံးပေါင်း သုံးတွဲ ကိုးယောက်ပါ။

နည်းနည်းရှုပ်သွားသလား မသိပါဘူး။ ဂါထာမှာက အစဉ်အတိုင်း တွဲပြထားတာမဟုတ်တော့ မတွဲတတ်ရင် နည်းနည်းတော့ ရှုပ်နေတတ်ပါတယ်။ အဲဒီရှုပ်တယ်လို့ ထင်ရတာလေးကို မင်းကွန်းဆရာတော်ဘုရားကြီးက လင်္ကာလေးနဲ့ ရှင်းထားပါတယ်။

မင်းကွန်းဆရာတော်ဘုရားကြီးရဲ့ လင်္ကာလေးကို

www.burmeseclassic.com



ကိုင်ပြီး တွဲလိုက်ရင် တစ်ခါတည်း ရှင်းသွားပါတယ်။ မင်းကွန်းဆရာတော်ဘုရားကြီးရဲ့ လင်္ကာလေး က ...

ကြီးငယ် တိုရှည်၊ ဆူကြံ့လှီ၊ အလည်သုံးဆင့် နှောတဲ့။

ကြီးငယ် တစ်တွဲ၊ တိုရှည် တစ်တွဲ၊ ဆူကြံ့လှီ တစ်တွဲ တွဲလိုက်ပါတဲ့။ ပြီးတော့ အလည်သုံးဆင့်နှော ဆိုတော့ အလယ်အလတ်ပုဂ္ဂိုလ်ကို သုံးတွဲလုံးမှာ လိုက်ပြီး နှောလိုက်ပါ။ ပေါင်းလိုက် ထည့်လိုက်ပါတဲ့။

ဒါဆို တွဲအားဖြင့်သုံးတွဲ ... ပုဂ္ဂိုလ်အားဖြင့် ကိုးယောက် ဖြစ်သွားပါတယ်။

အဲဒီတွဲသုံးတွဲ ပုဂ္ဂိုလ်ကိုးယောက်ကို အခုပဲ မေတ္တာပို့ကြည့်ရအောင်ပါ။

ပထမတွဲက ကြီးငယ်လတ်ပါ။

၁။ ခန္ဓာကိုယ်ကြီးမားသော သတ္တဝါတွေ
ခန္ဓာကိုယ်ငယ်သောသတ္တဝါတွေ
ခန္ဓာကိုယ် မကြီး မငယ် အလယ်အလတ်သတ္တဝါတွေ
ဘေးရန် ကင်းကြပါစေ။
စိတ်ဆင်းရဲ ကင်းကြပါစေ။
ကိုယ်ဆင်းရဲ ကင်းကြပါစေ။
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် မိမိတို့ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ။

* * * * *



ဒုတိယတွဲက တိုရှည်လတ်ပါ။

၂။ ခန္ဓာကိုယ်တိုသောသတ္တဝါတွေ
ခန္ဓာကိုယ်ရှည်သောသတ္တဝါတွေ
ခန္ဓာကိုယ် မတိုမရှည် အလယ်အလတ် သတ္တဝါတွေ
ဘေးရန် ကင်းကြပါစေ။
စိတ်ဆင်းရဲ ကင်းကြပါစေ။
ကိုယ်ဆင်းရဲ ကင်းကြပါစေ။
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် မိမိတို့ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ။

* * * * *

တတိယတွဲက ဆူကြံ့လှီလတ်ပါ။

၃။ ခန္ဓာကိုယ် ဆူဖြိုးသော သတ္တဝါတွေ
ခန္ဓာကိုယ် ကြံ့လှီသော သတ္တဝါတွေ
ခန္ဓာကိုယ် မဆူမဖြိုး မကြံ့မလှီ အလယ်အလတ် သတ္တဝါတွေ
ဘေးရန် ကင်းကြပါစေ။
စိတ်ဆင်းရဲ ကင်းကြပါစေ။
ကိုယ်ဆင်းရဲ ကင်းကြပါစေ။
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် မိမိတို့ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ။

အလင်းတန်းဂျာနယ်
၁၄-၃-၂၀၀၅

www.burmeseclassic.com

www.burmeseclassic.com









## မေတ္တာ ကြွေးများ

## (၇)

ဒိဋ္ဌာဝါယေဝ အဒိဋ္ဌာ၊
ယေဝ ဒူရေ ဝသန္တိ အဝိဒူရေ၊
ဘူတာဝ သမ္ဘဝေသီဝ၊
သဗ္ဗေသတ္တာဘဝန္တုသုခိတတ္တာ။

ယေဒိဋ္ဌာဝါ–အကြင်မြင်ဖူးသောသတ္တဝါတို့သည်လည်းကောင်း၊ ယေအဒိဋ္ဌာဝါ–အကြင်မမြင်ဖူးသောသတ္တဝါတို့သည်လည်းကောင်း၊ ယေဒူရေဝသန္တိ–အကြင်ဝေးသောအရပ်၌ နေကြသော သတ္တဝါတို့သည်လည်း

www.burmeseclassic.com

www.burmeseclassic.com



ကောင်း၊ ယေအဝိဒူရေ ဝသန္တိ–အကြင်နီးသောအရပ်၌ နေသော သတ္တဝါတို့သည်လည်းကောင်း၊ ယေဘူတာဝါ–ပဝတ္တိအခါသို့ ရောက်ပြီးကြတဲ့ သတ္တဝါတို့သည်လည်း ကောင်း၊ ဝါ အမိဝမ်းခေါင်းမှ ကျွတ်လွတ်ပြီး အပြင်သို့ ရောက်နေကြတဲ့ သတ္တဝါတို့သည်လည်းကောင်း၊ ယေသမ္ဘဝေသီဝါ–ပဋိသန္ဓေကာလသို့ ဆိုက်ရောက်နေကြတဲ့ သတ္တဝါတို့သည်လည်းကောင်း၊ ဝါ အမိဝမ်းခေါင်းထဲမှာပဲ တည်ရှိနေကြတဲ့ ပဋိသန္ဓေတည်ဆဲ သတ္တဝါတို့ သည်လည်းကောင်း၊ ယေကေစိ–ခပ်သိမ်းကုန်သော၊ ပါဏဘူတာ–သတ္တဝါတို့သည်၊ အတ္ထိသန္တိ–ရှိကုန်၏။ ဣမေပိသဗ္ဗသတ္တာ– ဤအလုံးစုံသော သတ္တဝါတို့သည် လည်း၊ သုခိတတ္တာ–ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း ရှိကြကုန်သည်၊ ဘဝန္တု–ဖြစ်ကြပါစေကုန်သတည်း။

* * * * *

ဒီဂါထာထဲက ပုဂ္ဂိုလ်အမည်တွေကို ရွေးထုတ်လိုက်ရင် ဒိဋ္ဌရယ်၊ အဒိဋ္ဌရယ်၊ ဒူရရယ်၊ အဝိဒူရရယ်၊ ဘူတရယ်၊ သမ္ဘဝေသီရယ်ပါ။ ပုဂ္ဂိုလ်အရေအတွက် အားဖြင့် ခြောက်ယောက်၊ အတွဲအနေနဲ့ သုံးတွဲပါ။ နောက်–ရှေ့ဂါထာမှာ ချန်ခဲ့တဲ့ အတွဲတူရာဖြစ်တဲ့ တသနဲ့ ထာဝရကို ထပ်တွဲ ထပ်ထည့်လိုက်ပါဦး။ သူက နှစ်ယောက်တွဲ ထဲမှာပါလို့ ဒီမှာ လာတွဲရတာပါ။ဒါဆို ရှစ်ယောက် လေးတွဲ ဖြစ်သွားပါလိမ့်မယ်။



ဒိဋ္ဌဆိုတာက မြင်ဖူးတဲ့သတ္တဝါတွေပါ။ အဒိဋ္ဌဆိုတာက မမြင်ဖူးတဲ့ သတ္တဝါတွေပါ။ ဒူရဆိုတာက အဝေးမှာနေတဲ့ သတ္တဝါတွေပါ။ အဝိဒူရဆိုတာက အနီးမှာနေတဲ့ သတ္တဝါတွေပါ။ ဘူတဆိုတာက အမိဝမ်းခေါင်းက ကျွတ်ပြီး အပြင်ရောက်နေတဲ့ သတ္တဝါတွေပါ။ သမ္ဘဝေသီဆိုတာက အမိဝမ်းခေါင်းမှာ ကိန်းနေတဲ့ အပြင်မထွက်သေးတဲ့ သတ္တဝါတွေပါ။ မြင်အောင်ပြောရရင် ဗိုက်ထဲမှာရှိနေကြတဲ့ သတ္တဝါတွေပါ။ ရှေ့ဂါထာမှာချန်ခဲ့တဲ့ တသဆိုတာက ကြောက်လန့်တတ်တဲ့ ပုထုဇဉ် သောတာပန် သကဒါဂါမ်ပါ။ ထာဝရဆိုတာက မကြောက်လန့်တတ်တဲ့ အနာဂါမ် ရဟန္တာပုဂ္ဂိုလ်ပါ။

ဒါကို အတွဲလေးတွေနဲ့ ပြောရင် ...

ဒိဋ္ဌ–အဒိဋ္ဌ=မြင်ဖူးတဲ့သတ္တဝါ–မမြင်ဖူးတဲ့သတ္တဝါ၊

ဒူရ–အဝိဒူရ=အဝေးမှာရှိနေတဲ့သတ္တဝါ–အနီးမှာရှိနေတဲ့သတ္တဝါ၊

ဘူတ–သမ္ဘဝေသီ=အမိဝမ်းအပြင်ဘက်ကို ရောက်နေတဲ့သတ္တဝါ–အမိဝမ်းထဲမှာရှိနေတဲ့သတ္တဝါ၊ ရှင်းအောင်ပြောရင် ဗိုက်အပြင်ဘက် ရောက်နေတဲ့ သတ္တဝါနဲ့ ဗိုက်အတွင်းမှာ ရှိနေတဲ့ သတ္တဝါ၊

တသ–ထာဝရ=ကြောက်လန့်တတ်တဲ့ ပုထုဇဉ် သောတာပန် သကဒါဂါမ် – မကြောက်လန့်တတ်တဲ့ အနာဂါမ် ရဟန္တာ၊

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်တွဲ နှစ်ယောက်တွဲလေးတွေဖြစ်လို့ ဒါကို ဒုကမေတ္တာဘာဝနာလို့ ခေါ်ပါတယ်။ သတ္တဝါတွေ ကို နှစ်ပုံ ပုံပြီး ပွားတာပါ။

ဒီဂါထာကတော့ မရှုပ်ပါဘူး၊ ဂါထာပါဠိ အစဉ် အတိုင်း ပြောထားတာဆိုတော့ အစဉ်အတိုင်း ပို့သွားရုံ ပါပဲ။

ဒါကို မင်းကွန်းဆရာတော်ဘုရားကြီးက လင်္ကာ လေး စီထားပါတယ်။

မြင် မမြင်ရေး၊ နီးအဝေး၊ ဒွန်ဒွေးယှက်၍ယော၊
သန္ဒေပဝတ္တိ၊ ကြောက်ခြင်း ရှိ၊ မရှိ နှစ်ချက် ယော။

ဆရာတော်ဘုရားကြီးရဲ့ လင်္ကာလေးကိုပဲကိုင်ပြီး ပွားကြည့်ရအောင်ပါ။ ပထမအတွဲက "မြင် မမြင်ရေး"ပါ။

၁။ ငါမြင်ဖူးသော သတ္တဝါတွေ
ငါမမြင်ဖူးသောသတ္တဝါတွေ
ဘေးရန် ကင်းကြပါစေ။
စိတ်ဆင်းရဲ ကင်းကြပါစေ။
ကိုယ်ဆင်းရဲ ကင်းကြပါစေ။
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် မိမိတို့ခန္ဓာဝန်ကို
ရွက်ဆောင်နိုင်ကြပါစေ။

* * * * *

ဒုတိယတွဲက "နီး အဝေး"ပါ။



၂။ ငါ၏အနီးမှာရှိနေကြသော သတ္တဝါတွေ
ငါ၏အဝေးမှာရှိနေကြသော သတ္တဝါတွေ
ဘေးရန် ကင်းကြပါစေ။
စိတ်ဆင်းရဲ ကင်းကြပါစေ။
ကိုယ်ဆင်းရဲ ကင်းကြပါစေ။
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် မိမိတို့ခန္ဓာဝန်ကို
ရွက်ဆောင်နိုင်ကြပါစေ။

* * * * *

တတိယအတွဲက "သန္ဒေ ပဝတ္တိ"ပါ။

၃။ (အမိဝမ်းခေါင်းက မကျွတ်လွတ်သေးတဲ့) ပဋိသန္ဓေ
တည်ဆဲ သတ္တဝါတွေ
(အမိဝမ်းခေါင်းက ကျွတ်လွတ်ပြီးဖြစ်တဲ့) ပဝတ္တိ
ပုဂ္ဂိုလ်တွေ
ဘေးရန် ကင်းကြပါစေ။
စိတ်ဆင်းရဲ ကင်းကြပါစေ။
ကိုယ်ဆင်းရဲ ကင်းကြပါစေ။
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် မိမိတို့ခန္ဓာဝန်ကို
ရွက်ဆောင်နိုင်ကြပါစေ။

* * * * *

စတုတ္ထတွဲက "ကြောက်ခြင်း ရှိ မရှိ"ပါ။

၄။ ကြောက်လန့်ခြင်းရှိတဲ့ ပုထုဇဉ် သောတာပန်
သကဒါဂါမ် ပုဂ္ဂိုလ်တွေ

www.burmeseclassic.com

www.burmeseclassic.com



ကြောက်လန့်ခြင်းမရှိတဲ့ အနာဂါမ် ရဟန္တာပုဂ္ဂိုလ်တွေ
ဘေးရန် ကင်းကြပါစေ။
စိတ်ဆင်းရဲ ကင်းကြပါစေ။
ကိုယ်ဆင်းရဲ ကင်းကြပါစေ။
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် မိမိတို့ခန္ဓာဝန်ကို
ရွက်ဆောင်နိုင်ကြပါစေ။

စကြဝဠာတစ်ခုလုံးမှာရှိတဲ့ သတ္တဝါတွေအားလုံး ကုန်သွားပါပြီ။ အထက်အရပ အောက်အဝီစိမှာရှိတဲ့ သတ္တဝါ အားလုံး ကုန်သွားပါပြီ။

မေတ္တာပွားတဲ့အလုပ်က စိတ်နဲ့လုပ်ရတဲ့ အလုပ်ပါ။ ဒါကြောင့် ကိုယ့်စိတ်ထဲကနေ ဆင်ခြင်ပြီး ပွားရပါတယ်။ ဒါကို ပွားမေတ္တာလို့ ခေါ်ပါတယ်။

ဘယ်အကျင့်စရဏာပဲဖြစ်ဖြစ်၊ ကျင့်စမှာတော့ နည်းနည်းတော့ ခက်တတ်ပါတယ်။ ဒါပေမယ့် ကျင့်ပါများလာရင်တော့ ကိုယ်လုပ်တဲ့အလုပ်ပေါ် ကျွမ်းကျင်သွားတတ်ပါတယ်။ အဓိကကတော့ မဖြစ်မနေ စမိဖို့နဲ့ စွဲမိဖို့ပဲ အရေးကြီးပါတယ်။ စမိရင်တော့ စွဲသွားတာများပါတယ်။

မေတ္တာပွားလို့ ရက်ကလေးကြာလာတဲ့အခါ မေတ္တာသမာဓိလေး ခိုင်လာတဲ့အခါ ခန္ဓာကိုယ်ကလည်း ပေါ့ပါး၊ စိတ်ကလည်း ပေါ့ပါးလာတတ်ပါတယ်။ အဲဒီအခါ ဒုတိယအဆင့်အနေနဲ့ မေတ္တာနဲ့ ဝိပဿနာကို တွဲတွဲသွားရပါတယ်။ မေတ္တာနဲ့ဝိပဿနာ တွဲသွားပုံကတော့



မေတ္တာပို့ပြီးသွားတဲ့အခါ ပို့တဲ့စိတ်ကို "မေတ္တာပို့တယ် ပို့တယ်"လို့ ပြန်ရှုရပါတယ်။ ရှုပ်သွားသလား မသိပါဘူး။ ဝိပဿနာစကားနဲ့ ပြောရင် စိတ္တာနုပဿနာပါ။ ရှေ့မေတ္တာပို့တဲ့စိတ်ကို နောက်မှတ်သိစိတ်နဲ့ ပြန်မှတ်တာပါ။ ဝိပဿနာတရားရှုမှတ်တဲ့အခါ စိတ်ထွက်ရင် ထွက်တယ်၊ တွေးရင် တွေးတယ်၊ အိမ်သတိရရင် ရတယ်၊ ဒေါသဖြစ်ရင် ဖြစ်တယ်၊ ဣဿာမစ္ဆရိယဖြစ်ရင် ဖြစ်တယ် စသည်ဖြင့် ရှုမှတ်တဲ့နည်းပါပဲ။

တရားအားမထုတ်ဖူးသေးတဲ့သူတွေအတွက် တော့ နည်းနည်းခက်ချင်ခက်မယ်။ တရားအားထုတ်ဖူးတဲ့ သူတွေအတွက်တော့ မခက်ပါဘူး။ စိတ္တာနုပဿနာကို အာရုံပြုလိုက်တာနဲ့ သဘောပေါက်ပါတယ်။ အဓိကကတော့ မေတ္တာပို့ပြီးသွားတဲ့အခါ ဒါမှမဟုတ် တွဲတစ်တွဲပို့ပြီးသွားတဲ့အခါမေတ္တာပို့တဲ့စိတ်ကလေးကို အာရုံညွတ်ပြီး "ပို့တယ် ပို့တယ်"လို့ ငါးချက် ခြောက်ချက်လောက် မှတ်လိုက်ဖို့ပါ။ ဝိပဿနာမှာ အဆိုက အဓိက မကျပါဘူး၊ ဒါပေမယ့် အားထုတ်စ မှတ်ကာစ ယောဂီဟာ အဆိုကလေးနဲ့ မှတ်လိုက်တာ အကောင်းဆုံးပါပဲ။ အဆိုဆိုတဲ့နေရာမှာလည်း ပါးစပ်က ဆိုရမှာ မဟုတ်ပါဘူး။ စိတ်ကနေ ဆိုရမှာပါ။ ရက်ကြာလာရင်တော့ အဆိုကိုခွာပြီး မေတ္တာပို့ပြီးတဲ့အခါ ပို့တဲ့စိတ်ကလေးကို သိလိုက်ဖို့ပါပဲ။

မေတ္တာတစ်တွဲပို့ပြီးလိုက် ပို့တဲ့စိတ်ကို ပြန်မှတ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်၊ မေတ္တာတစ်တွဲပို့ပြီးလိုက် ပို့တဲ့စိတ်ကို ပြန်မှတ်လိုက်၊ အဲဒီလို တွဲတွဲသွားတာကို မေတ္တာနဲ့ဝိပဿနာ တွဲသွားတယ်လို့ ခေါ်ပါတယ်။ အဲဒါကို ပါဠိလိုပြောရင် ယုဂနဒ္ဓ = ထမ်းပိုးထမ်းရှုနည်းလို့ ခေါ်ပါတယ်။ ထမ်းပိုးနဲ့ ထမ်းတဲ့အခါ ရှေ့တစ်ခြင်း + နောက်တစ်ခြင်း တွဲထမ်းရတာဆိုတော့ လူတစ်ယောက်ဟာ ဝန်နှစ်ခုကို တစ်ပြိုင်နက် ထမ်းနေသလို ယောဂီဟာလည်း မေတ္တာနဲ့ ဝိပဿနာဆိုတဲ့ ဝန်နှစ်ခုကို ပူးတွဲထမ်းသွားတဲ့သဘောပါ။ ရှေ့က မေတ္တာ နောက်က ဝိပဿနာပေါ့။ ရှေ့ကသွားနေတဲ့စိတ် ရှေ့ကဖြစ်နေတဲ့စိတ်ကို နောက်ကစိတ်က လိုက်လိုက်မှတ်နေလိုက်ရုံပါပဲ။ မခက်ပါဘူး။ "ရှေ့စိတ်ဖြစ်ဘိ၊ နောက်စိတ်သိ၊ သိတိုင်းအပ္ပစင်"ဆိုတဲ့ လင်္ကာလေးအတိုင်းပါပဲ။

ဒုတိယအဆင့်အနေနဲ့ မေတ္တာနဲ့ ဝိပဿနာ တွဲတွဲသွားပြီးရင် သမာဓိလည်း ခိုင်လာပြီဆိုရင် တတိယအဆင့်အနေနဲ့ ဝိပဿနာဘက်ကို ဆက်ကူးသွားရပါတယ်။

ဝိပဿနာဘက်ကို ကူးသွားပုံကတော့ မေတ္တာပို့နေတဲ့စိတ်ရယ်၊ မေတ္တာပို့နေတာကို မှတ်နေတဲ့ မှတ်သိစိတ်ရယ်ကို ရပ်ချလိုက်ပြီး ဝင်လေထွက်လေမှတ်ရင်လည်း ဝင်လေထွက်လေ၊ ဖောင်းတာပိန်တာမှတ်ရင်လည်း ဖောင်းတာ ပိန်တာ၊ ကိုယ် ဝိပဿနာရှုမှတ်နေကျနည်းအတိုင်း ဆက်ရှုသွားဖို့ပါပဲ။



ဝိပဿနာဘက်ကို ကူးသွားတဲ့အခါ လယ်တီ၊ မဟာစည်၊ မိုးကုတ်၊ သဲအင်းဂူ၊ ဖားအောက်၊ အနာဂါမ်ဆရာသက်ကြီး၊ ဦးဂိုအင်ဂါ စသည်ဖြင့် ကိုယ်ရှုမှတ်နေကျနည်းနဲ့ ဆက်ရှုသွားဖို့ပါ။

တကယ်လို့ ကိုယ်က ဝိပဿနာဘက် ဆက်ကူးသွားပေမယ့် မှတ်ရတာ မပျော်ဘူး၊ အဆင်မပြေဘူးဆိုရင် မေတ္တာစျာန်ကိုပဲ အစကနေ ပြန်ပွားပါတဲ့။ ဒါလည်း မှတ်သားစရာ တစ်ခုပါ။

မေတ္တာကနေ ဝိပဿနာ ကူးတဲ့အခါ အမြင့်တက်ချင်သူတစ်ယောက်အတွက် ကြားက လှေကားတစ်ခု ထောင်ပေးလိုက်သလိုပါပဲ။ ကူးရ တက်ရတာ သိပ်လွယ်ကူသွားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရှေ့မှာ မေတ္တာပွားထားတာဆိုတော့ ကိုယ့်ရဲ့သမာဓိက အထိုက်အလျောက်ခိုင်နေပါပြီ။ သီးခြားသမာဓိ ထူထောင်စရာ မလိုတော့ပါဘူး။ သမာဓိ ခိုင်ခိုင်မာမာဖြစ်နေတဲ့ ယောဂီအတွက် ဝိပဿနာတရား အားထုတ်တဲ့နေရာမှာ ဘယ်လောက်အကျိုးများတယ်ဆိုတာ အထူးပြောနေစရာ မလိုတော့ပါဘူး။

သမာဓိခိုင်နေတဲ့အတွက် ဝင်လေထွက်လေ ဖောင်းတာပိန်တာ မှတ်တဲ့အခါ ကိုယ့်ရဲ့ချည်တိုင်မှာ ကောင်းကောင်းထားပြီး မှတ်နိုင်သွားပါတယ်။

ကိုယ့်ရဲ့ပင်တိုင်အာရုံဖြစ်တဲ့ ချည်တိုင်မှာ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကောင်းထားနိုင်ပြီဆိုရင် ဘာဖြစ်လာသလဲဆိုတော့ ဉပမာ– ကိုယ်က ဝင်လေထွက်လေ မှတ်တယ်ဆိုရင် ဝင်တယ်လို့ မှတ်လိုက်ရင် နှာသီးဖျားကို ထိမှုက တခြား၊ မှတ်သိစိတ်က တခြား၊ ထွက်တယ်လို့မှတ်လိုက်ရင် နှာသီးဖျားကိုထိမှုက တခြား၊ မှတ်သိစိတ်က တခြား၊ ကွဲပြားလာတတ်ပါတယ်။

ဝင်လေထိမှု၊ ထွက်လေထိမှုက အာရုံမသိတတ်သောကြောင့် ရုပ်တရား၊ မှတ်သိလိုက်တာက သိတတ်သောကြောင့် နာမ်တရား၊ အဲဒီလို နာမ်နဲ့ရုပ်ကို ကွဲပြားပြီး သိလာတတ်ပါတယ်။ နာမ်နဲ့ရုပ်ကို ပိုင်းခြားပြီး သိသွားတာကို နာမရူပ ပရိစ္ဆေဒဉာဏ် ဖြစ်လာတယ်လို့ ခေါ်ပါတယ်။

နာမက နာမ်၊ ရူပက ရုပ်၊ ပရိစ္ဆေဒက ပိုင်းခြားတာ၊ ဉာဏက သိတာပါ။ ပေါင်းလိုက်တော့ နာမ်ရုပ်ကို ပိုင်းခြား သိတဲ့ဉာဏ်ပါ။ ယောဂီအနေနဲ့ပထမဆုံးတွေ့ရတဲ့ ဉာဏ်စဉ်ပါ။ ဒါက ဝင်လေထွက်လေမှတ်တဲ့ ယောဂီအတွက်ပါ။

ဖောင်းတယ်ပိန်တယ်မှတ်တဲ့ ယောဂီကျတော့ ဖောင်းတယ်လို့မှတ်လိုက်ရင် ဖောင်းနေတာက တခြား၊ မှတ်သိလိုက်တာက တခြား၊ ပိန်တယ်လို့မှတ်လိုက်ရင် ပိန်နေတာက တခြား၊ မှတ်သိလိုက်တာက တခြား ကွဲပြားလာတတ်ပါတယ်။ ဖောင်းတာပိန်တာက အာရုံမသိတတ်



သောကြောင့် ရုပ်တရား၊ မှတ်သိ မှတ်သိလိုက်တာက နာမ်တရား၊ အဲဒီလို နာမ်နဲ့ရုပ်ကို ကွဲပြားပြီးသိလာတတ်ပါတယ်။ နာမ်နဲ့ရုပ်ကို ကွဲပြားသိလာတာကို နာမ ရူပ ပရိစ္ဆေဒဉာဏ်လို့ ခေါ်ပါတယ်။ နာမက နာမ်၊ ရူပက ရုပ်၊ ပရိစ္ဆေဒက ပိုင်းခြားတာ၊ ဉာဏက သိတာ၊ ပေါင်းလိုက် တော့ နာမ်ရုပ်ကို ပိုင်းခြားသိတဲ့ ဉာဏ်ပါ။ ဒါက ဖောင်းတာ ပိန်တာမှတ်တဲ့ ယောဂီအတွက်ပါ။

နောက် ဆက်ပြီး ရှုမှတ်တဲ့အခါ သမာဓိဉာဏ်တွေ ရင့်သန်လာရင် ဝင်လေထွက်လေတို့က ရှေ့ကပေါ်ပေါ်ပေးနေလို့ မှတ်သိစိတ်က နောက်ကနေ လိုက်လိုက်မှတ်နေရတယ်။ ဝင်လေထွက်လေတို့က အကြောင်းတရား၊ မှတ်သိစိတ်တွေက အကျိုးတရား၊ အဲဒီလို အကြောင်းနဲ့ အကျိုးကို ခွဲခြားပြီး သိလာတတ်ပါတယ်။ အကြောင်းနဲ့ အကျိုးကို ခွဲခြားပြီး သိတာကို ပစ္စယပရိဂ္ဂဟဉာဏ်လို့ ခေါ်ပါတယ်။ ပစ္စယ,ကအကြောင်း၊ ပရိဂ္ဂဟ,ကအကျိုးကို သိမ်းဆည်းတာ၊ ဉာဏ,က သိတာ၊ ပေါင်းလိုက်တော့ အကြောင်းနဲ့အကျိုးကို ခွဲခြားပြီး သိတာပါ။ ယောဂီတစ်ယောက်အနေနဲ့ ဒုတိယတွေ့ရတဲ့ ဉာဏ်စဉ်ပါ။ ဒါက ဝင်လေထွက်လေမှတ်တဲ့ ယောဂီအတွက်ပါ။

ဖောင်းတယ်ပိန်တယ်မှတ်တဲ့ ယောဂီအတွက်ကျတော့ ဖောင်းတာပိန်တာတို့က ရှေ့ကနေပေါ်ပေါ်ပေးနေလို့ မှတ်သိစိတ်က နောက်ကနေ လိုက်လိုက်မှတ်နေရ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဖောင်းတာပိန်တာတို့က အကြောင်းတရား၊ မှတ်သိမှတ်သိနေရတာက အကျိုးတရား၊ အဲဒီလို အကြောင်းနဲ့အကျိုးကို ခွဲခြားသိလာတတ်ပါတယ်။ အကြောင်းနဲ့အကျိုးကို ခွဲခြားသိသွားတာဟာ ပစ္စယပရိဂ္ဂဟဉာဏ်ပါ။

ယောဂီတစ်ယောက်အနေနဲ့ မေတ္တာကနေ ဝိပဿနာ ကူးသွားရင်း ဉာဏ်စဉ်နှစ်ဆင့် ရသွားတာပါ။

နောက် ဆက်မှတ်ရင်းနဲ့ နာတာ၊ ကျင်တာ၊ အောင့်တာ၊ ကိုက်တာ၊ ခဲတာ၊ မူးတာ၊ ယားတာ စတဲ့ ဒုက္ခဝေဒနာတွေ ပေါ်လာတတ်ပါတယ်။ အဲဒီဝေဒနာတွေကို သတိထားမှတ်နေရင်း "ဩော် ... ဆင်းရဲပါလား"ဆိုပြီး ဒုက္ခလက္ခဏာကို ပထမဆုံး တွေ့လိုက်ရပါတယ်။

ဒုက္ခဝေဒနာကို သတိထားမှတ်ရင်း အခုပဲ နာလိုက်၊ အခုပဲကျင်လိုက်၊ အခုပဲအောင့်လိုက် အမျိုးမျိုး ပြောင်းလဲနေပါလား၊ မမြဲပါလားဆိုပြီး အနိစ္စလက္ခဏာကိုလည်း သိလာရတတ်ပါတယ်။

ဒုက္ခဝေဒနာတွေချည်း မှတ်နေရတော့ ယောဂီက ချမ်းသာချင်လာပါတယ်။ ချမ်းသာသလားဆိုတော့ မချမ်းသာပါဘူး။ "ဩော် ... ကိုယ်ဖြစ်ချင်သလို ဘာတစ်ခုမှ ဖြစ်ခွင့်မရ၊ အစိုးမရပါလား"လို့ အနတ္တလက္ခဏာကို တွေ့လိုက် ရပါတယ်။

အဲဒီလို အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ လက္ခဏာသုံးပါးကို ဆင်ခြင်သုံးသပ်ပြီး သိလာခြင်းဟာ သမ္မသန



ဉာဏ်စဉ် ဖြစ်လာတာပါ။

ယောဂီတစ်ယောက်အနေနဲ့ တတိယဉာဏ်စဉ်အထိ တက်လာတဲ့သဘောပါ။ တရားရိပ်သာမှာ မဟုတ်ဘဲ၊ ကိုယ့်အိမ်မှာအားထုတ်ရင်း ဖြစ်လာတဲ့ဉာဏ်စဉ်တွေဆိုတော့ နည်းတဲ့အဆင့် မဟုတ်ပါဘူး။

ဒါတွေကတော့ ဝိပဿနာတရားအားထုတ်ထားဖူးတဲ့ ယောဂီတွေအတွက် ပြောလိုက်တာပါ။ တကယ်လို့ ကိုယ်က ဗုဒ္ဓဘာသာ မဟုတ်ဘူး၊ ဒါမှမဟုတ် ဝိပဿနာတရား အားမထုတ်ဖူးသေးဘူးဆိုရင်လည်း မေတ္တာအဆင့်နဲ့ပဲ နေ့စဉ်ပွားနေလို့ ရပါတယ်။

အထူးသဖြင့် လူငယ်တွေအနေနဲ့ ငယ်တုန်းမှာ ဝတ်တစ်ခုလိုစွဲနေအောင် လုပ်ထားသင့်ပါတယ်။ တရားဆိုတာ ငယ်တုန်းပဲ လုပ်လို့ကောင်းတာပါ။ အသက်ကြီးလာရင် ရုပ်ကလည်း အို၊ နာမ်ကလည်း အိုလာပြီး လုပ်ရ တာ သိပ်အဆင် မပြေတော့ပါဘူး။

အဓိကကတော့ အသက်ငယ်တုန်းမှာ ကိုယ့်အရိုးကိုယ်သယ်နိုင်တုန်းမှာ ကောင်းတဲ့ ဝတ်တစ်ခုကို စွဲစွဲမြဲမြဲ လုပ်ထားလိုက်တာ အကောင်းဆုံးပါပဲ။

အလင်းတန်းဂျာနယ်

၂၁.၃.၂၀၀၅

www.burmeseclassic.com

www.burmeseclassic.com









# မေတ္တာဂဏ္ဍေးများ
# (၈)

မေတ္တာဒကုံ မေတ္တာစန္ဒော မေတ္တာပုဖုံ = မေတ္တာဟာ ရေနဲ့လည်းတူတယ်။ လနဲ့လည်းတူတယ်။ ပန်းနဲ့လည်းတူပါတယ်တဲ့။ ဒါက အနီးစပ်ဆုံး ဥပမာပေးထားကြတာပါ။

ရေကိုမြင်တိုင်းမြင်တိုင်း၊ ရေကိုအသုံးပြုတိုင်းအသုံးပြုတိုင်း "ဤရေအေးမြသလို ငါ့ရဲ့ချစ်မိတ်ဆွေဘယ်သူလည်း စိတ်ကောရုပ်ကော အေးမြပါစေ၊ ဤရေအေးမြသလို သတ္တဝါအားလုံးလည်း စိတ်ကောရုပ်ကောအေးမြကြပါစေ"လို့ မေတ္တာပို့လိုက်ရင် ကိုယ့်အတွက်ကုသိုလ်တွေ ပိုက်ဆံမကုန်ဘဲနဲ့ ဝင်လာတာပါ။

လူတစ်ယောက်အနေနဲ့ ရေကိုမသုံးရတဲ့နေ့ ဆိုတာရှိကိုမရှိပါဘူး။ အနည်းဆုံး လေးငါးခြောက်ကြိမ် လောက်တော့ အသုံးပြုနေရတာပါ။ မျက်နှာသစ်တဲ့အခါ၊ ရေချိုး

www.burmeseclassic.com

www.burmeseclassic.com

တဲ့အခါ၊ ရေသောက်တဲ့အခါ စသည်ဖြင့် အများကြီးပါပဲ။

နောက်ဥပမာတစ်ခုက မေတ္တာဟာ လနဲ့တူပါတယ်တဲ့။ လမင်းကြီးကို မြင်လိုက်ရရင်ပဲ ရင်ထဲကို အေးမြသွားတာပါပဲ။ လပြည့်ညမျိုးဆိုရင် အိပ်ပစ်ရမှာတောင် နှမြောဖို့ကောင်းပါတယ်။

ဒါပေမယ့် လက အမြဲသာနေတာမဟုတ်တော့ လနဲ့နှယ်ပြီး အမြဲတမ်းမေတ္တာကုသိုလ် ဖြစ်နေဖို့ဆိုတာတော့ မလွယ်ပါဘူး။ ဘာပဲပြောပြော လမင်းကြီးကို မြင်ရတဲ့အခါ ကိုယ့်အလုပ်နဲ့ဆက်စပ်နေတဲ့ မိတ်ဆွေတွေ၊ ကိုယ့်ဘဝအတွက် အရေးကြီးတဲ့ပုဂ္ဂိုလ်တွေကို အာရုံညွှတ်ပြီး မေတ္တာပို့လိုက်ရင် မေတ္တာကုသိုလ် ဖြစ်သွားတာပါပဲ။

"ဤလမင်းကြီးအေးမြသလို ငါ့ရဲ့ချစ်မိတ်ဆွေတွေလည်း စိတ်ကောရုပ်ကော အေးမြကြပါစေ"စသည်ဖြင့်ပေါ့။

နောက်ဥပမာတစ်ခုကတော့ မေတ္တာဟာ ပန်းနဲ့လည်း တူပါတယ်တဲ့။ ကိုယ်နှစ်သက်တဲ့ပန်းကို မြင်လိုက်ရတဲ့အခါ စိတ်ကိုလန်းသွားတာပါပဲ။ မေတ္တာကို ပန်းနဲ့ ဥပမာပေးထားတယ်ဆိုပေမယ့် တကယ်တမ်း ပန်းကို အသုံးပြုတဲ့နေရာမှာတော့ အမျိုးသားနဲ့ အမျိုးသမီးယှဉ်ရင် အမျိုးသမီးက ပိုများပါတယ်။ ဘုရားပန်းကပ်တဲ့အခါ ခေါင်းမှာပန်တဲ့အခါ အခမ်းအနားပွဲတွေမှာ ပန်းအလှပြင်တဲ့အခါ စသည်ဖြင့်ပေါ့။

ပန်းကို ဘယ်လိုနည်းနဲ့ အသုံးပြုပြု ပန်းကို



မြင်တိုင်း အသုံးပြုတိုင်း "ဤပန်းမွှေးမြသလို သတ္တဝါအားလုံးလည်း စိတ်ကော ရုပ်ကော မွှေးမြကြပါစေ"လို့ မေတ္တာပွားများဖြစ်ဖို့ပါပဲ။

မေတ္တာကို နေ့စဉ်ပွားများနေတဲ့ လူတစ်ယောက်အတွက်တော့ ဒီလိုအပြုအမူလေးတွေဟာ သိပ်ပြီးခက်မယ် မထင်ပါဘူး။ အလွန်ဆုံးကြာ နှစ်မိနစ်ပေါ့။ နို့တစ်ညှစ်စာ မေတ္တာပွားရင်တောင် တစ်နေ့ ထမင်းအိုးတစ်ရာ သုံးကြိမ်လှူတာထက် ပိုအကျိုးများတယ်ဆိုတော့ ဒါလေးက ဝတ်တစ်ခုလိုထားပြုသင့်တဲ့ အပြုအမူလေးပါပဲ။

ပုထုဇဉ်လူသားတစ်ယောက်အနေနဲ့ လောကီနယ်ပယ်ထဲမှာ နေနေရတာဆိုတော့ လောကီအာရုံတွေနဲ့ ကင်းလို့ မရပါဘူး။ မိန်းမနဲ့ပန်း၊ ပန်းနဲ့မိန်းမဆိုတာ ကင်းလို့မရတာဆိုတော့ ပုထုဇဉ်ပဲ ပန်ပေါ့။ ဒါပေမယ့် အဲဒီမှာ ကိုယ်က သတိဉာဏ်လေးယှဉ်ပြီး ပန်းကို အသုံးပြုဖြစ်တိုင်း ကိုယ့်အပေါ် ကျေးဇူးများခဲ့သူတွေကို အာရုံပြုပြီး "ဤပန်းမွှေးမြသလို ဘယ်သူတွေလည်း စိတ်ကော ရုပ်ကော မွှေးမြကြပါစေ"လို့ မေတ္တာပို့လိုက်ရင် မေတ္တာပန်းပါပန်ပြီးသား ဖြစ်သွားတာပါ။ ပကတိပန်းကော မေတ္တာပန်းကော ပန်ထားရင် ပိုပြီးလှနေတတ်ပါတယ်။

ရေကိုမြင်လျှင် မေတ္တာဝင် အစဉ်မေတ္တာ ပွားပါ့မယ်။
လကိုမြင်လျှင် မေတ္တာဝင် အစဉ်မေတ္တာပွားပါ့မယ်။
ပန်းကိုမြင်လျှင် မေတ္တာဝင် အစဉ်မေတ္တာပွားပါ့မယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျန်တဲ့သူတွေတော့ မပြောတတ်ပါဘူး။ စာရေးသူကတော့ လူ့ဘဝဆိုတာ ငြိမ်းငြိမ်းချမ်းချမ်းနေနိုင်ဖို့က အဓိကလို့ပဲ ခံယူထားပါတယ်။ (နိဗ္ဗာန်ကို ခဏထားလိုက်ပါဦး) လူ့ဘဝမှာ ငြိမ်းငြိမ်းချမ်းချမ်းနေနိုင်ဖို့ အဓိကအချက်ကတော့ သီလရယ်၊ မေတ္တာရယ်၊ ဝိပဿနာရယ်ပါ။ သီလဆိုတဲ့နေရာမှာလည်း အမြင့်ဆုံးသိက္ခာပုဒ်တွေအထိ မဆိုလိုပါဘူး။ လူသားတစ်ယောက်အနေနဲ့ လက်ကိုင်ကျင့်သုံးသင့်တဲ့ တစ်ကိုယ်ရေသီလပါ။ ကိုယ်ကိုယ်တိုင်ကိုယ့်ရဲ့ ကိုယ်ကျင့်သီလ စည်းမျဉ်းလေးကို ကိုယ်တိုင်ရေးဆွဲပြီး ကိုယ်တိုင်ကျင့်သုံးသွားဖို့ပါပဲ။

မေတ္တာနဲ့သီလဆိုတာ အပြန်အလှန်လည်း အထောက်အကူပြုနေတာပါ။

မေတ္တာမှာ ပွားမေတ္တာနဲ့ ထားမေတ္တာဆိုပြီး ရှိပါတယ်။ ဒီစကားလုံးက ဦးဇင်းအရှင်ဆန္ဒာဓိက မကြာခဏသုံးသုံးနေတဲ့ စကားလုံးပါ။

ရှေ့ကပြောခဲ့တာတွေကတော့ ပွားမေတ္တာပါ။ ကံအနေနဲ့ပြောရင် မနောကံမေတ္တာပါ။ ထားမေတ္တာဆိုတာကတော့ သူတစ်ပါးအကျိုးလိုလားစွာနဲ့ မေတ္တာပါတဲ့စကားကို ပြောပေးတာ။ သူတစ်ပါးအကျိုး လိုလားစွာနဲ့ မေတ္တာပါတဲ့ အပြုအမူကို ပြုလုပ်ပေးတာပါ။ သူတစ်ပါး အကျိုးရှိမယ့် အပြုအမူ အပြောအဆိုတွေကို ပြုမူပြောဆိုပေးတာပါပဲ။ ကံအနေနဲ့ ပြောရင်တော့ ဝစီကံမေတ္တာနဲ့



ကာယကံမေတ္တာပါ။

ကိုယ်ပွားနေတဲ့မေတ္တာဟာ ထိုက်သင့်သလောက်ခိုင်မာလာပြီဆိုရင် ပွားရုံအဆင့်နဲ့တင် ရပ်မထားရပါဘူး။ တစ်ဆင့်တက်တဲ့အနေနဲ့ လက်တွေ့ကျင့်သုံးရေးနယ်ပယ်ထဲကို စမ်းသုံးကြည့်ရပါတယ်။ ကံအနေနဲ့ပြောရင် ကာယကံမေတ္တာနဲ့ ဝစီကံမေတ္တာကိုလည်း လက်တွေ့ကျင့်သုံးကြည့်ရပါတယ်။

ပထမဆုံး လက်တွေ့ကျင့်သုံးကြည့်သင့်တာက ကိုယ့်ရဲ့မိသားစုပါ။ မိသားစုဆိုတော့ သံယောဇဉ်ကလည်းရှိပြီးသားဆိုတော့ သူစိမ်းထက် ကျင့်သုံးရတာ ပိုအဆင်ပြေပါတယ်။

ကိုယ်က ဇနီးတစ်ယောက်ဆိုရင်လည်း မနက်စောစော မိသားစုအတွက် နံနက်စာ စီစဉ်ရပြီဆိုပါတော့။ ထမင်းကြော် ကြော်နေတဲ့အခါ "ဒီထမင်းကြော်စားပြီး ကိုကို ကိုယ်ဆင်းရဲ ကင်းပါစေ၊ စိတ်ဆင်းရဲ ကင်းပါစေ၊ အစစအရာရာ အဆင်ပြေ ပါစေ"လို့ မေတ္တာစိတ်ညွတ်ပြီး ကြော်နေရင် ကာယကံမေတ္တာ ဖြစ်နေတာပါ။ ဒီလိုပါပဲ ... ကော်ဖီဖျော်နေတဲ့အခါမှာလည်း "ဒီကော်ဖီလေးသောက်ပြီး ကိုကို ကိုယ်ဆင်းရဲ ကင်းပါစေ၊ စိတ်ဆင်းရဲ ကင်းပါစေ၊ အစစအရာရာ အဆင်ပြေပါစေ"လို့ တကယ့်မေတ္တာစိတ်ညွတ်ပြီး ဖျော်ရပါတယ်။

စားပွဲပေါ် ကော်ဖီခွက်သွားတင်တဲ့အခါမှာလည်း

www.burmeseclassic.com

www.burmeseclassic.com



ဝတ်ကျေတန်းကျေ မဟုတ်ဘဲ တကယ့်မေတ္တာပါပါနဲ့ တရိုတသေ တင်ပြီး "ကိုကိုရေ ... ဒီနေ့တော့ ကော်ဖီကို 4 in 1 နဲ့ ဖျော်ခဲ့တယ်"။ ခင်ပွန်းလုပ်သူကလည်း "3 in 1 ပဲ ကြားဖူးပါတယ်၊ 4 in 1 တော့ မကြားဖူးသေးပါဘူး၊ 4 in 1 ဆိုတာ ကော်ဖီအသစ်လား"ပေါ့။ ဒီတော့ ဇနီးဖြစ်သူက "နို့ဆီရယ်၊ သကြားရယ်၊ ကော်ဖီမှုန့်ရယ်တင် မကဘူး မေတ္တာပါ ထည့်ဖျော်ထားတာ၊ ဒါကြောင့် 4 in1 လို့ပြောတာ"။ ခင်ပွန်းလုပ်သူကလည်း ကော်ဖီခွက်ကလေးကို ယူသောက်ပြီး "အို ... ဒါကြောင့် ဆိုင်ကကော်ဖီထက် ပိုချိုနေတာကိုး"လို့ ပြန်ပြောလိုက်မယ်ပေါ့လေ။ ဒါတွေ ဟာ ကာယကံမေတ္တာနဲ့ ဝစီကံမေတ္တာတွေပါပဲ။

မိဇ္ဈတိသိနိယတိတိမေတ္တာ၊ ချစ်ခင် စိုစွတ် စေးကပ်တတ်သောကြောင့် မေတ္တာပါတဲ့။

စေးကပ်တယ်ဆိုတော့ ကော်နဲ့ဥပမာယူလို့ ရပါတယ်။ အရာဝတ္ထုနှစ်ခုကို ကော်နဲ့ကပ်ထားလိုက်ရင် မြဲနေတတ်ပါတယ်။ ကော်ကောင်းရင်ကောင်းသလောက် မြဲနေတတ်ပါတယ်။ ရှုပါဂလူးကော်ဆိုရင် ကပ်ပြီးရင် ပြန်ခွာလို့တောင် မရတော့ပါဘူး။

ဇနီးမောင်နှံနှစ်ယောက် အစဉ်ခိုင်မြဲနေအောင် ကော်သုံးမျိုးနဲ့ ကပ်ပေးထားရပါမယ်။ ကော်သုံးမျိုးကတော့ ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံမေတ္တာ ဆိုတဲ့ ကော်တွေပါ။ ကော်ကောင်းရင် သေတဲ့အထိ မြဲသွား



တတ်ပါတယ်။ လမ်းခုလပ်မှာ ကွဲသွား ကွာသွားကြတယ်ဆိုတာ ကော်မကပ်ကြတော့လို့ပါ။ ရိုးမြေကျ ပေါင်းသင်းသွားကြရတာက ကော်မြဲနေလို့ပါ။

ဇနီးမောင်နှံနှစ်ယောက် အစဉ်သဖြင့် ခိုင်မြဲနေဖို့ နေ့စဉ် ကော်သုံးမျိုးနဲ့ ကပ်ပေးနေဖို့ လိုပါတယ်။ ကွဲသွားကွာသွားကြတဲ့ ဇနီးမောင်နှံတွေကို သေချာသုတေသနပြုကြည့်ရင် ကော်မကပ်ကြတော့လို့ပါ။

အမျိုးသမီးတော်တော်များများဟာ ကိုယ့်ခင်ပွန်း ခြေလှမ်းပျက်နေပြီ ခြေလှမ်းမှားနေပြီဆိုရင် ဗေဒင်ဆရာဆီ ပြေးကြတာ များပါတယ်။ တကယ်တော့ ဒါဟာ သေချာတဲ့ကိစ္စ မဟုတ်ပါဘူး။ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်ပြီး ပိုက်ဆံ ကုန်ရတာက အရင်ပါ။ တစ်သောင်းတန် ဆေးဖယောင်းတိုင် ထွန်းဆိုလည်း ထွန်းလိုက်ကြမှာပါပဲ။

ကိုယ့်ခင်ပွန်း ခြေလှမ်းပျက်မှုတွေနဲ့ ကြုံလာရင် ဘယ်ဗေဒင်ဆရာဆီမှသွားပြီး ယတြာချေမနေပါနဲ့။ ကော်သုံးမျိုးနဲ့သာ နေ့စဉ် ကပ်ပေးနေလိုက်စမ်းပါ။ ဘုရားကို ရေကပ်ပြီး "ဤရေအေးမြသလို ကိုကိုလည်း စိတ်ကောရုပ်ကော အေးမြပါစေ"ဆိုပြီး တစ်နေ့သုံးကြိမ်လောက် မနောကံမေတ္တာ ပို့ပေးနေမယ်၊ စကားပြောတဲ့အခါလည်း မေတ္တာပါပါလေး ပြောပေးမယ်၊ ကိုယ့်ခင်ပွန်းရဲ့ ဝေယျာဝစ္စတွေ လုပ်ရတဲ့အခါမှာလည်း မေတ္တာပါပါလေး ပြုပေးမယ်၊ ကော်ဖီဖျော်ပေးတဲ့အခါမှာလည်း 4 in 1 နဲ့ ဖျော်ပေး

www.burmeseclassic.com

www.burmeseclassic.com



မယ်ဆိုရင် မကြာခင်အချိန်အတွင်း ခြေလှမ်းတွေ ပြန်မှန်လာပါလိမ့်မယ်။ ဒါဟာ သေချာတဲ့ကိစ္စပါ။ မသေချာတဲ့နည်းတွေကို အာရုံမပြုပါနဲ့။

ဒါက အဆင်မပြေတဲ့ ဇနီးမောင်နှံတွေအတွက် ပါ။ အဆင်ပြေနေတဲ့ ဇနီးမောင်နှံတွေအတွက်လည်း အစဉ်သဖြင့် ခိုင်မြဲနေဖို့ နေ့စဉ် ကော်သုံးမျိုးနဲ့ ကပ်ကပ်ပေးနေဖို့ လိုပါတယ်။

မေတ္တာကို ကိုယ့်မိသားစုအတွင်းမှာ လက်တွေ့ကျင့်သုံးပြီဆိုရင် တစ်ဆင့်ထပ်တက်တဲ့အနေနဲ့ ကိုယ့်ဝန်းကျင်မှာလည်း လက်တွေ့ကျင့်သုံးကြည့်ရပါတယ်။

ဥပမာ ရုံးမှာ အလုပ်လုပ်နေရင်း ဖုန်းမြည်လာတယ်ဆိုပါတော့။ ဖုန်းသံကြားကတည်းက "ဘယ်သူဆက်တယ် မသိဘူး၊ ဘယ်သူဆက်ဆက် တစ်ဖက်က ဆက်သွယ်လာတဲ့သူကို စိတ်ချမ်းသာစေမယ့်စကားတွေ နဲ့ပဲ တုံ့ပြန်မယ်"လို့ နှလုံးသွင်းလိုက်ပြီး ဖုန်းသွားကိုင်တဲ့အခါမှာလည်း ဖုန်းဆက်တဲ့သူ ကိုယ်ဆင်းရဲ ကင်းပါစေ၊ စိတ်ဆင်းရဲ ကင်းပါစေ စသည်ဖြင့် မေတ္တာပို့ပြီး သွားကိုင်မယ်၊ ဖုန်းပြောတဲ့အခါမှာလည်း တစ်ဖက်လူ စိတ်ဆင်းရဲစေမယ့်စကားမျိုး မပြောမိစေဘဲ စိတ်ချမ်းသာစေမယ့်စကားမျိုးပဲ ရွေးပြောမယ်။ တစ်ဖက်က အကူအညီတောင်းလာရင်လည်း တကယ့်မေတ္တာပါပါနဲ့ ကူညီပေးလိုက်မယ်။ ဒါဆို တစ်ခါတည်း ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊



မနောကံမေတ္တာ ဖြစ်သွားတာပါ။ ဒီလို နှလုံးသွင်း ပြုမှုပုံလေးကို ဆရာတော် ဦးဇောတိကရဲ့ စာအုပ်ထဲမှာ ဆရာတော်က နည်းပေးထားပါတယ်။ ဆရာတော် နည်းပေးထားတာလေးကို စာရေးသူတော့ ဒီနေ့အထိ စွဲနေခဲ့ပါတယ်။

မဟာစည်ဆရာတော်ဘုရားကြီးက သူတစ်ပါးအိပ်နေတဲ့အချိန်မှာ ကြမ်းကို ညင်ညင်သာသာနင်းသွားတာလည်း ကာယကံမေတ္တာပါတဲ့။ ဒါကိုထောက်ပြီး ကိုယ့်ဝန်းကျင်မှာ သူတစ်ပါးတွေ အိပ်နေတဲ့အချိန်ကာလကို တိုးတိုးဖွင့်တာ၊ တစ်ဖက်က တရားထိုင်နေတဲ့အချိန်၊ ဘုရားရှိခိုးနေတဲ့အချိန်တွေမှာ ကိုယ်ကကိုယ့်ရဲ့အလုပ်ကို ညင်ညင်သာသာ ဖွဖွလေး လုပ်တာတွေလည်း ကာယကံမေတ္တာပါ။

အကျင့်ဆိုတာ ကျင့်စမှာပဲ ခက်တာပါ၊ ကျင့်ပါများသွားရင် စွဲပြီး လွယ်သွားတတ်ပါတယ်။

ဆရာတော် အရှင်ဇနကာဘိဝံသရဲ့ ကိုယ်ကျင့်အဘိဓမ္မာစာအုပ်ထဲမှာ ဆရာတော်က မိမိစိတ်ထားမကောင်းတာ၊ မိမိစိတ်ထားယုတ်မာတာ မိမိသာအသိဆုံးပါတဲ့၊ အဲဒီ စိတ်ဆိုး စိတ်ယုတ်တွေဟာ နောက်နောင်ဘဝများစွာအထိ ကူးစက်သွားတတ်ပါတယ်တဲ့။ ဒါကြောင့်ကိုယ့်ရဲ့ ယုတ်မာနေတဲ့ စိတ်များကို အမြန်ဆုံး ပြုပြင်ထိုက်ပါတယ်တဲ့။

ပြုပြင်လို့ရပုံကို ဆရာတော်က တောသားဥပမာ

www.burmeseclassic.com

www.burmeseclassic.com

နဲ့ ပေးထားပါတယ်။ တောမှာမွေးတဲ့ တောသား တစ်ယောက်ဟာ မြို့ရောက်လာပြီး မြို့ကလူတွေကို ကြည့်ပြီး ပြုပြင်ယူလိုက်တာ တစ်နှစ် နှစ်နှစ်အတွင်း အထင်မှားလောက်အောင် ပြောင်းလဲသွားတတ်ပါတယ်တဲ့။ ဒီလိုပါပဲ တဲ့ ကိုယ့်စိတ်ကို ပြုပြင်ယူလိုက်ရင် နှစ်နှစ် သုံးနှစ်အတွင်း ကိုယ့်စိတ်ကိုယ် ကြည်ညိုချင်လောက်အောင် စိတ်ကောင်းရှိသူ ဖြစ်လာပါလိမ့်မယ်တဲ့။

မေတ္တာကို လက်တွေ့ကျင့်သုံးပုံနဲ့ ပတ်သက်ပြီး ကြုံလို့ပြောဖြစ်သွားတာပါ။

မေတ္တာကို အစဉ်သဖြင့် ကိုင်ထားရမယ်ဆိုပေမယ့် ကာလဒေသကိုတော့ ကြည့်ရပါသေးတယ်။ ကာလဒေသ အရ မေတ္တာကို တစ်ခါတလေ ခဏဖယ်ထားရတာလေးတွေလည်း ရှိပါတယ်။

ဒါနဲ့ပတ်သက်ပြီး ပုံပြင်တစ်ပုဒ် ရှိပါတယ်။

တစ်ခါတုန်းက ရွာတစ်ရွာမှာ မေတ္တာအမြဲပွားနေတဲ့ ဆရာတော်တစ်ပါး ရှိပါတယ်။ တစ်နေ့တော့ ထုံးစံအတိုင်း ဆရာတော်ရယ်၊ ကပ္ပိယဖိုးသူတော်ကြီးရယ် ရွာထဲကို ဆွမ်းခံကြွဖို့ ပြင်ပါတယ်။ ဆရာတော်က ကျောင်းက ထွက်လာကတည်းက မေတ္တာပွားလာတာပါ။ ရွာမရောက်ခင် လယ်ကွင်းထဲရောက်တော့ ကျွဲတစ်ကောင်က ဆရာတော့်ဆီ ပြေးလာနေပါတယ်။ ဆရာတော် ကတော့ သူ့ဆီပြေးလာနေတဲ့ ကျွဲကြီးကို အာရုံပြုပြီး "ကျွဲကြီးကျန်းမာပါစေ၊ ချမ်းသာပါစေ"ဆိုပြီးတော့ မေတ္တာပဲပို့ပေးနေပါတယ်။ ကျွဲက နီးသထက်နီးလာနေပါပြီ။ ဆရာတော်ကတော့ မေတ္တာပို့နေတုန်းပါ။ ရှေ့နှစ်လှမ်းသုံးလှမ်းအကွာလောက်လည်းရောက်လာရော ကပ္ပိယဖိုးသူတော်ကြီးက ပါလာတဲ့ တောင်ဝှေးနဲ့ ပြေးတဲ့ပြီးတော့ ကျွဲကြီးခေါင်းကို အားရပါးရ ရိုက်ထည့်လိုက်တာ ကျွဲကြီးလည်း တစ်ခါတည်း နောက်ပြန်လှည့်သွားပါတော့သတဲ့။


ဒီတော့ ဆရာတော်က ဘာပြောသလဲဆိုတော့ "ဖိုးသူတော်ကြီးရယ် ငါ့မေတ္တာထက် နင့်တောင်ဝှေးက ပိုအစွမ်းထက်ပါလား"လို့ ပြောပါသတဲ့။

မေတ္တာဆိုတာ ကာလဒေသကိုလည်း ကြည့်ရသေးတဲ့အကြောင်း ပုံပြင်နဲ့ပြောထားတာပါ။

လောကမှာ အဓမ္မ မလွှမ်းမိုးဖို့ လူသားတိုင်းမှာ တာဝန်ရှိတာဆိုတော့ တစ်ခါတလေ အဓမ္မအမှုလေးတွေနဲ့ ကြုံလာရင်တော့ မေတ္တာကို ခဏဖယ်ထားပြီး တခြားသင့်တော်ရာ တစ်နည်းနည်းနဲ့ ဖြေရှင်းပေးရတာလေးတွေတော့ ရှိပါတယ်။

ဘာပဲပြောပြော လက်တွေ့ကျင့်သုံးရေးနယ်ပယ်ထဲမှာတော့ ကာယကံမေတ္တာနဲ့ ဝစီကံမေတ္တာကို လက်ကိုင်ထားရမှာတော့ အမှန်ပါပဲ။

အလင်းတန်းဂျာနယ်
၂၈.၃.၂၀၀၅







# မေတ္တာကြွေးများ(၉)

ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံမေတ္တာကို မျက်မှောက်မှာသာ ကျင့်သုံးရတာ မဟုတ်ပါဘူး။ မျက်ကွယ်မှာလည်း ကျင့်သုံးရပါတယ်။

မြတ်စွာဘုရားလက်ထက်တော်က အရှင်အနုရုဒ္ဓါတို့ ကျင့်သုံးခဲ့ပုံလေးကိုလည်း ပြောပြရအောင်ပါ။

တစ်ခါတုန်းက ကောသမ္ဗီရဟန်းတွေဟာ မညီမညွတ် ဖြစ်နေကြပါတယ်။ မညီညွတ်ရုံတင် မကပါဘူး။

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



# မေတ္တာပွားပုံအစဉ်

မိမိချစ်သူ၊ လယ်လတ်သူနှင့်၊ ရန်သူတစ်ဖြာ၊
မြတ်မေတ္တာ ပွားကာစဉ်တိုင်းသိ။

၁။ ငါသည် ဘေးရန်ကင်းရပါလို၏၊
စိတ်ဆင်းရဲ ကင်းရပါလို၏၊
ကိုယ်ဆင်းရဲ ကင်းရပါလို၏၊
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် မိမိရဲ့ခန္ဓာဝန်ကို
ရွက်ဆောင်နိုင်ရပါလို၏။

၂။ ငါ၏အမေ, (အဖေ, သားသမီး, ဆရာသမား,
အလုပ်ရှင်, သူငယ်ချင်း စသည်)
ဘေးရန်ကင်းပါစေ၊
စိတ်ဆင်းရဲ ကင်းပါစေ၊
ကိုယ်ဆင်းရဲ ကင်းပါစေ၊
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် မိမိရဲ့ခန္ဓာဝန်ကို
ရွက်ဆောင်နိုင်ပါစေ။
ငါ၏အလုပ်ရှင် ( ........... )သည်
ဘေးရန်ကင်းပါစေ၊
စိတ်ဆင်းရဲ ကင်းပါစေ၊
ကိုယ်ဆင်းရဲ ကင်းပါစေ၊
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် မိမိရဲ့ခန္ဓာဝန်ကို



ရွက်ဆောင်နိုင်ပါစေ။
(ကိုယ်ချစ်ခင်ကြည်ညိုရာ တစ်ယောက်ချင်းစီ
ကုန်အောင်ပွားပါ။ ချစ်ခင်တဲ့မိတ်ဆွေတွေ များနေလို့
ရှေ့ဆက် မတက်နိုင်သေးရင်လည်း ကိစ္စမရှိပါဘူး။
ဆယ့်ငါးယောက်ရှိရင် ဆယ့်ငါးယောက်လုံးပေါ့။)

၃။ မချစ်မမုန်း အလယ်အလတ်ဖြစ်သော ( ........... )
ဘေးရန်ကင်းပါစေ၊
စိတ်ဆင်းရဲ ကင်းပါစေ၊
ကိုယ်ဆင်းရဲ ကင်းပါစေ၊
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် မိမိရဲ့ခန္ဓာဝန်ကို
ရွက်ဆောင်နိုင်ပါစေ။

၄။ ငါ၏ရန်သူဖြစ်သော ( ........... )သည်
ဘေးရန်ကင်းပါစေ၊
စိတ်ဆင်းရဲ ကင်းပါစေ၊
ကိုယ်ဆင်းရဲ ကင်းပါစေ၊
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် မိမိရဲ့ခန္ဓာဝန်ကို
ရွက်ဆောင်နိုင်ပါစေ။
(ပို့လို့ရရင် ပို့ပါ၊ မရရင်ကျော်လိုက်ပါ)

* * * * *

www.burmeseclassic.com

www.burmeseclassic.com



ပြီး တွေးပေးတဲ့အတွေးဟာ မေတ္တာပါတဲ့အတွေးပါ။ အရှင်အနုရုဒ္ဓါရဲ့အတွေးဟာလည်း မေတ္တာပါတဲ့ အတွေးပါ။ တော်တော်များများဟာ ကိုယ့်ကို တသီးတသန့် လူကြီးအသိအမှတ်ပြုတာကို သိပ်ပြီးခံချင်ကြပါတယ်။ ဒီတော့ စဉ်းစားတဲ့အခါ သူတစ်ပါးအတွက် မစဉ်းစားဖြစ်တော့ပါဘူး။ ကိုယ့်အတွက်ပဲစဉ်းစားရင်း စဉ်းစားရင်းနဲ့ မေတ္တာနဲ့ဝေးဝေးနေတတ်ပါတယ်။ ပြီးတော့ လူကြီးအသိအမှတ်ပြုရေးကိုပဲ ရှေ့တန်းတင်နေရတော့ ကိုယ့်အလုပ်အပေါ် တကယ်ထားရမယ့် စေတနာကလည်း လျော့နေတတ်ပါတယ်။

ကိုယ့်စိတ်ဖြစ်နေတာကို ကိုယ်ပဲအသိဆုံးပါ။ သဘောထား မမှန်မကန်နဲ့ လုပ်နေတဲ့အတွက် အကျိုးပေးမှုကလည်း ဘယ်တော့မှ မမှန်ကန်နိုင်ပါဘူး။ အကျိုးပေးတယ်ပဲထားဦး။ အကျိုးပေးမှုဟာ ခိုင်ခိုင်မာမာ မပေးနိုင်ပါဘူး။အခိုက်အတန့်ပဲ ဖြစ်မှာပါ။

တကယ်တွေးကြည့်ရင် ကိုယ့်အတွက်ပဲ စဉ်းစားပြီး လုပ်တဲ့အလုပ်ဟာ တော်တော်ရှက်ဖို့ကောင်းတဲ့အလုပ်ပါ။ ကိုယ့်အတွက်ပဲ စဉ်းစားနေတဲ့အချိန်မှာ ကိုယ့်ရုပ်ကိုယ်မှန်ထဲပြန်ကြည့်လိုက်ဖို့ ကောင်းပါတယ်။ ဘယ်လိုရုပ်မျိုးပေါက်နေမလဲဆိုတာကိုပါ။

ပုထုဇဉ်တွေဆိုတော့လည်း သဘာဝအလျောက် ကိုယ့်အတွက်စဉ်းစားကြမှာပါပဲ။ ဒါပေမယ့် ကိုယ့် အတွက်ပဲ



စဉ်းစားတာ တော်တော်ရှက်ဖို့ ကောင်းတာပဲဆိုတာရယ် တွေးသင့်တဲ့အတွေး မဟုတ်ဘူးဆိုတာရယ်ကို စာတွေဖတ်လို့ပဲ ဖြစ်ဖြစ်၊ တရားတွေ နာလို့ပဲဖြစ်ဖြစ်၊ သူတော်ကောင်းမိတ်ဆွေတွေက ပြောပြလို့ပဲဖြစ်ဖြစ် သိရပြီဆိုရင် သိတာနဲ့ပြင်ပြင်ယူသွားဖို့ပါ။ ကိစ္စတစ်ခု ပေါ်လာလိုက် သူတစ်ပါးအတွက် စဉ်းစားပေးလိုက်၊ ကိစ္စတစ်ခုပေါ်လာလိုက် သူတစ်ပါးအတွက် စဉ်းစားပေးလိုက်၊ ကြာလာရင် အထုံတစ်ခု ဖြစ်သွားမှာပါ။

သူတစ်ပါးအတွက် စဉ်းစားပေးရမယ်လို့ ဆိုသာဆိုနေရတာပါ။ တကယ်တမ်း သူတစ်ပါးအတွက် ထိထိရောက်ရောက် စဉ်းစားဖြစ်သွားပြီဆိုရင် ကိုယ့်အတွက်လည်း သီးခြားအားထုတ်စရာ မလိုဘဲနဲ့ ပါပါသွားတတ်ပါတယ်။ ခန္ဓာရှိနေတဲ့အတွက်၊ မိသားစုရှိနေတဲ့အတွက်၊ ကိုယ့်အတွက်၊ ကိုယ့်မိသားစုအတွက်တော့ စဉ်းစားရမှာပါပဲ။ တချို့ကိစ္စလေးတွေကျတော့ သူတစ်ပါးအတွက်ပါ မဖြစ်မနေ ထည့်စဉ်းစားပေးရတဲ့ ကိစ္စလေးတွေ ရှိပါတယ်။ ဒါမျိုးလေးတွေကို ပြောတာပါ။ နေရာတိုင်းတော့ မဟုတ်ပါဘူး။

အရှင်အနုရုဒ္ဓါက ဒီသဘောကို သိထားတော့ အတိတ်ဘဝတွေကလည်း သူတစ်ပါးအတွက် စဉ်းစားပေးတတ်တဲ့ အထုံပါလာတော့ သူတစ်ပါးအတွက်ပါ ထည့်စဉ်းစားပေးတာ သိပ်တော့မဆန်းလှပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရားက အရှင်အနုရုဒ္ဓါတို့ ကျောင်းဆောင်လေးထဲရောက်တော့ "အရှင်အနုရုဒ္ဓါတို့ သင်တို့ဟာ ညီညီညွတ်ညွတ် ချစ်ချစ်ခင်ခင် နေကြရဲ့လား"လို့ စမေးပါတယ်။ အရှင်အနုရုဒ္ဓါတို့ကလည်း "နေကြပါတယ်ဘုရား"လို့ ပြန်လျှောက်ပါတယ်။

မြတ်စွာဘုရားက တစ်ခါထပ်ပြီး "သင်တို့ဘယ်လိုနေထိုင်ကြတာလဲ၊ ပြောပြပါဦး"လို့ ထပ်မေးတော့ အရှင်အနုရုဒ္ဓါမထေရ်ကလည်း ဖြေပြပေးပါတယ်။

"မြတ်စွာဘုရား ... ဘုရားတပည့်တော်ဟာ အရှင်နန္ဒိယတို့ အရှင်ကိမိလတို့နဲ့ အတူနေထိုင်ခွင့်ရတာ တော်တော်လေး အရတော်တယ်လို့ နှလုံးသွင်းထားပါတယ်ဘုရား။ ပြီးတော့ တပည့်တော်ရဲ့ မိတ်ဆွေနှစ်ပါးအပေါ်မှာလည်း ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံမေတ္တာကို မျက်မှောက်မှာကော၊ မျက်ကွယ်မှာကော ထားပါတယ်ဘုရား။ တပည့်တော်ရဲ့ဆန္ဒကို ဖယ်ရှားပြီး အရှင်နှစ်ပါးရဲ့ဆန္ဒနဲ့ပဲ နေထိုင်ပါတယ်ဘုရား။ တကယ်တော့ တပည့်တော်တို့သုံးပါးဟာ ကိုယ်ကသာ ကွဲပြားနေတာ၊ စိတ်ကတော့ တစ်ခုတည်းပါပဲဘုရား"

အရှင်အနုရုဒ္ဓါက ဒီလိုလျှောက်ပြတော့ မြတ်စွာဘုရားရှင်က သာဓုခေါ်ပါတယ်။ အရှင်နန္ဒိယတို့ကလည်း မြတ်စွာဘုရားရှင်ကို အရှင်အနုရုဒ္ဓါလျှောက်တဲ့အတိုင်း ထပ်လျှောက်ကြပါတယ်။



အရှင်အနုရုဒ္ဓါတို့သုံးပါး ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံမေတ္တာ ထားပုံက ဒီလိုပါ။

အရှင်နန္ဒိယက အပြင်မှာသင်္ကန်းလှမ်းထားတယ်ဆိုပါတော့။ အရှင်အနုရုဒ္ဓါက အပြင်မှာ စင်္ကြံကြွနေတယ်။ အဲဒီအချိန် မိုးအုံ့လာပြီး မိုးရွာမယ့်လက္ခဏာ ပြလာတယ်။ ဒါဆို အရှင်အနုရုဒ္ဓါက အရှင်နန္ဒိယရဲ့သင်္ကန်းလေးကို ရုပ်ပြီး သေချာခေါက်၊ ပြီးတဲ့အခါကျမှ အရှင်နန္ဒိယကို သွားပေးပါတယ်။ ဒါက မျက်မှောက် ကာယကံမေတ္တာပါ။

အဲဒီလိုမဟုတ်ဘဲ အရှင်နန္ဒိယက အပြင်ကြွနေမယ်။ ဒါဆိုရင်လည်း အရှင်အနုရုဒ္ဓါက သင်္ကန်းကို ရုပ်ခေါက်ပြီး အရှင်နန္ဒိယ ပြန်လာမှ သွားပေးတယ်။ ဒါက မျက်ကွယ်ကာယကံမေတ္တာပါ။

သုံးပါးအတူတကွ ရှိနေတဲ့အချိန်တွေမှာလည်း ချစ်ဖွယ်စကား၊ အမြဲအောက်မေ့နေစေမယ့်စကား၊ သိမ်သိမ်မွေ့မွေ့စကားတို့ကိုပဲ ပြောပါတယ်။ ဒါက မျက်မှောက်ဝစီကံမေတ္တာပါ။

ကျန်တဲ့နှစ်ပါးက အပြင်ကြွနေတဲ့အချိန်၊ အာဂန္တုတစ်ပါး ကြွလာမယ်၊ အာဂန္တုကိုယ်တော်က အရှင်နန္ဒိယအကြောင်း မေးလာတဲ့အခါ အရှင်နန္ဒိယရဲ့ကောင်းကွက်တွေကိုပဲ ပြောပြပါတယ်။ တကယ်လို့ အာဂန္တုကိုယ်တော်က အရှင်နန္ဒိယကို အပြစ်တင်စကားပြောလာခဲ့ရင် အရှင်အနုရုဒ္ဓါက မဟုတ်တဲ့အကြောင်း ပြန်ချေပေးပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကတော့ မျက်ကွယ်ဝစီကံမေတ္တာပါ။

အဲဒီမှာ အထူးသတိထားရမှာက ကိုယ့်မိတ်ဆွေရဲ့ မကောင်းကြောင်းကို တစ်စုံတစ်ယောက်က ပြောလာခဲ့ရင် ငြိမ်နားထောင်မနေရပါဘူး။ မဟုတ်တဲ့အကြောင်းကို သေချာပြန်ပြောပြပေးရပါ့မယ်။ ပြန်ချေပပေးရပါ့မယ်တဲ့။ ဒါကို မျက်ကွယ်ဝစီကံမေတ္တာလို့ ခေါ်ပါတယ်။

နောက် အရှင်နန္ဒိယတို့ အရှင်ကိမိလတို့ ကျောင်းမှာ ရှိနေတဲ့အခါမှာပဲဖြစ်ဖြစ်၊ အပြင်ကြွနေတဲ့အခါမှာပဲ ဖြစ်ဖြစ်၊ “ငါ့ရဲ့ချစ်မိတ်ဆွေတွေဖြစ်တဲ့ အရှင်နန္ဒိယတို့ အရှင်ကိမိလတို့ စိတ်ဆင်းရဲ ကင်းပါစေ၊ ကိုယ်ဆင်းရဲ ကင်းပါစေ၊ ဘေးရန် ကင်းပါစေ” စသည်ဖြင့် မေတ္တာပို့ပေး နေပါတယ်။ အဲဒီလိုပို့ပေးနေရင် မျက်မှောက်မျက်ကွယ် မနောကံမေတ္တာ ဖြစ်နေတာပါ။

ပြီးတော့ မေတ္တာသုတ်မှာ

တိဋ္ဌံစရံ နိသိန္နောဝ၊

သယာနော ယာဝတာဿ ဝိတမိဒ္ဓေါ ဆိုတဲ့

ဂါထာလေး ရှိပါတယ်။

အဓိပ္ပာယ်ကတော့ မေတ္တာပွားတဲ့အခါမှာ ရပ်ပြီးပဲ ပွားပွား။ သွားပြီးပဲပွားပွား၊ ထိုင်ပြီးပဲပွားပွား၊ အိပ်ပြီးပဲ ပွားပွား ကြိုက်တဲ့ဣရိယာပုထ်နဲ့ ပွားလို့ရပါတယ်တဲ့။ ထိုင်ပွားလို့ ညောင်းလာရင် အိပ်ပြီးပွားလို့ ရသလို … လမ်းသွားရင်း ကားစီးနေရင်းလည်း ပွားနေလို့ရပါတယ်တဲ့။



ဝင်လေထွက်လေ အာနာပါနကမ္မဋ္ဌာန်းမှာတော့ နိသီဒတိ ပလ္လင်္ကံ အာဘုဇိတွာ ဥဇုံကာယံ ပဏိဓာယ စသည်ဖြင့် တင်ပလ္လင်ခွေထိုင်ပါ၊ အထက်ပိုင်းကိုယ်ကို ဖြောင့်အောင်ထားပါ စသည်ဖြင့် ဣရိယာပုထ် သတ်မှတ်ချက် စည်းကမ်း ရှိပါတယ်။ မေတ္တာမှာတော့ ဣရိယာပုထ် သတ်မှတ်ချက် မရှိပါဘူးတဲ့။ ကြိုက်တဲ့ဣရိယာပုထ်နဲ့ ပွားလို့ ရပါတယ်တဲ့။

ဒါက အချိန်သီးခြား မပေးနိုင်ဘဲ အလုပ်နဲ့ တွဲသွားချင်သူတွေအတွက် ဟောပြထားတာပါ။ ကိုယ်က မေတ္တာနဲ့ပတ်သက်လို့ အချိန်သီးခြားပေးပြီး လုပ်ချင်တယ် ဆိုရင်တော့ ထိုင်ပြီး မျက်လုံးကလေးမှိတ်ပြီး ပွားတာက တော့ အကောင်းဆုံးပေါ့။

ဝိပဿနာတရားကို အကြောင်းကြောင်းကြောင့် အားမထုတ်နိုင်သေးရင်တောင် ဘဝကို ငြိမ်းငြိမ်းချမ်းချမ်း လေး နေသွားဖို့ မေတ္တာကို ဝတ်တစ်ခုအနေနဲ့ ပွားသွားရင် အကောင်းဆုံးပါပဲ။ အလွန်ဆုံးကြာရင် မိနစ်နှစ်ဆယ်ပေါ့။

မေတ္တာပွားတယ်ဆိုတာ စိတ်ရဲ့အလုပ်ပါ။ မေတ္တာပွားရင်းပွားရင်းနဲ့ ကြာလာတဲ့အခါ ကိုယ့်ရဲ့ စိတ်ဓာတ်ကလေးတွေဟာ မြင့်မြတ်သထက် မြင့်မြတ် လာပြီး စိတ်ထားမြင့်မြတ်တဲ့လူသားတစ်ယောက် ဖြစ်လာ မှာပါ။ လောကမှာ စိတ်ထား မြင့်မြတ်သူဖြစ်ဖို့ ဆိုတာ အတော်မလွယ်တဲ့ကိစ္စပါ။ မေတ္တာပွားရင်းနဲ့ စိတ်ထား

www.burmeseclassic.com



မြင့်မြတ်သူဖြစ်အောင် လုပ်ယူလို့ ရပါတယ်။

ဒီလောက်ဆို မေတ္တာနဲ့ပတ်သက်လို့ အသင့်အတင့် ပြည့်စုံလောက်ပါပြီ။ (၉)ဂဏန်းကို ရွေးတာတော့ မဟုတ်ပါဘူး။ တိုက်တိုက်ဆိုင်ဆိုင် (၉)ဂဏန်းဖြစ်တဲ့ မေတ္တာအတွေးများ(၉)မှာပဲ နိဂုံးချုပ်ရင်း တိုက်တွန်းမေတ္တာစကားလေးပါ ဆိုလိုက်ပါရစေ။ မနက်စောစော အိပ်ရာထ ကိုယ်လက်သန့်စင်ပြီးတိုင်း ဆယ့်ငါးမိနစ်လောက်တော့ နေ့စဉ်ပွားပါ။ မေတ္တာမပွားခင် ဂုဏ်တော်လေးကို နှစ်မိနစ်လောက် အရင်ပွားပါ။ ဥပမာ – အရဟံ= ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား၊ အရဟံ = ကိလေသာကင်းစင်တော်မူသော မြတ်စွာဘုရား၊ အရဟံ = ဆိတ်ကွယ်ရာအရပ်၌ပင် မကောင်းမှုကို ပြုတော်မမူသော မြတ်စွာဘုရားလို့ အရဟံဂုဏ်တော်လေးကို ပွားလို့လည်း ရပါတယ်။ ဆယ်မိနစ်ကို မေတ္တာပွားပါ။ မေတ္တာပွားပြီးရင် ကျန်နေတဲ့သုံးမိနစ်ကို ဝင်လေ ထွက်လေပဲဖြစ်ဖြစ်၊ ဖောင်းတယ် ပိန်တယ်ပဲဖြစ်ဖြစ် ဝိပဿနာပွားပါ။ ဆယ့်ငါးမိနစ်ဆိုတာ တကယ်တော့ ဘာမှလည်းမကြာလှပါဘူး။

မေတ္တာပွားပုံ အစဉ်လေးကိုလည်း မှတ်မိသွားအောင် သီးခြားထုတ်ပြလိုက်ပါတယ်။

ဂုဏ်တော်, မေတ္တာ, ဝိပဿနာ သုံးခုကို ဆယ့်ငါးမိနစ်လောက် နေ့စဉ်ပွားရင်း လတွေ,နှစ်တွေ ကြာလာတဲ့အခါ စိတ်နဲ့ရုပ် တစ်ခုခုမှာ ဒါမှမဟုတ် နှစ်ခုလုံးမှာ တစ်စုံ



တစ်ရာ ထူးခြားမှု ရှိလာမှာဖြစ်သလို ဘဝနဲ့ယှဉ်တဲ့ ဆုံးဖြတ်ချက်တွေမှာလည်း အမှန်တရားနဲ့ တဖြည်းဖြည်း နီးစပ်လာမှာပါ။ ပြီးတော့ နိဗ္ဗာန်နဲ့လည်း ပိုပိုနီးလာမှာပါပဲလေ။

အလင်းတန်းဂျာနယ်

၄-၄-၂၀၀၅

www.burmeseclassic.com

www.burmeseclassic.com



# မေတ္တာပွားပုံအစဉ်

မိမိချစ်သူ၊ လယ်လတ်သူနှင့်၊ ရန်သူတစ်ဖြာ၊
မြတ်မေတ္တာ ပွားကာစဉ်တိုင်းသိ။

၁။ ငါသည် ဘေးရန်ကင်းရပါလို၏၊
စိတ်ဆင်းရဲ ကင်းရပါလို၏၊
ကိုယ်ဆင်းရဲ ကင်းရပါလို၏၊
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် မိမိရဲ့ခန္ဓာဝန်ကို
ရွက်ဆောင်နိုင်ရပါလို၏။

၂။ ငါ၏အမေ, (အဖေ, သားသမီး, ဆရာသမား,
အလုပ်ရှင်, သူငယ်ချင်း စသည်)
ဘေးရန်ကင်းပါစေ၊
စိတ်ဆင်းရဲ ကင်းပါစေ၊
ကိုယ်ဆင်းရဲ ကင်းပါစေ၊
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် မိမိရဲ့ခန္ဓာဝန်ကို
ရွက်ဆောင်နိုင်ပါစေ။
ငါ၏အလုပ်ရှင် ( ........... )သည်
ဘေးရန်ကင်းပါစေ၊
စိတ်ဆင်းရဲ ကင်းပါစေ၊
ကိုယ်ဆင်းရဲ ကင်းပါစေ၊
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် မိမိရဲ့ခန္ဓာဝန်ကို

BURMESE CLASSIC .com



ရွက်ဆောင်နိုင်ပါစေ။
(ကိုယ်ချစ်ခင်ကြည်ညိုရာ တစ်ယောက်ချင်းစီ
ကုန်အောင်ပွားပါ။ ချစ်ခင်တဲ့မိတ်ဆွေတွေ များနေလို့
ရှေ့ဆက် မတက်နိုင်သေးရင်လည်း ကိစ္စမရှိပါဘူး။
ဆယ့်ငါးယောက်ရှိရင် ဆယ့်ငါးယောက်လုံးပေါ့။)

၃။ မချစ်မမုန်း အလယ်အလတ်ဖြစ်သော ( ........... )
ဘေးရန်ကင်းပါစေ၊
စိတ်ဆင်းရဲ ကင်းပါစေ၊
ကိုယ်ဆင်းရဲ ကင်းပါစေ၊
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် မိမိရဲ့ခန္ဓာဝန်ကို
ရွက်ဆောင်နိုင်ပါစေ။

၄။ ငါ၏ရန်သူဖြစ်သော ( ........... )သည်
ဘေးရန်ကင်းပါစေ၊
စိတ်ဆင်းရဲ ကင်းပါစေ၊
ကိုယ်ဆင်းရဲ ကင်းပါစေ၊
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် မိမိရဲ့ခန္ဓာဝန်ကို
ရွက်ဆောင်နိုင်ပါစေ။
(ပို့လို့ရရင် ပို့ပါ၊ မရရင်ကျော်လိုက်ပါ)

* * * * *

www.burmeseclassic.com

www.burmeseclassic.com



(သဗ္ဗသင်္ဂါဟိက မေတ္တာ)

၁။ အရပ်ဆယ်မျက်နှာနေ အားလုံးသောသတ္တဝါတွေ
ဘေးရန်ကင်းကြပါစေ။
စိတ်ဆင်းရဲ ကင်းကြပါစေ၊
ကိုယ်ဆင်းရဲ ကင်းကြပါစေ၊
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် မိမိတို့ခန္ဓာဝန်ကို
ရွက်ဆောင်နိုင်ကြပါစေ။

* * * * *

(တိကမေတ္တာဘာဝနာ)
ကြီးငယ်တိုရှည်၊ ဆူကြုံလို၊ အလည်သုံးဆင့်နှော။

၁။ ခန္ဓာကိုယ်ကြီးသော သတ္တဝါတွေ
ခန္ဓာကိုယ်ငယ်သော သတ္တဝါတွေ
ခန္ဓာကိုယ် မကြီးမငယ် အလယ်အလတ်ဖြစ်သော
သတ္တဝါတွေ
ဘေးရန်ကင်းကြပါစေ၊
စိတ်ဆင်းရဲ ကင်းကြပါစေ၊
ကိုယ်ဆင်းရဲ ကင်းကြပါစေ၊
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် မိမိတို့ခန္ဓာဝန်ကို
ရွက်ဆောင်နိုင်ကြပါစေ။

၂။ ခန္ဓာကိုယ်တိုသောသတ္တဝါတွေ
ခန္ဓာကိုယ်ရှည်သော သတ္တဝါတွေ



ခန္ဓာကိုယ် မတိုမရှည် အလယ်အလတ်ဖြစ်သော
သတ္တဝါတွေ
ဘေးရန်ကင်းကြပါစေ၊
စိတ်ဆင်းရဲ ကင်းကြပါစေ၊
ကိုယ်ဆင်းရဲ ကင်းကြပါစေ၊
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် မိမိတို့ခန္ဓာဝန်ကို
ရွက်ဆောင်နိုင်ကြပါစေ။

၃။ ခန္ဓာကိုယ်ဆူဖြိုးသော သတ္တဝါတွေ
ခန္ဓာကိုယ်ကြုံလှီသော သတ္တဝါတွေ
ခန္ဓာကိုယ် မဆူမဖြိုး မကြုံမလှီ အလယ်အလတ်
ဖြစ်သော သတ္တဝါတွေ
ဘေးရန်ကင်းကြပါစေ၊
စိတ်ဆင်းရဲ ကင်းကြပါစေ၊
ကိုယ်ဆင်းရဲ ကင်းကြပါစေ၊
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် မိမိတို့ခန္ဓာဝန်ကို
ရွက်ဆောင်နိုင်ပါကြစေ။

* * * * *

(ဒုကမေတ္တာ ဘာဝနာ)
မြင် မမြင်ရေး၊ နီးအဝေး၊ ဒွန်တွဲယှက်၍ပေသော။
သမ္ဘဝေ ပဝတ္တိ၊ ကြောက်ခြင်း ရှိ၊ မရှိ နှစ်ချင်းဟာ။

www.burmeseclassic.com



၁။ ငါမြင်ဖူးသော သတ္တဝါတွေ
ငါ မမြင်ဖူးသော သတ္တဝါတွေ
ဘေးရန်ကင်းကြပါစေ၊
စိတ်ဆင်းရဲ ကင်းကြပါစေ၊
ကိုယ်ဆင်းရဲ ကင်းကြပါစေ၊
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် မိမိတို့ခန္ဓာဝန်ကို
ရွက်ဆောင်နိုင်ကြပါစေ။

၂။ ငါ၏အနီးမှာရှိနေကြသော သတ္တဝါတွေ
ငါ၏အဝေးမှာရှိနေကြသော သတ္တဝါတွေ
ဘေးရန်ကင်းကြပါစေ၊
စိတ်ဆင်းရဲ ကင်းကြပါစေ၊
ကိုယ်ဆင်းရဲ ကင်းကြပါစေ၊
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် မိမိတို့ခန္ဓာဝန်ကို
ရွက်ဆောင်နိုင်ကြပါစေ။

၃။ ပဋိသန္ဓေတည်ဆဲသတ္တဝါတွေ (ဝါ) အမိဝမ်းတွင်းမှာ
ကိန်းနေကြတဲ့ သတ္တဝါတွေ
ပဝတ္တိပုဂ္ဂိုလ်တွေ (ဝါ) အမိဝမ်းအပြင်ဘက်ကို
ရောက်နေကြတဲ့ သတ္တဝါတွေ
ဘေးရန်ကင်းကြပါစေ၊
စိတ်ဆင်းရဲ ကင်းကြပါစေ၊



ကိုယ်ဆင်းရဲ ကင်းကြပါစေ၊
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် မိမိတို့ခန္ဓာဝန်ကို
ရွက်ဆောင်နိုင်ကြပါစေ။

၄။ ကြောက်ခြင်းရှိသော ပုထုဇဉ်၊ သောတာပန်၊
သကဒါဂါမ် ပုဂ္ဂိုလ်တွေ
ကြောက်ခြင်းမရှိသော အနာဂါမ် ရဟန္တာပုဂ္ဂိုလ်တွေ
ဘေးရန်ကင်းကြပါစေ၊
စိတ်ဆင်းရဲ ကင်းကြပါစေ၊
ကိုယ်ဆင်းရဲ ကင်းကြပါစေ၊
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် မိမိတို့ခန္ဓာဝန်ကို
ရွက်ဆောင်နိုင်ကြပါစေ။

* * * * *

*"အလင်းတန်းစာဖတ်ပရိသတ်အားလုံး စိတ်ကော
ရုပ်ကော ချမ်းသာကြပါစေ"*

အလင်းတန်းဂျာနယ်
၂၅-၄-၂၀၀၅

www.burmeseclassic.com

www.burmeseclassic.com



<u>ကျမ်းကိုး</u>

၁။ ဝိသုဒ္ဓိမဂ် မြန်မာပြန်-ပထမတွဲ
(မဟာစည်ဆရာတော်ဘုရားကြီး)

၂။ ပရမတ္ထသရူပဘေဒနီကျမ်း-ဒုတိယတွဲ
(မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး)

၃။ မေတ္တာဖွင့်အကျယ်လက်စွဲကျမ်း
(စံကျောင်းဆရာတော်ဘုရားကြီး)

၄။ မေတ္တာပါရဂူကျမ်း
(အရှေ့ပရက္ကမဆရာတော်ဘုရားကြီး)

၅။ မေတ္တာသုတ်မြန်မာဋီကာ
(ရွှေဟင်္သာဆရာတော်ဘုရားကြီး)

၆။ ဗြဟ္မဝိဟာရတရားတော်
(မဟာစည်ဆရာတော်ဘုရားကြီး)

၇။ ပရိတ်ကြီးနိဿယသစ်
(သပြေကန်ဆရာတော်ဘုရားကြီး)

၈။ ဟောစဉ်တရားတော်များ-ပထမတွဲ
(မင်းကွန်းတိပိဋက ဆရာတော်ဘုရားကြီး)

၉။ မေတ္တာဝါဒ (ဗြဟ္မဝိဟာရအဖွင့်)
(ဓမ္မာစရိယ ဦးဌေးလှိုင်)

၁၀။ ဒါနနှင့်ဝိပဿနာ
(သဒ္ဓမ္မရံသီဆရာတော်ဘုရားကြီး)

၁၁။ မေတ္တာတရား တိတ်ခွေ
(အရှင်သောဘိတာဘိဝံသ - ချမ်းမြေ့)

၁၂။ မေတ္တာသုတ်အဖွင့်
(ဦးသုခ)



မဗ္ဗရဝေ ဓမ္မစာပေပြန့်ပွားရေးထာဝရပဒေသာပင်

## ဓမ္မဒါနအလှူရှင်များ

| | | |
|---|---|---|
| ၁။ | အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ) | ၁,၄၀၀,၀၀၀ |
| ၂။ | ဦးရိန်ဝင်း + ဒေါ်ခင်ချိုဦး<br>(တက်လမ်းဆောက်လုပ်ရေး) | ၁,၀၆၀,၀၀၀ |
| ၃။ | ကိုစိုးနိုင် + မစိမ့်ဟန်နီ<br>(ဇီဝမိုးပွဲရုံနှင့် စိမ့်ရတနာဆိုင်) | ၆၄၀,၀၀၀ |
| ၄။ | ဦးခင်မောင်အေး + ဒေါ်ခင်စောမူ<br>(ပရင့်ဆက်ဟိုတယ်) | ၅၀၀,၀၀၀ |
| ၅။ | ဦးစိုးကြီး(ကွမ်းယာ)+ဒေါ်ညွန့်ရီ(မြိတ်မြို့) | ၅၀၀,၀၀၀ |
| ၆။ | ဦးအောင်ဇော် + ဒေါ်နုန်းကျော့<br>(ဩစတြေးလျ) | ၄၅၀,၀၀၀ |
| ၇။ | ဦးအောင်မြင့် + ဒေါ်သုခ<br>(အောင်သုခမြန်မာထမင်းဆိုင်) | ၄၀၀,၀၀၀ |
| ၈။ | Dr. အောင်နိုင် + Dr. ဖြူဖြူဝင်း | ၄၀၀,၀၀၀ |
| ၉။ | ဦးမောင်မောင်စိုး + ဒေါ်မဉ္ဇူ<br>သား ခန့်ကြွယ်စိုး၊ သမီး စုလဲ့ဖြူ | ၄၀၀,၀၀၀ |
| ၁၀။ | ကိုအေးထွန်း+မချောစု၊သမီးထွန်းအိန္ဒြာစုံ<br>(ခ)ဂုံဂုံ၊ သားဟိန်းမြတ်ထွန်း(ခ)ကောင်းချစ်၊(ဖျာပုံ) | ၃၅၀,၀၀၀ |
| ၁၁။ | ဘိုကလေးမြို့တရားနာအလှူရှင်များ | ၃၅၀,၀၀၀ |
| ၁၂။ | ဦးမျိုးမြင့် + ဒေါ်မြင့်မြင့်သိန်း<br>(စိန်မျှားဆေးပေါ့လိပ်) | ၃၅၀,၀၀၀ |
| ၁၃။ | Dr. ထူးမောင်အုန်း+ဒေါ်ခင်မေအုံကြီး<br>(U . S . A) | ၃၀၀,၀၀၀ |

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| ၁၄။ | ကိုအောင်ထွန်းသိန်း + မလွင်မာအောင် သား မင်းသန့်ကျော် (အောင်သပြေဆေးဆိုင်၊ ဈေးချို၊ မန္တလေး) | ၃၀၀,၀၀၀ |
| ၁၅။ | ဖခင် ဦးမောင်မောင်အား အမှူးထား၍ ဦးသန့်ဇင်ဦး + ဒေါ်လှဲလှဲ | ၂၅၀,၀၀၀ |
| ၁၆။ | ဦးဝင်းမြင့် + ဒေါ်ခင်သန်းလှ | ၂၅၀,၀၀၀ |
| ၁၇။ | ဗိုလ်မှူးကြီးမင်းလှအောင် + ဒေါ်ကြူကြူမာ | ၂၅၀,၀၀၀ |
| ၁၈။ | ဦးညွန့်ဝင်း + ဒေါ်ခင်နီလာမြင့် သားမောင်ရဲခေါင်ဦး၊သမီးမတာရာမြတ်မိုရ် (စာပေလောက-၆) | ၂၁၀,၀၀၀ |
| ၁၉။ | ကိုချိုတူး + မပုံ့ပုံ့(မန္တလေး) | ၂၀၀,၀၀၀ |
| ၂၀။ | ကိုမျိုးထက်ညွှန့် + မကြည်ကြည်စန်း၊ သားမျိုးဆက်ပိုင်၊ ဇော်မျိုးဆက် (ဖျာပုံ) | ၂၀၀,၀၀၀ |
| ၂၁။ | ဦးအောင်ကိုကို + ဒေါ်ခင်ခင်ဦး သမီးမမျိုးမြတ်လင်း (ဘိုကလေး) | ၂၀၀,၀၀၀ |
| ၂၂။ | ဦးကျော်စိုး+ဒေါ်မိမိခိုင် (မြိတ်မြို့) | ၂၀၀,၀၀၀ |
| ၂၃။ | ဗိုလ်ကြီးကျော်ရဲထွန်း+ဒေါ်ခိုင်ခိုင်ဝါ မင်္ဂလာဦးအလှူ (မြိတ်မြို့) | ၂၀၀,၀၀၀ |
| ၂၄။ | ဦးရဲမြင့်ဆွေ + ဒေါ်တင်တင်ဝင်းမိသားစု | ၁၇၅,၀၀၀ |
| ၂၅။ | လွန်းထားထား (ဆေးတက္ကသိုလ်) | ၁၅၁,၀၀၀ |
| ၂၆။ | ဒေါ်တင်ရီ(ပေါင်းတည်) | ၁၅၀,၀၀၀ |
| ၂၇။ | (ဦးဟုတ်ယုံ)+ဒေါ်ကျင်လှ သား(Capt:)ကိုဌေးမြင့် | ၁၅၀,၀၀၀ |
| ၂၈။ | မယဉ်မျိုးမျိုးအေး (Costume Designer) | ၁၅၀,၀၀၀ |
| ၂၉။ | စာအုပ်ချုပ် ဦးမြင့် + ဒေါ်လှလှအေး | ၁၅၀,၀၀၀ |



| | | |
|---|---|---|
| ၃၀။ | ဦးလေးမောင်အားရည်စူး၍ဇနီးဒေါ်ယဉ်မြင့် | ၁၄၀,၀၀၀ |
| ၃၁။ | ဒေါ်ကြွေကြွေ+ဒေါ်အေးအေးမြင့်+ ဒေါ်စိမ်းစိမ်းရည် (မန္တလေး) | ၁၃၀,၀၀၀ |
| ၃၂။ | ကွယ်လွန်သူ ဒေါ်သန်းသန်း (စကာပူ) | ၁၃၀,၀၀၀ |
| ၃၃။ | ကွယ်လွန်သူဖခင်ကြီးဗိုလ်မှူးသူရ (B.I.A + B.P.F) နှင့် မိခင်ကြီးဒေါ်ခင်ရီ၊ သားကြီးမောင်သူရိန်တို့အား ရည်စူး၍ ဦးကိုကိုကြီး + ဒေါ်မေသန်းမြင့် | ၁၂၀,၀၀၀ |
| ၃၄။ | ဒေါက်တာစောင်းအေး၊ မမိုးစပါယ်အေး (ခေတ္တ U.S.A) (၃.၁.၀၄) | ၁၁၀,၀၀၀ |
| ၃၅။ | ဦးဝင်းသန်းသောင်း + ဒေါ်တင်တင်ရွှေ သားရန်မျိုးအောင်၊ သမီးထက်သဉ္ဇာအောင် | ၁၁၀,၀၀၀ |
| ၃၆။ | ဦးသိန်းအေး + ဒေါ်လှဲလှဲ၊ သမီးယမင်းထက် | ၁၀၀,၀၀၀ |
| ၃၇။ | မဝင်းပပချယ်ရီထွေး(ခေတ္တ–Japan) | ၁၀၀,၀၀၀ |
| ၃၈။ | ဦးအောင်သန်းဝင်း(ခေါ်)မိုးကြီး+ဒေါ်နီနီမာ | ၁၀၀,၀၀၀ |
| ၃၉။ | ဦးကျော်ခ + ဒေါ်စူး (တောင်ငူ) | ၁၀၀,၀၀၀ |
| ၄၀။ | ဦးဇော်မောင်အုံးနှင့် (တူ)ထွန်းဝင်းလှ | ၁၀၀,၀၀၀ |
| ၄၁။ | ဒုဗိုလ်မှူးကြီးဇင်ဝေသိမ်း+ဒေါ်ခင်ခင်ဝင်း | ၁၀၀,၀၀၀ |
| ၄၂။ | ဗိုလ်မှူးဟန်တင် + ဒေါ်စန်းစန်းလေး သမီးဒေါက်တာနွယ်နီဟန်တင် | ၁၀၀,၀၀၀ |
| ၄၃။ | ဦးထွန်းအောင် + ဒေါ်ခင်ရီ | ၁၀၀,၀၀၀ |
| ၄၄။ | ဦးစိန်ဝင်း+ဒေါ်ဖြူဖြူအေး၊ သားကုဋေအောင် ကုဋေအောင်ဟိုတယ် ( ပုဂံ ) | ၁၀၀,၀၀၀ |
| ၄၅။ | ပိုင်ဇေရဲထွန်း + သဲသဲ | ၁၀၀,၀၀၀ |
| ၄၆။ | ရုပ်ရှင်သရုပ်ဆောင် နိုင်းနိုင်းမိသားစု | ၁၀၀,၀၀၀ |

www.burmeseclassic.com

www.burmeseclassic.com



၄၇။ ဦးတင်ဝင်းသျှင်+အကယ်ဒမီဒေါ်ခင်လေးသိမ့် ၁၀၀,၀၀၀
သမီးကြည်ဖြူသျှင် – နရွှေရည်

၄၈။ ဦးဝင်းခင်+ဒေါ်မြင့်မြင့်ကြည်၊ သား ၁၀၀,၀၀၀
သရုပ်ဆောင်ကျော်ရှိန်း၊ ဗိုလ်ကြီးမျိုးဇော်ဝင်း၊
သမီးသဉ္ဇာဝင်းခင်၊ သရုပ်ဆောင်ပပဝင်းခင်

၄၉။ ဦးသက်လွင် + ဒေါ်ကြည်ကြည်ဝင်း၊ ၁၀၀,၀၀၀
မြသီရိ မိသားစု

၅၀။ ဦးစိုးစိုး+ဒေါ်သီဂီဝင်း၊ သားမောင်ဇော်ထွန်း ၁၀၀,၀၀၀
သမီး မစန္ဒီထွန်း

၅၁။ ဦးဝိုင်စိန် + ဒေါ်ထွေးသိန်း မိသားစု ၁၀၀,၀၀၀
(ကျောက်တံခါးမြို့)

၅၂။ ဗိုလ်မှူးကြီးမောင်အုံး(ငြိမ်း)+ဒေါ်ခင်စိုး ၁၀၀,၀၀၀

၅၃။ ဦးကျော်ခင် + ဒေါ်မွေးမွေးမိသားစု ၁၀၀,၀၀၀
( Decoland Co.Ltd )

၅၄။ ဦးစိုးနိုင် + ဒေါ်သီသီအောင် ၁၀၀,၀၀၀
သားမောင်ဘုန်းနိုင်မိသားစု

၅၅။ Diary Queen မိသားစု ၁၀၀,၀၀၀

၅၆။ မောင်ကျော်ကျော်စိုး + မညီညီလွင် ၁၀၀,၀၀၀

၅၇။ ဒေါ်မွေးမွေးကြည်၊ သားမောင်ကောင်းကျော် ၁၀၀,၀၀၀
(U.S.A)

၅၈။ ဦးဟုန် + ဒေါ်သန်းလှ ၁၀၀,၀၀၀
သမီးဒေါ်ခင်ခင်ဦး၊ သားမျိုးဇော်ဦး

၅၉။ ဒေါက်တာနွယ်နွယ်ဦး ( U.K ) ၁၀၀,၀၀၀

၆၀။ ဒေါက်တာကျော်ကျော်မိုး + မခင်မိုးဆမ်း ၁၀၀,၀၀၀

၆၁။ ပါမောက္ခချုပ် ဦးမင်းသန်းသောင်း(ငြိမ်း)+ ၁၀၀,၀၀၀



ဒေါ်ခင်ခင်ခ

၆၂။ ဦးမြင့်စိုး+ဒေါ်မူမူစိုး၊ သမီးနေခြည်မြင့်စိုး၊ ၁၀၀,၀၀၀
သော်တာမြင့်စိုး

၆၃။ ဦးဟန်တင်+ဒေါ်ကြည်စိန်၊ သမီးခင်ခင်စိုး၊ ၁၀၀,၀၀၀
ဈေးအနောက်–ပွဲစားတန်း၊ (မိတ္ထီလာ)

၆၄။ ဦးစိုး+ဒေါ်ခင်မေမိသားစု ၁၀၀,၀၀၀
(အောင်စိုးမိုးဆန်စက်) ဝေါမြို့

၆၅။ မိခင်ကြီး Dr.ဒေါ်လှကြည်အားရည်စူး၍ ၁၀၀,၀၀၀
ဦးထွဋ်ထွဋ်၊ ဒေါ်ချိုချိုစန်း၊ သက်လင်းထွဋ်၊
ခင်နွယ်ထွဋ်

၆၆။ ကိုစိုးလွင် + မမိုးမိုးစိုး၊ ၁၀၀,၀၀၀
သားစည်သူဝင်းထွဋ် (ဝေါ)

၆၇။ ဒေါ်အေးအေးဝင်း ၁၀၀,၀၀၀

၆၈။ မကေသီ (Yangon Air Way) ၁၀၀,၀၀၀

၆၉။ ကိုအောင်ကျော်ဆင့်+မနှင်းငွေရည် ၁၀၀,၀၀၀
(မြကြာငုံစာပေ)

၇၀။ ဦးသောင်းလှ+ဒေါ်တင်ရွှေ၊ ၉၀,၀၀၀
သမီးမမိုမို(ဖျာပုံ)

၇၁။ ဒေါ်ခင်စောတင့် ၈၀,၀၀၀

၇၂။ ကိုသန့်ဇော် + မနုနုအောင်(ဖျာပုံ) ၇၀,၀၀၀

၇၃။ ကိုခင်ဇော် + မမိုးသူ၊ ၇၀,၀၀၀
သား ဟန်သုတ(လက်ပန်ကျေးရွာ)

၇၄။ ကိုတိုးလွင်+ မကေသီခိုင် သားလွင်ကိုဦး ၇၀,၀၀၀

၇၅။ ဦးစံမင်း + ဒေါ်မာလာဝင်း [illegible]၀,၀၀၀
(NEW DAY – ကာလာခွဲ)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



၇၆။ ဒုရဲအုပ်အောင်သိန်း နှင့် ဦးတင်ထွန်းအောင် ၇၀,၀၀၀
အောင်သက်

၇၇။ ဒေါက်တာနေမျိုးအောင်+မခင်စိုးစိုးသင်း ၆၃,၀၀၀

၇၈။ ကိုကျော်သူ + မရွှေစီးကွက် ၆၀,၀၀၀

၇၉။ ဦးမောင်မောင်လွင်+ဒေါ်မြမြသိန်း(ခ) ၅၅,၀၀၀
မမော်မော်၊ သားမောင်ကျော်ဇင်ဟိန်း

၈၀။ ဖခင်ဦးလေးမောင်အားရည်စူး၍ ၅၅,၀၀၀
မအေးစံပယ်၊ မယုဇနနှ (ရန်ကင်း)

၈၁။ ဒေါက်တာကျော်သိန်း+ဒေါ်နန်းဥမ္မာရီ၊ ၅၀,၀၀၀
သမီး နန်းရတနာသိန်း

၈၂။ မငွေးငွေးမွန်၊မခိုင်ခိုင်စိုး(ညောင်လေးပင်) ၅၀,၀၀၀

၈၃။ ပဲခူးယ်ကုန်းဆရာတော် ၅၀,၀၀၀

၈၄။ ဦးသိန်းထိုက်ဦး + ဒေါ်မျိုးမျိုးမင်း
သမီး ဇေဇင်ဦး(မဃလုလင်သက်န်းတိုက်) ၅၀,၀၀၀

၈၅။ (ဦးအောင်သန်း) + ဒေါ်တင်ရီ (ဖျာပုံ) ၅၀,၀၀၀

၈၆။ ဦးအောင်ကြည် + ဒေါ်ခင်ပြုံး (ဖျာပုံ) ၅၀,၀၀၀

၈၇။ ဒေါ်ခင်ခင်သိန်း ၅၀,၀၀၀

၈၈။ ဦးရဲထွန်း + ဒေါ်သင်္ဂီဇင် ၅၀,၀၀၀

၈၉။ ဦးဝင်းနိုင် + ဒေါ်ချိုချို သမီး သီရိရွှေစင် ၅၀,၀၀၀

၉၀။ ဦးကျင်တိတ် + ဒေါ်ကျင်ဖွမ် (မန္တလေး) ၅၀,၀၀၀

၉၁။ ဦးခင်အောင် + ဒေါ်ကြည်ကြည်သက် ၅၀,၀၀၀

၉၂။ ဒေါ်ခင်မေဦး၊ ဒေါ်မြင့်သန်း ၅၀,၀၀၀

၉၃။ ကိုထွန်းထွန်းလင်း ၅၀,၀၀၀

၉၄။ မမြမြအေး (ဈေးချို၊ မန္တလေး) ၅၀,၀၀၀

၉၅။ ဦးလွင်သိန်း + ဒေါ်တင်အေး၊ ၅၀,၀၀၀



သမီး အိအိအေး၊ သား မောင်ပိုင်စိုး၊
နေလစာပေ

၉၆။ မရတနာဖြိုး Golden Princess Fashion ၅၀,၀၀၀
Yuzana Plaza

၉၇။ ဦးသန်းစိန် + ဒေါ်ခင်ဝင်းမြင့် မိသားစု ၅၀,၀၀၀

၉၈။ ကိုထွန်း + ငြိမ်းငြိမ်း၊ သား - သားထူး ၅၀,၀၀၀
ပရင့်ဆက်ဟိုတယ်

၉၉။ ဦးထွန်းသိန်းအား ရည်စူး၍ ဒေါ်သဲရွှေ ၅၀,၀၀၀

၁၀၀။ ကိုနိုင်အေး+မငွေဇာဖူး၊ သားမောင်သုတဇော် ၅၀,၀၀၀
မောင်စွမ်းပြည့်နိုင်မိသားစု

၁၀၁။ ကိုအောင်အောင်+မသန္တာလွင်၊ ၅၀,၀၀၀
သားကျော်ဒေးယျ (မန္တလေး)

၁၀၂။ ဗိုလ်မှူးဝဏ္ဏ+မနွယ်နွယ်ဝင်း၊ ၅၀,၀၀၀
သမီးသင်းဝဏ္ဏနွယ်၊ နှင်းဝဏ္ဏနွယ်မိသားစု

၁၀၃။ ဦးမျိုးချစ်+ဒေါက်တာညိုညိုဝင်း၊ ၅၀,၀၀၀
သားပြည်သိမ်းနိုင်မိသားစု

၁၀၄။ ဒေါ်ဘေဘီ+ဒေါ်ရွှေနီ(အရိုးအထူးကုဆေးရုံကြီး) ၅၀,၀၀၀

၁၀၅။ ခမ္မဗျူဟာ-ဒေါ်ခင်လှတင် ၅၀,၀၀၀
ဒေါ်ညိုညိုလွင် (ခမ္မဗျူဟာမိသားစု)

၁၀၆။ ဦးစံညိမ်း+ဒေါ်ခင်သက်တင်၊ သားသမီးမြေး ၅၀,၀၀၀
မောင်စစ်သွေးအောင်မိသားစုကောင်းမှု

၁၀၇။ ဒေါက်တာစိုးမိုးသက်+မကြည်ကြည်သင်း ၅၀,၀၀၀

၁၀၈။ ဒေါက်တာအောင်ချို + ဒေါ်သီတာဦး၊ ၅၀,၀၀၀
သမီး မခိုင်စံရီ မိသားစု

၁၀၉။ ဖခင်ဦးလေးမောင်အားရည်စူး၍ ၅၀,၀၀၀

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| | ကိုကျော်ကျော်မိုး + မမှုမှုမြင့် (မန္တလေး) | |
| | သမီး စိမ်းလဲ့မိုး၊ အေးချစ်စု | |
| ၁၁၀။ | ဦးညက်စိုး+ဒေါ်တင်မမ၊ | ၅၀,၀၀၀ |
| | သား မောင်တင်ကျော်စိုး | |
| ၁၁၁။ | ဦးကျော့ရှင် + ဒေါ်ခင်ခင်ဇော | ၅၀,၀၀၀ |
| ၁၁၂။ | ဦးကျော်အေး + ဒေါ်ခေးခေး(ဖျာပုံ) | ၄၅,၀၀၀ |
| ၁၁၃။ | မြန်မာ့တံခွန် ဆန်စပါးရောင်းဝယ်ရေး(ဖျာပုံ) | ၄၀,၀၀၀ |
| ၁၁၄။ | ဒေါ်နှင်းကြည်၊ မြေးသက်မွန်အေး | ၄၀,၀၀၀ |
| ၁၁၅။ | ဒေါက်တာစိုးလွင်+ဒေါ်လှလှချော | ၄၀,၀၀၀ |
| ၁၁၆။ | ဦးရောင်ဟိ+ဒေါ်ကြူ(သမီး)မမိုးမိုး၊မရူဝါ | ၄၀,၀၀၀ |
| ၁၁၇။ | ကိုခိုင်ဝင်း + မခင်အေးမွန် | ၄၀,၀၀၀ |
| ၁၁၈။ | ဗိုလ်ကြီးထွန်းလင်း(ငြိမ်း) + ဒေါ်စန္ဒာသင်ကျော် | ၃၆,၀၀၀ |
| ၁၁၉။ | မစိုးစိုးအေး (စိုးစိုး – အပ်ချုပ်ဆိုင်) | ၃၆,၀၀၀ |
| ၁၂၀။ | ဦးသန်းမြင့် + ဒေါ်ခင်ကြွေ၊ | ၃၆,၀၀၀ |
| | (သမီး) မနုနုလှိုင်၊ မဝါဝါလှိုင်(အင်းမ) | |
| ၁၂၁။ | အဖွားခင်နှင့် မြေး မွန်မွန် | ၃၅,၀၀၀ |
| ၁၂၂။ | ဗိုလ်မှူးခင်ဇော်မိုး + မယဉ်မင်းသိမ့် | ၃၃,၀၀၀ |
| ၁၂၃။ | ဒု–ဗိုလ်မှူးကြီးကျော်မြင့်+ဒေါ်ချိုချိုအေး | ၃၂,၀၀၀ |
| ၁၂၄။ | မိုမို (ဆေးတက္ကသိုလ်) | ၃၀,၀၀၀ |
| ၁၂၅။ | ဒေါ်ဝင်းမြင့်၊ သား မောင်ဟန်ဝင်း | ၃၀,၀၀၀ |
| ၁၂၆။ | ဦးကျော်ဇောလှ + ဒေါ်ချယ်ရီကြွယ် | ၃၀,၀၀၀ |
| ၁၂၇။ | Dr. ဦးမြအောင်+Dr. ဒေါ်ခင်အေးသီ | ၃၀,၀၀၀ |
| ၁၂၈။ | ဦးယောသက(သုခပဋိပဒါ သဒ္ဓမ္မရံသီ) | ၃၀,၀၀၀ |
| ၁၂၉။ | ဦးအေး+ဒေါ်တင်ကြည်(သမီး)၊ ဒေါ်မြမြအေး | ၃၀,၀၀၀ |
| ၁၃၀။ | မခင်ဖြူဖြူစိုး (ဝေါ) | ၃၀,၀၀၀ |



| | | |
|---|---|---|
| ၁၃၁။ | မယင်းမာမြင့်သိန်း | ၃၀,၀၀၀ |
| ၁၃၂။ | ကိုမျိုးမြင့်အောင် + မဂန္ဓမာ | ၃၀,၀၀၀ |
| | သမီးရူပါမျိုးမြင့် (မန္တလေး) | |
| ၁၃၃။ | ဦးသိန်းအောင် + ဒေါ်ဝင်းစိန် (မန္တလေး) | ၃၀,၀၀၀ |
| ၁၃၄။ | ကိုဝင်းတင့်နိုင်နှင့် ကိုသူရိန်ဝင်းကျော် | ၃၀,၀၀၀ |
| | +မရွှေစင်ဝင်း | |
| ၁၃၅။ | မရတနာဖြိုး + မအိအိဝင်း | ၃၀,၀၀၀ |
| | Golden Princess Fashion | |
| ၁၃၆။ | ဦးသန်းလှိုင် + ဒေါ်မေရီရှိန် | ၃၀,၀၀၀ |
| ၁၃၇။ | ဗိုလ်မှူးကြီးတင်ဦး + ဒေါ်ခင်မေသန်း | ၃၀,၀၀၀ |
| ၁၃၈။ | ဒေါ်မြင့်မြင့် (ဘားအံ) | ၃၀,၀၀၀ |
| ၁၃၉။ | (ဦးကျင့်ဟော်)+ဒေါ်ကျင်မြင့် [ရွှေဟသ်ာ၊ | ၃၀,၀၀၀ |
| | လှ္ဘာက်ခြောက်မိသားစု] (သထုံမြို့) | |
| ၁၄၀။ | ဦးအောင်ထွန်း+ဒေါ်မြင့်မြင့်အေး | ၃၀,၀၀၀ |
| | (တောင်ကြီးမြို့) | |
| ၁၄၁။ | ဦးလှမြင့်+(ဒေါ်ခင်ယုံ)မိသားစု | ၃၀.၀၀၀ |
| ၁၄၂။ | မွန်အရှင်ကရုဏာရတန (ဘီလူးကျွန်း) | ၃၀,၀၀၀ |
| ၁၄၃။ | ဦးမောင်မြ + ဒေါ်မြမြဟန် | ၃၀,၀၀၀ |
| ၁၄၄။ | ဦးသိန်းထွန်း+ဒေါ်ရီရီ၊ မလင်းလင်းခိုင်၊ | ၃၀,၀၀၀ |
| ၁၄၅။ | စိုင်းဆိုင်ဝမ်း+မထားထားဖြူ (တောင်ကြီး) | ၃၀,၀၀၀ |
| ၁၄၆။ | ဒေါက်တာမိမိကြွယ်(ကြွယ်ကြွယ်အထည်ဆိုင်) | ၃၀,၀၀၀ |
| | (တောင်ကြီး) | |
| ၁၄၇။ | ကိုကျော်ဝင်း+မနန်းဝင်း၊ သမီးခန့်ခန့်ဂျူး၊ | ၃၀,၀၀၀ |
| | အိငုံခင် (မိတ္ထီလာ) | |
| ၁၄၈။ | ဒေါ်စန်းရီ (သဒ္ဓမ္မရံသီရိပ်သာ) | ၃၀,၀၀၀ |

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| ၁၄၇။ | ဒေါ်နွယ်နွယ်ဝါ (မော်လမြိုင်) | ၃၀,၀၀၀ |
| ၁၄၈။ | ဦးစန်းလွင်ဦး+ဒေါ်နန်းဆိုင်ဖူးမိသားစု | ၃၀,၀၀၀ |
| ၁၄၉။ | ဦးမျိုးဇော်ဝင်း+မသီတာဝင်း၊ သားသားဇော်လင်းထက်(ပဲခူး) | ၃၀,၀၀၀ |
| ၁၅၀။ | ကိုညီထွေးအောင်(ဘိုတထောင်) | ၃၀,၀၀၀ |
| ၁၅၁။ | ဦးမြင့်ဆွေ+ဒေါ်ချိုချိုအေး၊ သားမောင်ဘုန်းမြတ်သူ၊သမီးမပန်းနုခင်မိသားစု | ၃၀,၀၀၀ |
| ၁၅၂။ | မောင်ဝင်းထင်ကိုကို | ၃၀,၀၀၀ |
| ၁၅၃။ | ဦးစံကြီး+ဒေါ်ရွှေတင်၊ မြတ်ဇီဝစတိုး(အင်းမ) | ၃၀,၀၀၀ |
| ၁၅၄။ | ဖခင်ရဲမှူးကြီးဝင်းခေါင်(ဆရာထက်ခေါင်)+ မိခင်ဒေါ်နန်းချောချောခင်တို့အားအမှူးထား၍ သမီးစိုးစိုးထက် ( လေယာဉ်မယ် - ရန်ကုန်လေကြောင်းလိုင်း) | ၃၀,၀၀၀ |
| ၁၅၅။ | မစန်းစုစုဇော်၊ မမြမာလာ | ၂၆,၀၀၀ |
| ၁၅၆။ | Dr.စန်းအောင် + ဒေါ်မူမူ သမီး ခင်နီလာအောင်၊Dr.ခင်လဲ့လဲ့အောင် | ၂၅,၀၀၀ |
| ၁၅၇။ | ဒေါ်စန်းညိုနှင့် သမီးများ (ဖျာပုံ) | ၂၅,၀၀၀ |
| ၁၅၈။ | ကိုအောင်အောင် + မရီရီခိုင်၊ သား ကောင်းမင်းဆက် (ဖျာပုံ) | ၂၅,၀၀၀ |
| ၁၅၉။ | ဒေါ်ဒေစီဟုန်စိန် | ၂၅,၀၀၀ |
| ၁၆၀။ | ဒေါ်တင်တင်၊ သမီး ဒေါ်သုခဝတီ သားကိုဇော်အောင်+မမိုးမြင့်သူ၊ မြေးကဲကောင်းလေး (အကယ်ဒမီကြွေကျိုးချွတ်ဆေး (မန္တလေး)မိသားစု) | ၂၅,၀၀၀ |
| ၁၆၁။ | ဒေါ်မူမူစိုးနှင့်ညီအစ်မများ (ဘမရငွေစာရင်း) | ၂၁,၂၂၀ |

## ၂၀၀၄ ခုနှစ်ဓမ္မဗိမာန်စာပေ ပထမဆုနှင့် ဆန်းလွင်စာပေ ပထမဆုရ

"မင်္ဂလာသုတ်ကို ဓမ္မပုံဝတ္ထု ဖွင့်ဆိုချက်၊သုံးသပ်ချက်၊အတွေးအခေါ်၊ဝိပဿနာ စသည်တို့နှင့် အတူ လက်တွေ့ကျင့်သုံးနိုင်ရေးကိုအထူးဦးတည်လျက်ဆယ်ကျော်သက်ညီငယ်ညီမငယ်များ နားလည်နိုင်မယ့် မြန်မာစကားပြေသက်သက် အရေးအသားနဲ့ ကြိုးစားရေးပြထားပါတယ်"

# မင်္ဂလာအတွေးများ

## ရဝေနွယ်(အင်းမ)

အလင်းတန်းဂျာနယ်တွင် ဖော်ပြခဲ့သော ဓမ္မအတွေးဆောင်းပါးများ၊

www.burmeseclassic.com